# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 11 March 2021 ၁၀၃၁၃


## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် United League of Arakan(ULA/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၃.၃.၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၀)ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ United League of Arakan(ULA/ Arakan Army(AA)လက်နက်ကိုင်အဖွဲ့သည် အကြမ်းဖက်လုပ်ငန်းများကို ပြုလုပ်ခြင်းမရှိတော့သဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တည်ဆောက်ရန်အတွက်လည်းကောင်း ယင်းအဖွဲ့အား ၂၀၂၁ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့မှစ၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# (၁၁)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (11th AMOM) ကျင်းပ

**နေပြည်တော် မတ် ၁၀**

(၁၁)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 11th ASEAN Military Operation Meeting (11th AMOM) ကို Online Video Conferencing စနစ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

**ပါဝင်ဆွေးနွေး**

အဆိုပါ Video Conferencing တွင် မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံမှ Brigadier General Haji Abdul Razak bin Haji Abdul Kadir နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ကမ္ဘောဒီးယားနိုင်ငံမှ Major General Pen Sokrethvithyea နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှားနိုင်ငံမှ Major General Tiopan Aritonang နှင့်ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုနိုင်ငံမှ Brigadier General Sonethong Keolokham နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားနိုင်ငံမှ Major General Hashim bin Aman Shah နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်နိုင်ငံမှ Major General Edgardo Y. De Leon နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူနိုင်ငံမှ Brigadier General Ho Kum Luem နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းနိုင်ငံမှ Lieutenant General Chitchanok Nujjaya နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ်နိုင်ငံမှ Major General Nguyen Duc Can နှင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆွေးနွေးကြသည်။

ဦးစွာ 11th ASEAN Military Operation Meeting (11th AMOM) ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်မှ Brigadier General Haji Abdul Razak bin Haji Abdul Kadir က အဖွင့်မိန့်ခွန်း ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


# အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား ရေလုပ်သားများအား တပ်မတော်မှ စစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာပြန်လည်ခေါ်ဆောင်နိုင်ခဲ့

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲကြုံတွေ့နေရသော အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သားများကိုသွားရောက်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာ့တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီးကျော်လင်းဇော်ဦးဆောင်သော စစ်ရေယာဉ်(တပင်ရွှေထီး)သည် မတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား(သီလဝါ)မှ အိန္ဒိယနိုင်ငံသို့ စတင်ထွက်ခွာခဲ့သည်။

စစ်ရေယာဉ် (တပင်ရွှေထီး)သည် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းရှိ ပို့ဘလဲယား (Port Blair) ဆိပ်ကမ်းသို့ မတ် ၇ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပြီး မတ် ၈ ရက်တွင် မြန်မာနိုင်ငံသား


စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒




အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား ရေလုပ်သားများအား စစ်ရေယာဉ်(တပင်ရွှေထီး)ပေါ်မတက်မီ ကိုယ်အပူချိန်တိုင်းတာခြင်း ဆောင်ရွက်နေစဉ်။

ကြေးမုံ

# ပြည်သူပြည်သားများအပေါ်တွင် ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ကူညီ

တပ်မတော်သည် တိုင်းရင်းသားပြည်သူအားလုံးတို့အပေါ်တွင် ရင်ဝယ်သားကဲ့သို့ တန်းတူထားကာ စောင့်ရှောက်ကူညီပေးလျက်ရှိသည်။ နိုင်ငံအတွင်း အေးချမ်းစွာ နေထိုင်ကြသော ပြည်သူပြည်သားများအပေါ်တွင် မည်သည့်အခြေအနေတွင်မျှ၊ မည်သည့်အခါတွင်မှ ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ဆက်ဆံခြင်း မပြုလုပ်ခဲ့ပေ။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ထာဝစဉ်ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့သာအမိ၊ ပြည်သူ့သာအဖစိတ်ထားဖြင့် စောင့်ရှောက်ကူညီပေးလျက်ရှိသည်။

ပြည်တွင်းတွင် အေးချမ်းစွာရပ်တည်နေထိုင်လုပ်ကိုင်နေကြသော ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ကြပြီး ဒုက္ခအခက်အခဲရောက်နေကြသော မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများကိုလည်း ကယ်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ မတ်လ ၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မလေးရှားနိုင်ငံတွင်ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၆ ဦးအား တပ်မတော်ရေယာဉ်ဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပထမဆုံးအကြိမ် တပ်မတော်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် တပ်မတော်၏ ထူးခြားသောဆောင်ရွက်ချက်ဖြစ်သလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အောင်မြင်မှုမှတ်တိုင်တစ်ခုလည်းဖြစ်သည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပြန်လာရန်အခက်အခဲကြုံတွေ့နေသည့် ပြည်ပရောက် မြန်မာနိုင်ငံသား ရေလုပ်သားများအား အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လမ်းညွှန်ခဲ့သည်။

လမ်းညွှန်ချက်အရ အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကရင်တိုင်းရင်းသား ၁၅ ဦး၊ ရခိုင်တိုင်းရင်းသား ၁၅ ဦး၊ ဗမာလူမျိုး ၄၀ စုစုပေါင်း မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် အိန္ဒိယနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံပြီး မတ်လ ၉ ရက်နေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယား (Port Blair) ရေတပ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာခဲ့ရာ မတ်လ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ချောမောစွာ ပြန်လည်ရောက်ရှိလာခဲ့သည်။ အဆိုပါ မြန်မာနိုင်ငံသားများ နေရပ်ပြန်နိုင်ရေးအတွက် သက်သေခံလက်မှတ် ထုတ်ယူထားရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးအောင်မြင်ပြီးဖြစ်သည်။

တပ်မတော်အနေဖြင့် ယခင်အစိုးရလက်ထက်တွင် ပြည်ပရောက် မြန်မာနိုင်ငံသားများအား ခေါ်ယူနိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့သော်လည်း ခွင့်ပြုချက်မရရှိသဖြင့် ပြန်လည်ခေါ်ယူနိုင်ခြင်းမရှိဘဲ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများမှာ ပြည်ပနိုင်ငံများတွင် အချိန်ကြာမြင့်စွာ ဒုက္ခဆင်းရဲခံကာ နေထိုင်ခဲ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပထမအကြိမ်အဖြစ် မလေးရှားနိုင်ငံတွင် ဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူ ၁၀၈၆ ဦးနှင့် ယခု အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် ရောက်ရှိခဲ့ကြသည့် မြန်မာတိုင်းရင်းသားပြည်သူ ၇၀ တို့ကို တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။ ဆက်လက်၍ ပြည်ပနိုင်ငံများတွင် ဒုက္ခအခက်အခဲရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လာလိုကြသော နိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ပေးဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသော တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကင်းစင်ရေး၊ ၎င်းတို့၏ မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကိုပါ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပြည်ပရောက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား ပြန်လည်ခေါ်ယူခဲ့ရာတွင် လမ်းခရီးတစ်လျှောက်၌ လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သောကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ပေးမှုတို့မှအစ တပ်မတော်သည် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်သည် အေးချမ်းစွာနေထိုင်လုပ်ကိုင်ကြသော တိုင်းရင်းသားပြည်သူများအပေါ်တွင် ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ကူညီပေးလျက်ရှိပြီး တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်လျက်ရှိသော ဆူပူလှုပ်ရှားကြသူများကိုသာ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူပြည်သားများအပေါ်တွင် ဘာသာ၊ လူမျိုး၊ အဆင့်အတန်းမခွဲခြားဘဲ စေတနာအပြည့်အဝထားပြီး ကာကွယ်စောင့်ရှောက်ကူညီပေးလျက်ရှိသည်ကို တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်မှုဖြစ်စဉ်များနှင့် ယခု ပြည်ပရောက် အခက်အခဲဖြစ်နေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ပေးမှုများဖြင့် အောင်မြင်စွာ သက်သေပြနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးလျက်ရှိသည်များကို (၇၆) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖော်ညွှန်းတင်ပြလိုက်ရပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၀-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၃၀ | ၂၈၂,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၇ | ၂၅,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၄.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၈.၈၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၂၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၃၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၂၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၆.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၀.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဆူပူဆန္ဒပြမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

မြန်မာ့အားကစားများအား စနစ်ကျပြီး အဆင့်မီသည့် အားကစားများဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် နယ်စပ်ဂိတ်အားလုံးနီးပါးအား ဖွင့်လှစ်ခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ပြီး အာမခံချက်ရှိသည့် လူမှုစီးပွားဘဝရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင် ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၇ ဦးအား တပ်မတော်ရေယာဉ်များဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် မိမိတို့ကောင်စီ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



(၁၁)ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 11th ASEAN Military Operation Meeting (11th AMOM) ကျင်းပစဉ်။

❂ ရှေ့ဖုံးမှ

ထို့နောက် "စစ်ဘက်ဆိုင်ရာ စုစည်းပူးပေါင်းဆောင်ရွက်ရေးအတွက် ဂရုပြုပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper towards an Integrated ASEAN Military Cooperation)" အပေါ် အမြင်များအား နိုင်ငံအလိုက် အလှည့်ကျဆွေးနွေးကြသည်။ ဆက်လက်၍ အာဆီယံတပ်မတော်များ၏ နှစ်နှစ်လုပ်ငန်း စီမံချက်အား ဆွေးနွေးအတည်ပြုခြင်း အပါအဝင် အခြားကိစ္စရပ်များအား ဆွေးနွေးကြသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် (11th AMOM) ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်မှ Brigadier General Haji Abdul Razak bin Haji Abdul Kadir က အပိတ်မိန့်ခွန်းပြောကြားပြီး 12th ASEAN Military Operation Meeting (12th AMOM) ကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယား တပ်မတော်မှ Major General Pen Sokrethvithyea ထံသို့ ဥက္ကဋ္ဌတာဝန်များအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက်ကမ္ဘောဒီးယားတပ်မတော်မှ Major General Pen Sokrethvithyea က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ် ပထမ(၃)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမ(၃)လပတ် လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ ပါဝင်တက်ရောက်ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

# လယ်ယာကဏ္ဍတစ်ခုလုံး၏ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ ထိရောက်စွာရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း



**နေပြည်တော် မတ် ၁၀**
လယ်ယာကဏ္ဍတစ်ခုလုံး၏ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ ထိရောက်စွာရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၁၅) ၌ ကျင်းပသည်။

**စီမံဆောင်ရွက်သွားမည်**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၏ စီးပွားရေး အသွင်သဏ္ဌာန်ပြောင်းလဲမှုဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေးကိုပါ အဓိကထား စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော်ရာ၌ သီးနှံသားငါးထုတ်လုပ်မှုသာမက ကုန်ချောအဆင့်အထိ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံးအတွက် အကျုံးဝင်မည့် အစီအမံများကို စီမံကိန်းများတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် နောင်တိုးပွားလာမည့် လူဦးရေ သန်းတစ်ရာခန့်၏ စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ဖူလုံရေးအတွက် ဆန်စပါး အပါအဝင် အဓိကသီးနှံ သားငါးများထုတ်လုပ်မှုဆိုင်ရာ ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရေး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသများအကြားရှိ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းသွားစေရန် လယ်ယာကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများတွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ယင်းသို့ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက ပါဝင်နေသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ နိုင်ငံတကာ ငွေကြေးထောက်ပံ့မှု အစီအစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်အညီ လိုအပ်သည့် စီမံကိန်းများရရှိအောင် ညှိနှိုင်းဆောင်ရွက်ရေး၊ အထောက်အပံ့ချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများအား သွက်လက်မြန်ဆန်စွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရေး၊ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် ထုတ်လုပ်မှုပုံစံများ ပြောင်းလဲကျင့်သုံးရေး၊ မိုးရွာသွန်းမှု သိသာစွာလျော့နည်းခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ ဆည်ရေလှောင်တမံများ ဝင်ရေသိုလှောင်နိုင်မှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု လျော့နည်းကျဆင်းခဲ့ခြင်းအပေါ် ရေအနည်းလိုသီးနှံများနှင့် တန်ဖိုးမြင့်သီးနှံများ၊ မွေးမြူရေးလုပ်ငန်းများကို ပြောင်းလဲအစားထိုး လုပ်ကိုင်နိုင်ရေးနှင့် ကျေးလက်ဒေသလူမှုစီးပွားရေး တိုးတက်စေမည့် လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်မည့် အစီအမံများ ပါဝင်သည့် စီမံကိန်းများ ပြင်ဆင်ရေးဆွဲရေး၊ ဆည်တမံများရှိ ရေများနှင့် မြစ်ရေတင်များမှ ရေများကို အလေအလွင့်အနည်းဆုံးနှင့် အကျိုးရှိစွာ အသုံးပြုနိုင်မည့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)နှင့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဖွဲ့စည်းထားရှိမှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**
မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)နှင့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဖွဲ့စည်းထားရှိမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်ရေးရာကိစ္စရပ်များသည် နိုင်ငံတော်နှင့် မိသားစုများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်လုပ်ငန်းများ ဖြစ်ပါကြောင်း၊ မိသားစုများတွင် သားသမီးများသည် အနာဂတ်ဖြစ်သကဲ့သို့ လူငယ်များသည် မိမိတို့နိုင်ငံ၏ အနာဂတ်များ ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့်အတွက် မွန်မြတ်သည့် အလုပ်ကို လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လူငယ်ထုအင်အားမှာ နိုင်ငံတော်၏ စွမ်းအားစုများပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်နေတာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကို မိတ်ဆက်ဖြန့်ချိခဲ့ပြီးဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီအပါအဝင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်/မြို့နယ် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းထားရှိမှုများအပေါ် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရပ်နား၍မရပါကြောင်း၊ မိမိတို့အနေဖြင့် ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ မသန်စွမ်း၊ သက်ကြီးရွယ်အိုကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့်ဌာနဖြစ်ပါကြောင်း၊ လူငယ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)တို့၏ ရေးဆွဲဆောင်ရွက်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဖွဲ့စည်းထားရှိမှုများနှင့် ပြင်ဆင်ဖွဲ့စည်းရန်အတွက် အဆိုပြုဖွဲ့စည်းမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။



ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနခွဲများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မိုင်းရယ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းပိုင်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ

**မိုင်းရယ် မတ် ၁၀**
နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ မိုင်းရယ်မြို့နယ်အတွင်းရှိ နယ်စပ်ဒေသကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းပိုင်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် မိုင်းရယ်မြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဖြန့်ကျောက်/ကျောက်ချောလမ်းခင်းခြင်း(၁၀/၆)မိုင်အား နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၅၂ ဒသမ ၄၆၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး အဆိုပါလမ်းလုပ်ငန်းခွင်သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငွေကြယ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## (၁၈)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**နေပြည်တော် မတ် ၁၀**

(၁၈)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (18th ASEAN Senior Officials Responsible for Information and its related Meetings)ကို ယနေ့ နံနက်ပိုင်းက အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် အာဆီယံပြည်သူများအကြား ဒစ်ဂျစ်တယ် သိနားလည်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်သဘောတူညီချက်၊ အာဆီယံ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်ရာတွင် လူတန်းစားမရွေး အားလုံးပါဝင်အသုံးပြုနိုင်ရေး မူဘောင်သဘောတူညီချက်နှင့် (၁၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ ပူးတွဲကြေညာချက်တို့ကို အာဆီယံပြန်ကြားရေးဝန်ကြီးများထံသို့ တင်ပြ၍ သဘောတူညီချက်ရယူနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ အတည်ပြုချက်ရယူဆောင်ရွက်ခဲ့ကြသည့်အပြင် အာဆီယံ-ကိုရီးယားနိုင်ငံအကြား ရုပ်ရှင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ UAE နိုင်ငံ ဒူဘိုင်း၌ ကျင်းပမည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးပြပွဲ (World Expo 2021) နှင့်စပ်လျဉ်း၍ အစည်းအဝေးတွင် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းအစည်းအဝေးသည် မတ် ၁၂ ရက်တွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး(15th AMRI)အတွက် အကြိုအစည်းအဝေးအဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ်တွင် ကျင်းပသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ Theme အား "ASEAN: A Digital Community with Accessibility for All" (လူတိုင်းလှမ်းမီ ရပ်ဝန်းသည် အာဆီယံဒစ်ဂျစ်တယ်အသိုက်အဝန်းဆီ) ဟူ၍ သတ်မှတ်ထားသည်။

ယနေ့ ကျင်းပသည့် အစည်းအဝေးတွင် ဆွေးနွေးဖက် သုံးနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (6th SOMRI+3)နှင့် (၃) ကြိမ်မြောက် အာဆီယံ-ဂျပန်ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေး (3rd SOMRI + Japan) တို့ကို ထည့်သွင်းကျင်းပခဲ့ပြီး ယခုအခါ ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ခရီးသွားလာမှုများ ကန့်သတ်ချက်များရှိပါသဖြင့် အိမ်ရှင်ထိုင်းနိုင်ငံက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စီစဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

အဆိုပါ SOMRI အစည်းအဝေးများအား အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွား ခိုင်မာလာစေရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ နှစ်စဉ် ကျင်းပသည့် အာဆီယံပြန်ကြားရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးဆိုင်ရာ စီမံကိန်းများ၊ ဆက်စပ်သည့် အာဆီယံအစည်းအဝေးများမှ ဆုံးဖြတ်ချက်များနှင့် လက်ရှိလုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် စီမံကိန်းများလျာထားခြင်း၊ အာဆီယံပြန်ကြားရေး ဝန်ကြီးများအစည်းအဝေးတွင် အတည်ပြုမည့် အစီရင်ခံစာများ၊ လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ပြီး အကြံဉာဏ်များ ထပ်ဆောင်းထည့်သွင်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်လေ့ရှိသည်။

၂၀၂၂ ခုနှစ်တွင် (၁၉)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဖြူပုစွန်သားဖောက်စခန်းမှ ပုစွန်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

**ကျောက်ဖြူ မတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ်အတွင်း ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပုစွန်သားပေါက်စခန်းများအတွက် မျိုးပုစွန်များရရှိရန် ကမ်းဝေးငါးဖမ်းလှေများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ကျောက်ဖြူခရိုင် ကျောက်ဖြူပုစွန်သားဖောက်စခန်းမှ မတ် ၉ ရက်က ပုစွန်သားပေါက်ကောင်ရေ ၁၃ သိန်းကို ပေါက်တောမြို့နယ်ရှိပုစွန်မွေးမြူသူ ၁၀ ဦးအား ဖြန့်ဖြူး ရောင်းချပေးခဲ့သည်။ ကျောက်ဖြူပုစွန်သားဖောက်စခန်းအနေဖြင့် ယခုအချိန်အထိ စုစုပေါင်း သားပေါက်ကောင်ရေ သိန်း ၅၀ ထုတ်လုပ်ဖြန့်ဖြူးပြီးဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ပုစွန်မွေးမြူရေးကန်များသည် အများအားဖြင့် သဘာဝဖြည့်စွက်ကန်များဖြစ်ပြီး သဘာဝကန်ကျယ်မွေးမြူနည်းစနစ်ဖြင့် မွေးမြူကြသည်။ မွေးမြူသူများအနေဖြင့် ပုစွန်သားပေါက်ကို ထည့်နိုင်သလောက် ဖြည့်စွက်ထည့်ပြီး လစဉ်ရေထရက်တိုင်း တစ်နှစ်ပတ်လုံး ပြန်လည်ဖမ်းဆီးကြသဖြင့် မွေးကန်တစ်ကန်ထဲတွင် ထည့်နိုင်ပါက တစ်လ၊ နှစ်လလျှင် ပုစွန်သားပေါက်များ ထပ်မံထည့်သွင်းမွေးမြူကြကြောင်း၊ ပုစွန်သားဖောက်စခန်းအနေဖြင့် မွေးမြူသူများအား သားပေါက်များ ဖြန့်ဖြူးရောင်းချပေးနေသကဲ့သို့ သဘာဝ မြစ်ချောင်းရေပြင်များတွင်လည်း ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်းလုပ်ငန်းကိုလည်း နှစ်စဉ်ဆောင်ရွက်နေကြောင်း ကျောက်ဖြူပုစွန်သားပေါက်စခန်းတာဝန်ခံ ဦးရွှေကျော်အောင်ထံမှ သိရသည်။ **သတင်းစဉ်**



# အချင်းချင်းမညီညွတ်တဲ့အခါ...

ကနောင်

အိန္ဒိယကနေ ဆင်းသက်လာတဲ့ ရှေးဟောင်းနီတိပုံပြင်လေးတွေဟာ လူ့လောက သဘာဝတွေကို ဖော်ညွှန်းပြီး နေနည်းထိုင်နည်းတွေကို လက်ဆင့်ကမ်းပေးပါတယ်။ အဲဒီအထဲမှာ စာရေးသူအကြိုက်ဆုံးပုံပြင်တွေထဲက တစ်ပုဒ်ကတော့ ခြင်္သေ့နဲ့ တောဝက်ပုံပြင်ပဲ ဖြစ်ပါတယ်။ အင်အားကြီးမားကြီးသတ္တိနဲ့ပြည့်စုံတဲ့ ခြင်္သေ့နဲ့တောဝက်တို့ဟာ ရေအိုင်တစ်အိုင်မှာ ရေဆင်းသောက်ကြသတဲ့။ ရေသောက်ခါနီး တစ်ဦးနဲ့တစ်ဦး မည်သူက အင်အားကြီးမားတယ်ဆိုတာကို ငြိုင်ဆိုင်ပြောဆိုကြပါသတဲ့။ ဒီလိုငြင်းခုံနေတာကို ခပ်လှမ်းလှမ်း သစ်ပင်ကြီးတွေပေါ်မှာ စောင့်ဆိုင်းနေကြတဲ့ လင်းတတွေရှိသတဲ့။ အင်အားကြီးသူတွေဖြစ်တာကြောင့် သူတို့မသင့်မမြတ်ဖြစ်ကြရင်း တိုက်ခိုက်ကြတဲ့အခါ သူသေကိုယ်သေတိုက်ကြခိုက်ကြမှာမို့ သေဆုံးတဲ့အခါ အဆင်သင့်စားသုံးနိုင်အောင် စောင့်နေကြသူတွေပေါ့။ ဒါကို ဆင်ခြင်သုံးသပ်မိတဲ့အခါ ခြင်္သေ့နဲ့ တောဝက်တို့က အတူတကွအေးအေးချမ်းချမ်း ရေသောက်ပြီး သူတို့နေရာဒေသတွေကို ထွက်ခွာသွားကြပါတော့သတဲ့။

လောကကြီးမှာ အင်အားကြီးသူတွေအချင်းချင်း ပြိုင်ဆိုင်မှုပြင်းထန်လာတဲ့အခါ အသိဉာဏ်၊ ဆင်ခြင်တုံတရားနဲ့ မေတ္တာတရားအားကြီးသူတွေက အနိုင်ရတတ်ပါတယ်။ အဖြစ်အပျက် အကျိုးအကြောင်းကို မှန်မှန်ကန်ကန် မသုံးသပ်၊ မဝေဖန်၊ ဒုစရိုက်တရား အားထားသူတွေ၊ တရားဓမ္မနဲ့အညီ မနေထိုင်လိုသူတွေနဲ့ အမျက်စောင်းစောင်းထွက်နေတတ်သူတွေကို ဆရာတင်၊ အားထားနေကြမယ့် အဖွဲ့အစည်းတွေကတော့ အချိန်မတိုင်ခင် ပြိုလဲပျက်စီးရတတ်တာ လောကဓမ္မတာပါပဲ။

လက်ရှိမိမိတို့နိုင်ငံရေး အခြေအနေမှာဆိုရင်လည်း တိုင်းပြည်ပျက်စီးတဲ့အခါ လက်ခမောင်းခတ်နိုင်ဖို့ အသင့်စောင့်ဆိုင်းနေတဲ့ လင်းတလို အန္တရာယ်အသွယ်သွယ်တွေကို မြင်နေ၊ တွေ့နေ၊ ကြားနေရပါတယ်။ တိုင်းပြည်မတည်ငြိမ်၊ တရားဥပဒေ စိုးမိုးမှုမရှိဘဲ ဒုစရိုက်တရားတွေ ပျံ့နှံ့တော့မှသာ နိုင်ငံတစ်ခုပျက်သုဉ်းအောင် သို့မဟုတ် မိမိတို့နိုင်ငံကို လိုသလို ခြယ်လှယ်လို့ရအောင် ရည်ရွယ်နေတဲ့ မြှောက်ထိုးပင့်ကော် လုပ်နေကြသူတွေ ရှိနေပါတယ်။

**လက်ရှိမိမိတို့နိုင်ငံရေး အခြေအနေမှာဆိုရင်လည်း တိုင်းပြည်ပျက်စီးတဲ့အခါ လက်ခမောင်းခတ်နိုင်ဖို့ အသင့်စောင့်ဆိုင်းနေတဲ့ လင်းတလို အန္တရာယ် အသွယ်သွယ်တွေကို မြင်နေ၊ တွေ့နေ၊ ကြားနေရပါတယ်။ တိုင်းပြည်မတည်ငြိမ်၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဒုစရိုက်တရားတွေပျံ့နှံ့တော့မှသာ နိုင်ငံတစ်ခုပျက်သုဉ်းအောင် သို့မဟုတ် မိမိတို့နိုင်ငံကို လိုသလိုခြယ်လှယ်လို့ရအောင် ရည်ရွယ်နေတဲ့ မြှောက်ထိုးပင့်ကော် လုပ်နေကြသူတွေ ရှိနေပါတယ်။**

မိမိတို့နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံအချင်းချင်းမှာတောင် ထူးထူးခြားခြား ထေရဝါဒဗုဒ္ဓသာသနာတော်ကို ယုံကြည်သက်ဝင်ကိုးကွယ်ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက နိုင်ငံတော်ဘာသာဖြစ်ပေမယ့် အခြားဘာသာဝင်တွေ အသီးသီးကိုလည်း နေရာပေး၊ လေးစားအသိအမှတ်ပြုပြီး ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်တဲ့ နိုင်ငံမျိုးလည်း ဖြစ်ပါတယ်။

**CDM လုပ်နေကြတဲ့ မိတ်ဆွေအချို့ ကသောင်းကနင်းနဲ့ လူစုခွဲပြီး ပုန်းအောင်းနေကြရတယ်လို့ သတင်းကြားမိတယ်။ ဆောရီးလို့ လိုက်လိုက်လှဲလှဲ ပြောပေးရုံကလွဲပြီး စာရေးသူတို့ဘာမှ မတတ်နိုင်ပါဘူး။ အချိန်မလွန်ခင် နောက်ထပ်နောင်တမရဖို့ မှားယွင်းတဲ့လုပ်ရပ်တွေ မလုပ်မိစေဖို့ အသိတရားနဲ့ ထိန်းချုပ်စိစစ်ဝေဖန်သင့်ပါပြီ။ လူတိုင်းဟာ မှားတတ်ပါတယ်။ မှားမှန်းသိရင် ချက်ချင်းပြင်ဆင်ရမှာပါ။ မှားမှန်းသိသိနဲ့ ဆက်မှားနေမယ်ဆိုရင် လူမိုက်၊ မှားမှန်းသိသိနဲ့ ဆက်မှားဖို့ပဲ ကြိုးစားနေဦးမယ်ဆိုရင် လူယုတ်မာအဆင့် ရောက်ရှိနိုင်တယ်လို့ ဆရာတော်ကြီးတွေ ဆုံးမလေ့ရှိကြတာကိုလည်း သတိချပ်ဖို့ လိုပါတယ်။**

နီးစပ်ရာ ဥပမာတစ်ခုကိုပြရရင် ထိုင်းနိုင်ငံမှာ အာဏာအပြောင်းအလဲ မကြာခဏ ဖြစ်တတ်လေ့ရှိပါတယ်။ ဆန္ဒပြပွဲတွေ၊ ထောက်ခံပွဲတွေဟာ မကြာခဏကြုံတွေ့နေရတာ ဖြစ်ပါတယ်။ အဓိကရုဏ်းနှိမ်နင်းဖြေရှင်းရတဲ့ အကြိမ်အရေအတွက်ဆိုရင်လည်း မရေတွက်နိုင်လောက်အောင် များပြားခဲ့ရတာပါ။ သို့သော် ဆန္ဒပြပွဲက သတ်သတ်၊ အလုပ်ဌာနတွေ၊ ဈေးဆိုင်တွေ၊ ရှော့ပင်းမောလ်ကြီးတွေ၊ သယ်ယူပို့ဆောင်ရေးယန္တရားတွေစတဲ့ ပုံမှန်လည်ပတ်နေကျ လုပ်ငန်းတွေကလည်း သူ့ဟာသူလည်ပတ်နေတာကို မြင်တွေ့ရပါတယ်။ ပုံမှန်အလုပ်လုပ်နေတဲ့သူတွေကိုလည်း ပုတ်ခတ်စော်ကားနေတာမျိုး မရှိဘဲ ကိုယ့်ယုံကြည်ချက်၊ ခံယူချက်အတိုင်း ဆောင်ရွက်နေကြတာကို မြင်တွေ့ရပါတယ်။ ဘာသာရေး စော်ကားထိပါးမှုမျိုးကိုလည်း ဘယ်နေရာမှာမှ မမြင်တွေ့ရပါဘူး။

မိမိတို့နိုင်ငံမှာတော့ ပြီးခဲ့တဲ့ရက်က ထေရ်ကြီးဝါကြီးဆရာတော်တွေကို အွန်လိုင်းပေါ်မှာ အမျိုးမျိုးစော်ကားပြုမူနေကြတာ၊ ဝေဖန်နေကြတာ ကြားတွေ့ရတယ်။ ဒါတင်မကသေးဘူး၊ ဆန္ဒပြတဲ့အခါ အမျိုးသမီးလုံချည်တွေကို ကြိုးတန်းပြုလုပ်ပြီး အပေါ်မှာ ဆရာတော်၊ သံဃာတော်ပုံတွေကို ကပ်ထားကြတဲ့ မြင်ကွင်းတွေဟာ လူသားမဆန်တဲ့ လုပ်ရပ်၊ ယဉ်ကျေးမှုလုံးဝမရှိတော့တဲ့ လုပ်ရပ်တွေ၊ သာသနာတော်ညှိုးနွမ်းအောင် လုပ်ဆောင်နေတာတွေအဖြစ်ရှုမြင်ပါတယ်။ ဒါတွေကို သွေးထိုးမြှောက်ပင့်ပြီး လုပ်ဆောင်နေတဲ့သူတွေကိုလည်း ခွင့်မလွှတ်သင့်ပါဘူး။ ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးဖို့လိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

**ရိုးရိုးသားသားကျောင်းနေအရွယ် ဆယ်ကျော်သက်ကလေးတွေ၊ အညွန့်တလူလူနဲ့ အသက် ၂၀ ကျော်ကလေးတွေကို အတွေးအခေါ် အမှားတွေ ရိုက်သွင်း၊ လမ်းမပေါ်ထွက် အသေခံခိုင်းပြီး ဆောက်တည်ရာမရတဲ့အချိန် တစ်ဖက်နိုင်ငံတွေမှာ ကယ်ဆယ်ရေးစခန်းတွေဖွင့်ပြီး ကမ္ဘာပတ်အလှူရှင်ရှာပြီး ခေါင်းဆောင်တွေက ကောင်းစား၊ လူငယ်တွေကိုတော့ ဒုက္ခတွင်းနက်ထဲကို ဆွဲထည့်ကြမယ့် အရေးကိုလည်း အမြန်ဆုံး ရပ်တန့်က ရပ်သင့်ပါပြီ။**

တိုင်းပြည်အတွက် အရာအားလုံးကိုစွန့်လွှတ်စွန့်စားရဲတဲ့ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့ဖူးပါတယ်။ **“လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာရှိတယ်။ ဒါပေမယ့် ကိုယ့်ရဲ့လွတ်လပ်ခွင့်က သူတစ်ပါးကို မထိခိုက်ရဘူး။ ထိခိုက်ရင် ဒီမိုကရေစီမဟုတ်တော့ဘူး။ ရမ်းကားတာဖြစ်သွားပြီ”** တဲ့။ ကိုယ်နဲ့မတူ ကိုယ့်ရန်သူစိတ်ထားပြီး တိုက်ခိုက်နေတဲ့အခါ ဒီမိုကရေစီကနေ နောက်ပြန်ဆွဲ ကွန်မြူနစ်ဝါဒကိုရောက်မှန်းမသိရောက်နေကြရပြီဆိုတာ လူငယ်တွေကို သိစေချင်မိပါတယ်။

ရိုးရိုးသားသားကျောင်းနေအရွယ် ဆယ်ကျော်သက်ကလေးတွေ၊ အညွန့်တလူလူနဲ့ အသက် ၂၀ ကျော်ကလေးတွေကို အတွေးအခေါ်အမှားတွေ ရိုက်သွင်း၊ လမ်းမပေါ်ထွက် အသေခံခိုင်းပြီး ဆောက်တည်ရာမရတဲ့အချိန် တစ်ဖက်နိုင်ငံတွေမှာ ကယ်ဆယ်ရေးစခန်းတွေဖွင့်ပြီး ကမ္ဘာပတ်အလှူရှင်ရှာပြီး ခေါင်းဆောင်တွေက ကောင်းစား၊ လူငယ်တွေကိုတော့ ဒုက္ခတွင်းနက်ထဲကို ဆွဲထည့်ကြမယ့် အရေးကိုလည်း အမြန်ဆုံးရပ်တန့်က ရပ်သင့်ပါပြီ။

ဒီနေ့မှာ ဆူပူဆန္ဒပြသူတွေကို ဦးဆောင်သူတွေ၊ ဝန်ထမ်းတွေကို အတင်းအကျပ် ဖြားယောင်းသွေးဆောင်ပြီး CDM လှုပ်ရှားမှုတွေဖြစ်လာအောင် ဦးဆောင်ကြသူတွေ၊ အလှူငွေတွေလက်ခံပြီး ထောက်ပံ့ပေးနေကြသူတွေကိုလည်း ဖမ်းဆီးအရေးယူတာတွေ စတင်လုပ်ဆောင်နေပြီဆိုတာ အားလုံးသိကြမှာဖြစ်တဲ့အတွက် လူငယ်တွေ အချိန်မီ မိဘရင်ခွင်ကို ပြန်ကြဖို့လိုပါပြီ။ ရှောင်ရင်းတိမ်းရင်း အသက်စွန့်ကြမယ့်အစား မိမိဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် အသိပညာ၊ အတတ်ပညာတွေ ပိုမိုဖြည့်ဆည်းရင်း နိုင်ငံရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးကြဖို့ လိုအပ်နေပြီဆိုတာ လူငယ်အပေါင်းကိုလည်း မေတ္တာရပ်ခံလိုပါတယ်။

CDM လုပ်နေကြတဲ့ မိတ်ဆွေအချို့ ကသောင်းကနင်းနဲ့ လူစုခွဲပြီး ပုန်းအောင်းနေကြရတယ်လို့ သတင်းကြားမိတယ်။ ဆောရီးလို့ လိုက်လိုက်လှဲလှဲ ပြောပေးရုံကလွဲပြီး စာရေးသူတို့ဘာမှ မတတ်နိုင်ပါဘူး။ အချိန်မလွန်ခင် နောက်ထပ်နောင်တမရဖို့ မှားယွင်းတဲ့လုပ်ရပ်တွေ မလုပ်မိစေဖို့ အသိတရားနဲ့ထိန်းချုပ်စိစစ် ဝေဖန်သင့်ပါပြီ။ လူတိုင်းဟာ မှားတတ်ပါတယ်။ မှားမှန်းသိရင် ချက်ချင်းပြင်ဆင်ရမှာပါ။ မှားမှန်းသိသိနဲ့ ဆက်မှားနေမယ်ဆိုရင် လူမိုက်၊ မှားမှန်းသိသိနဲ့ ဆက်မှားဖို့ပဲ ကြိုးစားနေဦးမယ်ဆိုရင် လူယုတ်မာ အဆင့် ရောက်ရှိနိုင်တယ်လို့ ဆရာတော်ကြီးတွေ ဆုံးမလေ့ရှိကြတာကိုလည်း သတိချပ်ဖို့ လိုပါတယ်။

နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်လို့မရပါဘူး။ လက်ရှိ Political Equation မှာ ဘယ်သူက Dictate (အဓိကလုပ်ဆောင်ပေးနိုင်သူ) လုပ်နေသလဲဆိုတာထက် အမှန်တရား၊ အရှိတရားကို နားလည်လက်ခံဖို့လိုပါတယ်။ နိုင်ငံရေးဆိုတာ ကိုယ်လုပ်ချင်တာလုပ်လို့မရပါဘူး။ ပကတိအရှိတရားအပေါ်မှာ ပြည်သူတစ်ယောက်မှ မထိခိုက်အောင် ဒါမှမဟုတ် အနည်းဆုံးသော ထိခိုက်မှုမျိုးနဲ့ ပြည်သူအားလုံး လိုလားတောင့်တမှုကို ဖြည့်ဆည်းပေးနိုင်တာကသာ နိုင်ငံရေးအရည်အချင်း၊ နိုင်ငံရေးအမြင်ရှိတဲ့သူလို့ စာရေးသူကတော့ သတ်မှတ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းဖြောင့်တန်းဖို့ရာ အားလုံးပူးပေါင်းပါဝင်ပြီး ညီညီညွတ်ညွတ်နဲ့ ရှေ့ဆက်နိုင်မှသာ ခြင်္သေ့နဲ့တောဝက်ပုံပြင်ထဲကလို လင်းတလိုပုဂ္ဂိုလ်တွေရဲ့ရန်ကနေ ကင်းဝေးပြီး လိုရာခရီးကို ရောက်ရှိနိုင်ပါလိမ့်မယ်လို့ တိုက်တွန်းလိုပါကြောင်း။ ။



စစ်ရေယာဉ်(တပင်ရွှေထီး)ပေါ်တွင် မြန်မာ့အစားအစာများဖြင့် ကျွေးမွေးဧည့်ခံနေသည်ကို တွေ့ရစဉ်။



စစ်ရေယာဉ်(တပင်ရွှေထီး)ပေါ်တွင် ဖျော်ဖြေရေးများဖြင့် ဧည့်ခံဖျော်ဖြေနေသည်ကို တွေ့ရစဉ်။

**❒ အိန္ဒိယနိုင်ငံမှ**

ရေလုပ်သား ၇၀ ကို အိန္ဒိယနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံပြီး လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အဝတ်အစား၊ အသုံးအဆောင်များ ထောက်ပံ့ပေးခြင်း၊ စနစ်တကျ ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး မတ် ၉ ရက်တွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယား (Port Blair) ဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ရာ အသွားအပြန် ရေမိုင်ပေါင်း ၈၃၀ ခုတ်မောင်းခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိသည်။

စစ်ရေယာဉ် (တပင်ရွှေထီး)ဖြင့် ခေါ်ဆောင်လာခဲ့သော မြန်မာနိုင်ငံသားများကို လမ်းခရီးတစ်လျှောက် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအထောက်အကူပြုစေရန် ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ရေယာဉ်ပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်နေသည့် ဆရာဝန်နှင့် သူနာပြုများက ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်း၊ စိတ်အပန်းပြေစေရန် ဖျော်ဖြေရေးအစီအစဉ်နှင့် ရုပ်ရှင်ပြသပေးခြင်း၊ မုန့်ဟင်းခါး အပါအဝင် မြန်မာ့အစားအစာများဖြင့် ကျွေးမွေးဧည့်ခံခြင်းတို့ဆောင်ရွက်ပေးခဲ့သည်။



စစ်ရေယာဉ်(တပင်ရွှေထီး)ပေါ်တွင် နံနက်ပိုင်း ကျန်းမာရေးအတွက် ကာယလေ့ကျင့်ခန်းဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

ပြန်လည်ရောက်ရှိလာသော အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံသားများကို အလယ်ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထိန်ဝင်းနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။

ပြန်လည်ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများကို တပ်မတော်မှ ဖွင့်လှစ်ထားသော Quarantine Center များတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စနစ်တကျ စောင့်ကြည့်ထားရှိပြီးနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးကိုလည်း သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခုအချိန်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲ ဒုက္ခရောက်နေကြသော မြန်မာနိုင်ငံသား ၁၁၅၆ ဦးကို တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**☆ ကျောဖုံးမှ**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း ကားကူးဇက်ရေယာဉ်တစ်စင်းဖြင့် ပြေးဆွဲခဲ့ပြီး လက်ရှိအချိန်တွင် အဆိုပါယာဉ်ကူးတို့ခရီးလမ်း၌ ကုန်စည်နှင့် မော်တော်ယာဉ်များ သွားလာရေးအဆင်ပြေစေရေးအတွက် ကားကူးဇက်ရေယာဉ် နှစ်စင်းဖြင့် ရန်ကုန်(ဝါးတန်း)ဆိပ်ကမ်းမှ စတင်ထွက်ခွာချိန် နံနက် ၇ နာရီနှင့် ဒလဆိပ်ကမ်းမှ ညနေ ၆ နာရီ မိနစ် ၂၀ နောက်ဆုံးအချိန်ထိ အသွားခြောက်ခေါက်၊ အပြန် ခြောက်ခေါက် စုစုပေါင်း ၁၂ ခေါက်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြစ်ကို ဖြတ်သန်းတည်ဆောက်လျက်ရှိသော ကိုရီးယား-မြန်မာ(ချစ်ကြည်ရေး) ဒလမြစ်ကူးတံတားကြီး တည်ဆောက်ရေးလုပ်ငန်းများကို မြစ်လယ်၌ ဆောင်ရွက်လျက်ရှိရာ ကားကူးဇက်ရေယာဉ်သွားသောလမ်းကြောင်းသည် အဆိုပါတံတား တည်ဆောက်ရေး စီမံကိန်းဧရိယာမှ သတ်မှတ်ထားသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းမောင်းနှင်နေရခြင်းကြောင့် ခရီးသည်၊ မော်တော်ယာဉ်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီကားကူးဇက် လမ်းကြောင်းက ကုန်စည်နဲ့ မော်တော်ယာဉ်တွေကို ဦးစားပေး သယ်ယူပို့ဆောင်ပေးရတာဖြစ်တဲ့အတွက် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထားရပါတယ်။ မြစ်ထဲမှာ သင်္ဘောကြီးတွေ၊ ငါးဖမ်းသင်္ဘောတွေ၊ လှေငယ်တွေက ဝင်၊ ထွက်သွားလာကြတာရှိတဲ့အတွက် အန္တရာယ်ကင်းရှင်းအောင် မောင်းနှင်ရတယ်။ နောက်ပြီး ရန်ကုန်မြို့တွင်းမှာ လမ်းပိတ်တာ၊ လှိုင်သာယာ၊ ဘုရင့်နောင်ဘက်မှာ ယာဉ်လမ်းကြောင်း ပိတ်တာတွေရှိတဲ့အခါ ဒီကားကူးဇက်ကနေ အရေးပေါ်သွားလာနိုင်လို့ အဆင်ပြေတယ်။ ယာဉ်အများစုက ဒီဝါးတန်းကနေ ဒလဘက်ကို အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်တာလည်းပါတယ်။ မိုးရာသီကာလဆို လေကြီးမိုးကြီးအချိန်မျိုးပဲ အချိန်ပေးစောင့်ရတာရှိတယ်။ ပုံမှန်သွားလာနေကြတဲ့ယာဉ်မောင်းသူတွေက သိတယ်။ တချို့ အိမ်စီးကား အများစုက မသွားလာဖူးတော့ အချိန်ကြာတယ်လို့ ထင်ကြတာ။ မြစ်ထဲမှာ လမ်းကြောင်းရှင်းရင် မိနစ် ၂၀ ပဲကြာပါတယ်။ ကားကူးဇက်မှာ ပါလာတဲ့ ခရီးသည်တွေရဲ့ မော်တော်ယာဉ်တွေ အဆင်ပြေအောင် အကောင်းဆုံး ဝန်ဆောင်မှုပေးပါတယ်”ဟု RORO (IV) ကားကူးဇက်ရေယာဉ်မောင်းသူ တက်မကိုင် (၅) ဦးသီဟက ပြောသည်။

ရန်ကုန် ဝါးတန်း(ကီလီ) ဆိပ်ကမ်းမှ ဒလဆိပ်ကမ်းဘက်သို့ RORO(II)၊ RORO (III)၊ RORO (IV) အမည်ရှိ ဇက်ရေယာဉ် သုံးစင်းမှ နှစ်စင်းဖြင့် နေ့စဉ်ကူးတို့ပြေးဆွဲပေးလျက်ရှိသည်။ ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်အမျိုးမျိုးကို ရေကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက်ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တစ်ခုတည်းသော ကားကူးဇက်ဆိပ်တစ်ခုပင် ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(ပြန်/ဆက်)**

**❍ တရုတ်နိုင်ငံမှ**

အဆိုပါ မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၉၉ ဦးမှာ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၃၂ ဦးတို့ဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီးမှ ၂၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုးဦး၊ မကွေးတိုင်းဒေသကြီးမှ ၃၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ ခုနစ်ဦး၊ ကယားပြည်နယ်မှ လေးဦး၊ မွန်ပြည်နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်မှ ၁၁ ဦးတို့ ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ထားရှိပြီး ချင်းရွှေဟော်မြို့ နယ်မြေခံဆေးတပ်ဖွဲ့မှ ဆေးမှူး ဆရာဝန်နှင့်အဖွဲ့က Rapid Test Kit စနစ်ဖြင့် နှစ်ကြိမ်စစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိရကြောင်းသိရသဖြင့် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ သက်ဆိုင်ရာဒေသများသို့ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# အိန္ဒိယကနေ ပြန်လည်ရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားတွေကို သူတို့ရဲ့နေအိမ်တွေကို ချောချောမွေ့မွေ့ရောက်ရှိနိုင်အောင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စီမံအုပ်ချုပ်မှုကောင်စီနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်

**ဦးဒိုင်နိုဒါးယ်**

**တွေ့ဆုံမေးမြန်း - လင်းလတ်**
**ဓာတ်ပုံ - ခင်မောင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲ ကြုံတွေ့နေရသည့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်း( Port Blair Open Distress Camp)ရှိ မြန်မာနိုင်ငံသားများအား တပ်မတော်(ရေ) မှ စစ်ရေယာဉ် တပင်ရွှေထီးဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ရာ မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ရောက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။


ဒုတိယဗိုလ်မှူးကြီးဟန်စိုး


ဗိုလ်ကြီးဇေယျာမင်း


ဦးဝင်းအောင်


ဦးဒိုင်နိုဒါးယ်


ဦးမျိုးနိုင်

**ဒုတိယဗိုလ်မှူးကြီးဟန်စိုး (စစ်ရေယာဉ်မှူး၊ စစ်ရေယာဉ်တပင်ရွှေထီး)**

အိန္ဒိယနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ဖို့အတွက် တပ်မတော်(ရေ) အနေနဲ့ စီစဉ်တဲ့အခါမှာ စစ်ရေယာဉ်နဲ့ စက်မကြီးများဆိုင်ရာအပြင် ပြန်လည်ခေါ်ဆောင်ရေးကိစ္စရပ်များကိုပါ တစ်ပါတည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ရေယာဉ် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စက်မကြီးများနဲ့ မီးစက်ကြီးများ ကောင်းမွန်မှုရှိစေရေးတို့ကို ပြင်ဆင်ခဲ့ပါတယ်။

ဒါ့အပြင် နေရပ်ပြန်များ ထားရှိရေးအတွက် အခန်းများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အိပ်ရာနေရာ ထိုင်ခင်းများ ခင်းကျင်းပြင်ဆင်ခြင်း၊ စားသောက်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ဆေးတပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့များ စနစ်တကျ ဖွဲ့စည်းခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

စားသောက်ရေးအတွက်ကိုလည်း နံနက်စာ၊ နေ့လယ်စာ၊ ညစာများကို အချိန်မှန်စားသုံးနိုင်ရေး၊ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

နေရပ်ပြန်တွေက ဧရာဝတီတိုင်းဒေသကြီးက ၄၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးက တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးက တစ်ဦး၊ ရခိုင်ပြည်နယ်က ၁၅ ဦး၊ မွန်ပြည်နယ်က ၄ ဦး စုစုပေါင်း ၇၀ ဖြစ်ပါတယ်။

တပ်မတော်(ရေ)မှာ လူသားချင်းစာနာကူညီပေးရေးလုပ်ငန်းကို ဆောင်ရွက်ရတဲ့တာဝန်ရှိပါတယ်။ လူသားချင်းစာနာအကူအညီပေးရေးဆိုတဲ့ နေရာမှာ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း စတဲ့ သဘာဝဘေးအန္တရာယ်တွေ အပါအဝင် လှေနစ်မြုပ်ခြင်း စတာတွေကိုလည်း ကူညီကယ်ဆယ်ပေးရတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေအားလုံးဟာ လူသားချင်းစာနာကူညီပေးရေးလုပ်ငန်းထဲမှာ ပါဝင်တာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို တပ်မတော်(ရေ)အနေနဲ့ ထမ်းဆောင်ပါတယ်။

**ဗိုလ်ကြီးဇေယျာမင်း**
**(တပ်မတော်ဆေးတပ်ဖွဲ့)**

အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်ဖို့အတွက် တပ်မတော်(ရေ)စစ်ရေယာဉ် တပင်ရွှေထီးသင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ဖို့ ဆေးကာကွယ်ရေးအဖွဲ့အနေနဲ့ လိုက်ပါလာတာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်တဲ့နေရာမှာ အိန္ဒိယနိုင်ငံဘက်က ကိုဗစ်-၁၉ ရောဂါကို စစ်ဆေးပေးထားပြီး ဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့ သင်္ဘောပေါ်ရောက်တော့လည်း ကိုဗစ်-၁၉ ရောဂါရှိ မရှိ ထပ်မံစစ်ဆေးပါတယ်။ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးတော့မှ သင်္ဘောပေါ်ကို ခေါ်ဆောင်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေကို ခေါ်ဆောင်တဲ့ခရီးစဉ်တစ်လျှောက်မှာလည်း ကျွန်တော်တို့ ဆေးကာကွယ်ရေးအဖွဲ့က သူတို့ရဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်မှာ ကျန်းမာရေးစောင့်ရှောက်မှုတွေအနေနဲ့ ဆေးဝါးအလုံအလောက်ပါပါတယ်။ သင်္ဘောပေါ်မှာ ဆေးခန်းလည်းပါပါတယ်။ ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ်လာခဲ့ရင်လည်း အချိန်မီကုသပေးနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ မြန်မာနိုင်ငံ ပြန်ရောက်ရင်လည်း ရန်ကုန်မှာရှိတဲ့ ဘုရင့်နောင်တည်းခိုရေးနဲ့ စစ်ကြောရေးကွာရန်တင်းစင်တာမှာ ထားဖို့ ဆောင်ရွက်ထားပါတယ်။

**ဦးဝင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန)**

အိန္ဒိယနိုင်ငံမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်နေတဲ့ မြန်မာနိုင်ငံသားတွေကို နေရပ်ပြန်လာနိုင်ဖို့အတွက် သက်ဆိုင်ရာ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက ထုတ်ပေးထားတဲ့ အချက်အလက်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပါတယ်။ စစ်ဆေးပြီး သူတို့ရဲ့ ကိုယ်ရေးအချက်အလက်တွေ မှတ်တမ်းမှတ်ရာတွေ ကောက်ယူပါတယ်။ သူတို့ကို ဓာတ်ပုံရိုက်ပြီး သေသေချာချာ ဆောင်ရွက်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ မြို့နယ်တွေကို ပြန်နိုင်ဖို့အတွက် တချို့ နိုင်ငံသား စိစစ်ရေးကတ် ပျောက်ဆုံးတာတို့၊ နိုင်ငံသားစိစစ်ရေးကတ်မရှိတဲ့သူတွေကို ထောက်ခံစာ ယာယီခရီးသွားလာခွင့်လက်မှတ်တွေ ထုတ်ပေးပြီး သူတို့ နေထိုင်တဲ့ မြို့နယ်တွေ ပြန်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အခု ပြန်ခေါ်လာတဲ့သူတွေထဲမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိသူတွေပါတယ်။ တချို့ကျတော့ နိုင်ငံသားစိစစ်ရေးကတ်ပြား မလုပ်ရသေးတဲ့သူတွေလည်းပါတယ်။ တချို့ကျ ပျောက်ဆုံးနေကြတဲ့သူတွေပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား မလုပ်ရသေးတဲ့သူတွေလည်း လုပ်ရအောင်၊ ပျောက်ဆုံးနေတဲ့သူတွေလည်း အသစ်ထပ်မံပြီး လုပ်လို့ရအောင် ကျွန်တော်တို့ ဝန်ကြီးဌာနကနေ သူတို့နဲ့ သက်ဆိုင်တဲ့ မြို့နယ်တွေကို လမ်းညွှန်မှာကြားပြီး မြန်မြန်ဆန်ဆန် ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုပြန်ခေါ်လာတဲ့ မြန်မာနိုင်ငံသားတွေက တခြားနိုင်ငံမှာဒုက္ခရောက်နေကြတယ်။ ဒုက္ခရောက်နေတဲ့ ကိုယ့်နိုင်ငံသားတွေကို ပြန်ခေါ်ပေးတဲ့အတွက် အများကြီး ဝမ်းသာရပါတယ်။ နောက်တစ်ချက်ကလည်း ဝေးကွာနေခဲ့တဲ့ သူတို့မိသားစုတွေနဲ့ ပြန်တွေ့ရမှာ ဖြစ်တဲ့အတွက် သူတို့မိသားစုတွေကိုယ်စား ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးဒိုင်နိုဒါးယ် (လက်ထောက်ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)**

ကျွန်တော်တို့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့က ပြန်ရောက်လာတဲ့ မြန်မာနိုင်ငံသားတွေထဲက အသက် ၆၀ အထက် ဘိုးဘွားတွေ၊ အသက် ငါးနှစ်အောက် ကလေးသူငယ်တွေ၊ မသန်စွမ်းတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေကို စာရင်းကောက်ယူပြီး ထောက်ပံ့ပေးဖို့ အစီအစဉ်တွေရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ကတော့ ပြန်လည်ရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားတွေကို ပုဆိုး၊ တီရှပ်၊ တဘက်နဲ့ ဆပ်ပြာ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ဒါက ထောက်ပံ့ပေးမှုအပိုင်းဖြစ်ပါတယ်။ အိန္ဒိယကနေ ပြန်လည်ရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားတွေကို သူတို့ရဲ့ နေအိမ်တွေကို ချောချောမွေ့မွေ့ ရောက်ရှိနိုင်အောင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနအနေနဲ့ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ စီမံအုပ်ချုပ်မှုကောင်စီနဲ့ ချိတ်ဆက်ပြီး နေအိမ်တွေကို ချောချောမွေ့မွေ့ ရောက်ရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တစ်ဦးကို စားစရိတ် နှစ်သောင်းတစ်ထောင် ထောက်ပံ့ပေးသွားမှာဖြစ်ပြီး အမှန်တကယ် ကုန်ကျမယ့် ခရီးစရိတ်ကိုလည်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ဒါက အိမ်ကို ချောချောမွေ့မွေ့ ရောက်ရှိအောင် စီမံဆောင်ရွက်ပေးမယ့်အပိုင်း ဖြစ်ပါတယ်။

အခုလို နိုင်ငံခြားမှာ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး ဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသားတွေကို နေရပ်ပြန်နိုင်အောင် ကူညီဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ တပ်မတော်(ရေ)ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း သူတို့ရဲ့ မိသားစုဝင်တွေကိုယ်စား ပြောကြားလိုပါတယ်။ ပြီးခဲ့တဲ့ လတုန်းကလည်း မလေးရှားနိုင်ငံမှာ နေရပ်ပြန်ဖို့ ဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသား တစ်ထောင်ကျော်ကိုလည်း ကျွန်တော်တို့ဌာနအနေနဲ့ သွားရောက်ကူညီထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။

**ဦးမျိုးနိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန)**

အိန္ဒိယနိုင်ငံကနေ ပြန်လည်ခေါ်ဆောင်လာတဲ့ မြန်မာနိုင်ငံသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနဲ့ သူတို့လုပ်ကိုင်ခဲ့ဖူးတဲ့ အလုပ်အကိုင်တွေ၊ ကျွမ်းကျင်မှုတွေအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ သူတို့နေရပ်တွေမှာရှိတဲ့ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန အလုပ်အကိုင်နဲ့ အလုပ်သမား ရှာဖွေရေးရုံးတွေကနေတစ်ဆင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွေကို သင့်တော်ကောင်းမွန်တဲ့ အလုပ်အကိုင်တွေရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် အချက်အလက် ၁၃ ချက် စာရင်းကောက်ယူပြုစုသွားမှာ ဖြစ်ပါတယ်။ ကျွမ်းကျင်မှုလည်းမရှိဘူး။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွေမှာလည်း လုပ်ကိုင်ရန် ဆန္ဒမရှိဘူးဆိုရင် ဝင်ငွေရအသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေဖြစ်တဲ့ အလုပ်အကိုင်ပေါ်များတဲ့ ပန်းရန်လုပ်ငန်းတွေ၊ လက်သမားလုပ်ငန်းတွေ၊ အိမ်တွင်းလျှပ်စစ်လုပ်ငန်းတွေ၊ ဂဟေလုပ်ငန်းတွေမှာ လုပ်ကိုင်လို့ရအောင် ရက်တိုသင်တန်းတွေကို အလုပ်သမားဝန်ကြီးဌာနရဲ့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွေမှာ အခမဲ့ ရက်တိုသင်တန်းပေးပြီး အလုပ်အကိုင်ရရှိရေး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒုက္ခရောက်နေပြီး မျှော်လင့်ချက်မဲ့နေတဲ့ ကိုယ့်နိုင်ငံသားတွေကို သူတို့ရဲ့မိသားစုတွေနဲ့အတူ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက်တပ်မတော်ကနေပြီးတော့ စစ်ရေယာဉ်နဲ့ လာရောက်ခေါ်ဆောင်တဲ့အတွက် အတိုင်းမသိ ကြည်နူးဝမ်းသာဖြစ်ရပါတယ်။ သူတို့ မိသားစုတွေကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

# သင်္ဘောပေါ်စရောက်ပြီဆိုကတည်းက တပ်မတော်သားတွေက ညီရင်းအစ်ကိုတွေလို ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ဆက်ဆံကြတယ်။ နေရေးထိုင်ရေး စားသောက်ရေးကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေကိုလည်း နေ့စဉ် ဆောင်ရွက်ပေးပါတယ်။

ကိုမင်းမင်း



ကိုမင်းမင်း



ဦးစိုးလွင်



ဦးကျော်ကျော်ဦး



ကိုသက်ဇော်ထွန်း




စောအယ်စိုး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့နေရသည့် နိုင်ငံသားများအား တပ်မတော်(ရေ) စစ်ရေယာဉ် တပင်ရွှေထီးဖြင့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ သွားရောက်ခေါ်ဆောင်ခဲ့ရာ မတ်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ရောက်ရှိသည်။

ထိုသို့ နေရပ်ပြန် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ဆောင်ရာတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၄၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၅ ဦး၊ မွန်ပြည်နယ်မှ လေးဦး စုစုပေါင်း ၇၀ တို့ကို ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး နေရပ်ပြန်ကြမည့် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ကိုမင်းမင်း**
**(ကုန်းကြီးကျေးရွာအုပ်စု၊ ပြင်စလူမြို့နယ်)**

အိန္ဒိယနိုင်ငံကို ၂၀၁၈ ခုနှစ် ၆ လ ပိုင်းတုန်းက ရောက်သွားခဲ့ပါတယ်။ ပြန်လာမယ်ဆိုတာ မိသားစုတွေကို အကြောင်းကြားထားပေးပါတယ်။ ဟိုမှာ အကြာကြီးနေရပြီး အခုလို ပြန်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာရပါတယ်။ မိသားစုတွေနဲ့ တွေ့ရတော့မှာဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ သင်္ဘောပေါ် စရောက်ပြီဆိုကတည်းက တပ်မတော်သားတွေက ညီရင်းအစ်ကိုတွေလို ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေး ဆက်ဆံကြတယ်။ နေရေးထိုင်ရေး၊ စားသောက်ရေးကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေကိုလည်း နေ့စဉ် ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်မှာ ပျော်ပွဲရွှင်ပွဲတွေကိုလည်း စီစဉ်ပေးပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ တပ်မတော်(ရေ)က ပုဆိုး၊ တီရှပ်၊ တဘက်၊ ဆပ်ပြာနဲ့ စားစရာမုန့်တွေကို ထောက်ပံ့ပေးပါတယ်။ နေရပ်ပြန်ဖို့အတွက်လည်း ရန်ကုန်ပြန်ရောက်ရင် ၁၄ ရက် ကွာရန်တင်းဝင်ပြီးရင် ပြန်နိုင်အောင် စီစဉ်ပေးထားပါတယ်။ ကျွန်တော်တို့ကို အခုလို ပြန်လည်ခေါ်ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ လူကြီးတွေကိုရော၊ တပ်မတော် (ရေ)က တာဝန်ရှိသူတွေကိုပါ ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးစိုးလွင်**
**(ဆားချက်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်)**

အိန္ဒိယနိုင်ငံထဲ ရောက်နေတဲ့အချိန် နေအိမ်ပြန်ချင်တဲ့အချိန်မှာ မြန်မာနိုင်ငံက ဘယ်သူလာခေါ်မလဲဆိုပြီး တစ်နှစ်နဲ့ သုံးရက်နေရတဲ့အချိန်မှာ အခုလို ပြန်ခွင့်ရတဲ့အတွက် ပြန်နိုင်အောင် စီစဉ်ပေးတဲ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကလည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ညွှန်ကြားချက်နဲ့ လာခေါ်မယ်လို့ ပြောပြတဲ့အတွက် သိရပါတယ်။ မြန်မာနိုင်ငံမှာလည်း ကိုဗစ်ရောဂါဖြစ်နေတဲ့အတွက် ပြန်မရောက်တော့ဘူးလို့ ထင်နေတဲ့အချိန် ကိုယ့်နိုင်ငံကို ပြန်ရတော့မယ်ဆိုတာ သိရတဲ့အတွက် အတိုင်းမသိဝမ်းသာရတယ်။ မိသားစုတွေနဲ့လည်း ပြန်လည်ဆုံတွေ့ခွင့်ရတော့မှာ ဖြစ်ပါတယ်။

**ဦးကျော်ကျော်ဦး**
**(ထိန်လယ်ရပ်ကွက်၊ ထားဝယ်မြို့)**

ကျွန်တော်က အသက် ၄၄ နှစ်ရှိပါပြီ။ မိဘတွေနဲ့အတူနေပါတယ်။ ၂၀၁၉ ခုနှစ် ၉ လ ပိုင်းတုန်းက စက်လှေစက်ပျက်ပြီး အိန္ဒိယထဲရောက်သွားတာပါ။ စက်လှေက ကျွန်တော် တစ်ယောက်တည်း မောင်းတာပါ။ အခုလို မမျှော်လင့်ဘဲ နေအိမ်ပြန်ရမယ်ဆိုတာ သိရတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်။ အမြန်ပြန်ရမယ်လို့လည်း မျှော်လင့်မထားဘူး။ မျှော်လင့်မထားတဲ့အချိန်မှာ ပြန်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။ သင်္ဘောပေါ် စတက်ကတည်းက တပ်မတော်သားတွေက နေရေးထိုင်ရေး၊ စားသောက်ရေးကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်မှာ ဖျော်ဖြေရေးတွေလည်းဆောင်ရွက်ပေးပါတယ်။ အိမ်ပြန်ရောက်ရင်တော့ တခြားစီးပွားရေးလုပ်ငန်းပဲ လုပ်တော့မယ်။

**ကိုသက်ဇော်ထွန်း**
**(လမုတန်းရပ်ကွက်၊ မော်လမြိုင်မြို့)**

မိသားစုလေးယောက် ရှိပါတယ်။ ရေလုပ်ငန်းလုပ်ရင်း စက်လှေပျက်ပြီး ၂၀၁၉ ခုနှစ် ၉ လပိုင်းတုန်းက အိန္ဒိယထဲရောက်သွားခဲ့ပါတယ်။ စက်လှေပေါ်မှာ ကျွန်တော်နဲ့အတူ ခုနစ်ယောက် ပါပါတယ်။ အခုပြန်ရတဲ့ အထဲမှာလည်း ခုနစ်ယောက်လုံးပါပါတယ်။ တစ်နှစ်နဲ့ ခြောက်လ အိန္ဒိယမှာ နေခဲ့ရပါတယ်။ အခုလို နေရပ်ပြန်ရတော့မယ်ဆိုတော့ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ နေရပ်ပြန်နိုင်အောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ မိသားစုနဲ့ ကြာကြာမခွဲဖူးဘူး။ သင်္ဘောပေါ်မှာလည်း တပ်မတော်သားတွေက နွေးနွေးထွေးထွေး ဂရုတစိုက်နဲ့ ဆက်ဆံကြပါတယ်။ ကျန်းမာရေးအတွက်လည်း ပူစရာမရှိပါဘူး။ သင်္ဘောပေါ်မှာ ဆရာဝန်လည်းပါတယ်။ ဆေးခန်းလည်းရှိပါတယ်။ အချိန်မရွေး ပြသလို့ရပါတယ်။ အိမ်က မိသားစုတွေနဲ့လည်း အဆက်အသွယ်ရအောင် သင်္ဘောပေါ်က အရာရှိတွေက ဆက်သွယ်ဆောင်ရွက်ပေးပါတယ်။

**စောအယ်စိုး**
**(သိပ္ပံကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်)**

ရေလုပ်ငန်းလုပ်ပါတယ်။ ကျွန်တော်က အသက် ၃၆ နှစ်ရှိပါပြီ။ အိမ်ထောင်ရှိပါတယ်။ သားနှစ်ယောက်ရှိပါတယ်။ ၂၀၁၉ ခုနှစ် ၉ လပိုင်းတုန်းက မုန်တိုင်းမိပြီး အိန္ဒိယထဲ ရောက်သွားတာပါ။ အခုလို နေရပ်ပြန်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ မိသားစုနဲ့ တွေ့ဆုံခွင့်ရတော့မှာ ဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ သင်္ဘောပေါ်မတက်ခင် ညမှာ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်ပေးပါတယ်။ သင်္ဘောပေါ်ရောက်တာနဲ့ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ တပ်မတော်(ရေ)က တစ်ကိုယ်ရေသုံးပစ္စည်းတွေ ထောက်ပံ့ပေးပါတယ်။ သင်္ဘောပေါ်မှာလည်း စားသောက်နေထိုင်ရေးကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ အားလုံးက ညီရင်းအစ်ကိုတွေလို နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး ဆက်ဆံကြပါတယ်။



စစ်ရေယာဉ်(တပင်ရွှေထီး)ပေါ်တွင် ဖျော်ဖြေရေးများဖြင့် ညှိနှိုင်းခံဖျော်ဖြေနေသည်ကိုတွေ့ရစဉ်။

**တွေ့ဆုံမေးမြန်း**
**လင်းလတ်**
**ဓာတ်ပုံ- ခင်မောင်**

# အပြုံးမပျက် ရုံးပြန်တက်ပါ သူငယ်ချင်းရယ်

**ငြိမ်းချမ်းမေ**

မေ ဝန်ထမ်းဘဝကို ချစ်မြတ်နိုးသည်။ မေ အလုပ်ဝင်စက ရုံးအကူရာထူးဖြင့် အလုပ်ဝင်ရသည်။ အလုပ်ခွင်ရှိ အရာရှိအန်တီကြီးများ၏ ပျူငှာစွာကြိုဆိုမှု၊ ဝန်ထမ်းအစ်ကိုအစ်မများ၏ နွေးထွေးစွာခင်မင်မှုများက မေ့ဘဝဝန်ထမ်းလောကကို နှစ်သက်ခုံမင်ခဲ့ရသည်။ မနက်အိပ်ရာထ အိမ်မှုကိစ္စများပြီးသည်နှင့် ရုံးယူနီဖောင်းဝတ်ဆင်ပြီး ထမင်းချိုင့်၊ ဆွဲခြင်းဆွဲ၍ ရုံးတက်ရမည်၊ ရုံးသို့သွားရမည်ဆိုသော မေ့အသိစိတ်က အပျော်ဆုံးအချိန်ပင် ဖြစ်တော့သည်။ ရုံးယူနီဖောင်းဝတ်၊ ဆွဲခြင်းလေးနှင့် ရုံးသွားနေသည့် မေ့ကိုလည်း အိမ်သားများက ကြည့်၍မဆုံး၊ ကြည်နူးမဆုံးပေ။

မေတို့သူငယ်ချင်းများ ရုံးမှာ မိမိကျရာတာဝန်ကို စေတနာအပြည့်၊ စွမ်းအားအပြည့်ဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြသည်။ အထက်အရာရှိကြီးများက လုပ်ငန်းခွင်စည်းကမ်းလိုက်နာရန်နှင့် အလုပ်အပေါ်ကို စေတနာထား လုပ်ဆောင်ကြရန်တို့ကို မပြတ်သင်ကြားပေးလေသည်။ မေတို့ကလည်း မိမိ၏ တာဝန်ဝတ္တရားများကို စေတနာအပြည့်ဖြင့် ထမ်းဆောင်ကြရုံသာမက စည်းကမ်းကောင်းစွာ နေလာခဲ့ကြသည်။ လကုန်ရက် လစာထုတ်မည့်နေ့တွင် မေတို့သူငယ်ချင်းအုပ်စု ငွေစာရင်းဌာန လစာထုတ်ပေးမည့်နေရာကို လှမ်း၍ကြည့်ရသည်က အမောပင်။ လစာဌာနစိတ်က ဦးမျိုးလွင်၏ အသံကျယ်ကြီးဖြင့် “လစာတွေထုတ်လို့ရပြီနော် ....” အော်လိုက်လျှင် မေတို့သူငယ်ချင်းအုပ်စုက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အပြေးပင် လစာထုတ်ပေးသည့်နေရာသို့ ရောက်ရှိသွားကြသည်။

**မိမိရသော ချွေးနဲ့စာအစစ်အမှန်**

မိမိ၏ အလုပ်အပေါ်ထားသော စေတနာ၊ တာဝန်အပေါ် စည်းကမ်းတကျနှင့် ကျေပွန်ခြင်း၊ ဝန်ထမ်းတစ်ယောက်၏ နိုင်ငံတော်အပေါ် စောင့်ထိန်းရမည့် တာဝန်ဝတ္တရား၊ နိုင်ငံတော်နှင့်ပြည်သူ၏အကျိုးကို စိတ်ဓာတ်ကောင်းစွာဖြင့် လုပ်ဆောင်ပေးခြင်းအတွက် ရရှိသည့် နိုင်ငံတော်က ချီးမြှင့်သည့် ဝန်ထမ်းလစာကို မေ့လက်ထဲတွင် ကိုင်တွယ်သုံးစွဲရသည်ထက် ပိုပြီးဂုဏ်ယူစရာကောင်းသောအရာက ဘယ်မှာရှိမည်နည်း။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သော ဝန်ထမ်းတိုင်းအတွက် နိုင်ငံတော်က ချီးမြှင့်သည့် ဝန်ထမ်းလစာသည် အမှီအခိုကင်းပြီး မည်သည့်အဖွဲ့အစည်းကိုမှ လက်ဖြန့်တောင်းစရာမလို၊ မည်သူကပေးမလဲဟု စိတ်ပူစရာမလို၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို အမှန်တကယ် ရွက်ဆောင်ပေးသည့် ဝန်ထမ်းများဘဝကို ပင်စင်ယူသည်အထိ စိတ်အေးချမ်းသာရရှိစေရန် နိုင်ငံတော်က တာဝန်ယူ၍ လစဉ်ဝန်ထမ်းလစာကို ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါသည်။

မေ့ဝန်ထမ်းဘဝခံယူချက်ကို ကောင်းမွန်စွာ တည်ဆောက်မည်။ မေတို့ဌာန၏ ဝန်ထမ်းတိုင်း ရည်ရွယ်ချက်က အလုပ်ခွင် ငြိမ်းချမ်းသာယာမှု ရှိရမည်။ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုရှိရမည်။ တစ်ယောက်၏ အခက်အခဲကို တစ်ယောက်က ဖေးမကူညီရမည်။ အလုပ်ခွင်မှာ စည်းကမ်းရှိရမည်။ ဥပဒေနှင့်အညီ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာမည်၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုပြီး လုပ်ဆောင်မည်ဟု ရည်မှန်းထားသည်။

> **ယခုရက်ပိုင်း စိတ်ခံစားချက်အရ ဘယ်လိုပင် မှားခဲ့ပါစေ၊ မေတို့သူငယ်ချင်း အားလုံးနှင့် ရုံးဌာနကြီးက ဘဦးကို စောင့်မျှော်ကြိုဆိုနေပါကြောင်းနှင့် မိမိ၏ဝန်ထမ်းလစာကို ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းကမ်းများနှင့်အတူ နိုင်ငံတော်က ချီးမြှင့်သည့်လစာကို ဂုဏ်သိက္ခာရှိစွာ လက်ခံယူပြီး “အပြုံးမပျက်ဘဲ ရုံးပြန်တက်ပါ ဘဦးရယ်”ဟု မေတို့သူငယ်ချင်းအားလုံးက ပြောလိုက်ပါသည်။**

ပြီးခဲ့သည့် ရက်ပိုင်းက သူငယ်ချင်း ဘဦးကြောင့် မေတို့သူငယ်ချင်းအားလုံး စိတ်မကောင်းဖြစ်ရသည်။ ဘဦးကို တခြားသူ့သူငယ်ချင်းတစ်ယောက်က CDM လုပ်ဖို့ စည်းရုံးလေသည်။ ဘဦးကလည်း ဘာမသိညာမသိနှင့် ပါသွားပါလေသည်။ CDM လုပ်သော ဝန်ထမ်းများကို ပြင်ပအဖွဲ့အစည်းများက ထောက်ပံ့မည်၊ တစ်လကို ဒေါ်လာဖြင့်ရမည်၊ လစဉ်ပေးမည်ဆိုပြီး ဖေ့စ်ဘွတ်တွင်တွေ့သော အဖွဲ့အစည်းများကို လျှောက်ကြသည်။ CDM မှာပါသော ဝန်ထမ်းများကို သိနေသည့်လူတချို့က နိုင်ငံရေးလှည့်ကွက်အနေဖြင့် ကစားနေကြလေသည်။ ဒါကို ဘဦးက နားမလည်ဘဲ တခြားသူတွေပြောသည့် အထောက်အပံ့ပေးမည်ဆိုသော အဖွဲ့ကို လျှောက်လိုက်သည်။

ဘဦး၏ သူငယ်ချင်းဖြစ်သူက ဘဦး၏ ဝန်ထမ်းကတ်မိတ္တူကိုယူပြီး သူကလည်း လျှောက်ပေးသည်။ သူငယ်ချင်းလျှောက်ပေးသောအဖွဲ့ကို ဘဦးလည်း မသိပေ။ ဖြစ်ချင်တော့ နှစ်ယောက်စလုံး လျှောက်သည့်အဖွဲ့သည် တစ်ဖွဲ့တည်းဖြစ်နေသည်။ သည်မှာတင် CDM ကို ခုတုံးလုပ်ပြီး CDM မှာပါသော ဝန်ထမ်းများက မည်သည့်လုပ်ဆောင်မှု တစ်စုံတစ်ရာမျှ မရှိသေးဘဲ ၎င်းတို့ထောက်ပံ့သည့် အဖွဲ့အစည်းထံ နာမည်နှစ်ခါပေးသည်ဟုဆိုပြီး ဘဦးနာမည်ကို CDM အကြောင်းပြပြီး ငွေကြေးများကို ကိုယ်ကျိုးအတွက် သုံးနေပါသည်ဆိုကာ ဖေ့စ်ဘွတ်တွင် နာမည်ပျက်စာရင်း ကြေညာတော့သည်။ သည်အဖြစ်က ဝန်ထမ်းဘဝကို ရိုက်ချိုးလိုက်ခြင်းပင် ဖြစ်သည်။ မေတို့သူငယ်ချင်းများက ဘဦးကို အကြောင်းစုံမေးကြည့်တော့မှ ဘဦးဘက်မှ သူငယ်ချင်းလျှောက်ပေးသည့် အထောက်အပံ့ပေးမည်ဆိုသောအဖွဲ့ကို ကြိုသိမထားကြောင်း ဖြေသည်။ အထောက်အပံ့ပေးမည်ဆိုသော အဖွဲ့အစည်းများကို ဘဦး၏ လွဲမှားစွာ အားကိုးမိသောစိတ်ကြောင့် ယခုကဲ့သို့ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ အထောက်အပံ့ပေးမည်ဆိုသောအဖွဲ့ကလည်း သူတို့တင်ထားသော အချက်အလက်ကို ဖေ့စ်ဘွတ်ကနေ ချက်ချင်းပြန်ဖြုတ်သွားသည်။

ဘဦးလည်း တော်တော်လေး အရှက်ရသွားသည်။ ဝန်ထမ်းတစ်ယောက်အနေဖြင့် အခြားဝန်ထမ်းများရှေ့တွင် မျက်နှာမဖော်ဝံ့အောင် ရှက်သွားလေသည်။ ဤသည်ကလည်း ရိုးသားသည့် ဝန်ထမ်းများအပေါ် မမှန်ကန်သော နည်းလမ်းများဖြင့် ဖြားယောင်းသွေးဆောင်ပြီး ငွေကြေးနှင့် လှည့်ကွက်ဆင်ခြင်းဆိုသည်ကို မေတို့သူငယ်ချင်းများ သဘောပေါက်သွားကြသည်။ မိမိချွေးနဲ့စာမဟုတ်ဘဲ တခြားသူများ၏ ထောက်ပံ့မှုကို မျှော်ကိုးခဲ့မိသော ဘဦးအနေဖြင့် နောင်တများစွာ ရရှိသွားပါသည်။

မေတို့သူငယ်ချင်းများအားလုံး ဘဦးကို အားပေးစကားပြောကြပါသည်။ စိတ်ဓာတ်မကျရန်နှင့် ဝန်ထမ်းကို ဌာနက အမြဲတမ်းကြိုဆိုနေကြောင်း၊ ယခုရက်ပိုင်း စိတ်ခံစားချက်အရ ဘယ်လိုပင် မှားခဲ့ပါစေ၊ မေတို့သူငယ်ချင်းအားလုံးနှင့် ရုံးဌာနကြီးက ဘဦးကို စောင့်မျှော်ကြိုဆိုနေပါကြောင်းနှင့် မိမိ၏ဝန်ထမ်းလစာကို ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းကမ်းများနှင့်အတူ နိုင်ငံတော်က ချီးမြှင့်သည့်လစာကို ဂုဏ်သိက္ခာရှိစွာ လက်ခံယူပြီး “အပြုံးမပျက်ဘဲ ရုံးပြန်တက်ပါ ဘဦးရယ်”ဟု မေတို့သူငယ်ချင်းအားလုံးက ပြောလိုက်ပါသည်။ နောက်တစ်နေ့ အပြုံးမပျက် ရုံးပြန်တက်လာသော ဘဦးကို မေနှင့်အတူ မိဖြူနှင့် မိသင်းတို့ကလည်း “နင့်ကို ငါတို့ သိပ်သတိရတာပဲ....”ဟု ပြောလိုက်သဖြင့် ဘဦးမျက်နှာ လပြည့်ဝန်းပမာ လင်းလက်သွားပါသည်။

ဘဦး၏ အပြုံးကို ကြည့်၍ မေ့အနေဖြင့် ဝန်ထမ်းဘဝကို လေးစားချစ်မြတ်နိုးပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကာ တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းတစ်ဦးဖြစ်အောင် ဝန်ထမ်းဘဝကာလတစ်လျှောက်လုံး နေထိုင်သွားပါမည်ဟု ဆန္ဒပြုလိုက်မိပါသည်။ ။

## ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များက မသင်္ကာတရားခံသွားရောက်ဖမ်းဆီးစဉ် ပြန်လည်ရန်ပြုခံရ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးသေဆုံး

နေပြည်တော် မတ် ၁၀

၂၀၂၁ ခုနှစ် မတ် ၁၀ ရက်နံနက် ၁၁ နာရီခွဲတွင် ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့် ကုန်သည်လမ်းမပေါ် ဗဟိုဘဏ်အဟောင်းအနီး ကားပါကင်တွင် မသင်္ကာဖွယ်ယာဉ်အမှတ် YGN 6D/ 6111 (Isuzu Wagon) နက်ပြာရောင်ယာဉ်တစ်စီးပေါ်သို့ အထုပ်နှစ်ထုပ်တင်ဆောင်နေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချစ်စိန်နှင့် တပ်ဖွဲ့ဝင်များကသွားရောက်စိစစ်ရာ အဆိုပါယာဉ်နှင့်အတူ တွေ့ရှိရသူ အမျိုးသားသုံးဦးက စစ်ဆေးမှုမခံဘဲ ပြန်လည် ထိုးနှက်ရန်ပြုခဲ့ကြသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချစ်စိန်၏ လည်ပင်းနှင့်ဝမ်းဗိုက်တို့တွင် ထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ရသည်။ ဖြစ်စဉ်ဖြစ်ပွားရာအနီးသို့ လုံခြုံရေးရယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လာရောက်ပူးပေါင်း၍ ရန်ပြုတိုက်ခိုက်သူများအား ဖမ်းဆီးချုပ်နှောင်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ကျူးလွန်သူများဖြစ်သည့် ရန်နိုင်အောင်(၃၅)နှစ်၊(ဘ) ဦးအောင်မြင့်၊ ဗမာ/ဗုဒ္ဓ၊ Money Changer၊ အမှတ်(၂၆)၊ နတ်မောက်လမ်း ဆရာစံရပ်ကွက် ဗဟန်းမြို့နယ်နှင့် စိုးလွင်ဦး(၃၂)နှစ်၊(ဘ)ဦးအောင်ဝင်း၊ ကျူလီယာ/ အစ္စလာမ်၊ အမှတ်(၂၈၂) ဗိုလ်ဆွန်ပက်လမ်း (၁၁)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်နေသူတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ချွန်ထက်သော လက်နက်အသုံးပြုသတ်ဖြတ်ခဲ့သူ အောင်သန်းဇော်(၄၀)နှစ်မှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဖမ်းဆီးရမိသူနှစ်ဦးနှင့်အတူ သိမ်းဆည်းရမိသောယာဉ် YGN 6D/ 6111 (Isuzu Wagon)ပေါ်တွင် ပါရှိသောအိတ်နှစ်လုံးအတွင်းမှ မြန်မာငွေကျပ် ၂၁၂၂ သိန်း တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားရှိကာ ထွက်ပြေးလွတ်မြောက်လျက်ရှိသော တရားခံ အောင်သန်းဇော်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အမှုမှထွက်ပြေးတိမ်းရှောင်နေသူ အောင်သန်းဇော်အား တွေ့ရှိပါက နီးစပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ သတင်းပေးပို့နိုင်ပါရန် အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန်က ကမ္ဘာ့နိုင်ငံ ၃၇ နိုင်ငံအား စားနပ်ရိက္ခာအကူအညီအဖြစ် ကန်ဒေါ်လာသန်း ၁၁၀ ပံ့ပိုး

**ယိုကိုဟားမား မတ် ၁၀**

အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတစ်လွှားရှိ ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ရောဂါခုခံနိုင်စွမ်းနည်းပါးသည့် ပြည်သူများ၏ အစားအစာနှင့် သက်မွေးမှုဆိုင်ရာ အကူအညီတစ်ရပ်အဖြစ် ဂျပန်အစိုးရက ထည့်ဝင်လှူဒါန်းသော အမေရိကန်ဒေါ်လာသန်း ၁၁၀ ကို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က လက်ခံကြိုဆိုလိုက်ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ငွေအားလုံးအနက် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆ သန်းခန့်ကို စစ်မက်ဖြစ်ပွားရာ ယီမင်နိုင်ငံအတွင်းရှိ မိသားစုများ၏ ဘဝကယ်တင်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။ ယီမင်နိုင်ငံတွင် စစ်ပွဲပဋိပက္ခများကြောင့် ပြည်သူ ၅၀၀၀၀ နီးပါးသည် ငတ်မွတ်ခေါင်းပါးသော အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထို့အတူ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ သန်းခန့်ကို အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုဒဏ်ခံခဲ့ရသော မိသားစုများအတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တုံ့ပြန်မှုအတွက် သုံးစွဲသွားမည်ဖြစ်သည်။

ထို့အပြင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ သန်းကို ဆီးရီးယားနိုင်ငံရှိ စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည့် ပြည်သူများနှင့် တူရကီ၊ ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံရှိ ရောဂါခုခံနိုင်စွမ်းအားနည်းပါးသော ပြည်သူများအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဂျပန်အစိုးရ၏ ထောက်ပံ့ငွေအစိတ်အပိုင်းကို အာဖရိကတိုက်ရှိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မာလီနိုင်ငံအတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အရေးပေါ်စားနပ်ရိက္ခာအကူအညီနှင့် ဆိုမာလီယာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့ရှိ သက်မွေးမှုနှင့် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးအစီအစဉ်များအတွက် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် လက်ရှိဖြစ်ပွားနေသည့် စစ်ပွဲများ၊ ရာသီဥတုဖောက်ပြန်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ငတ်မွတ်မှုကပ်ဘေးကို ဖြစ်ပေါ်စေလျက်ရှိရာ သန်းပေါင်းများစွာသော ကမ္ဘာ့ပြည်သူများသည် ငတ်မွတ်ခေါင်းပါးမှုကပ်ဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသလို ပြည်သူ ၃၄ သန်းခန့်သည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအပေါ်မှီခိုအားထားနေကြရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဂျပန်အစိုးရက ထည့်ဝင်လှူဒါန်းသည့် အမေရိကန်ဒေါ်လာသန်း ၁၁၀ ၏ အကျိုးအမြတ်အား ခံစားခွင့်ရှိမည့်နိုင်ငံများမှာ အာဖဂန်နစ္စတန်၊ အင်ဂိုလာ၊ ဘာကီနာဖာဆို၊ ဘူရွန်ဒီ၊ ကင်မရွန်း၊ အလယ်အာဖရိကသမ္မတနိုင်ငံ၊ ချဒ်သမ္မတနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အီဂျစ်၊ အက်စ်ဝါတီနီ၊ အီသီယိုးပီးယား၊ ဂမ်ဘီယာ၊ ဂီနီယာဘဆော၊ အီရန်၊ အီရတ်၊ ဂျော်ဒန်၊ ကင်ညာ၊ လက်ဘနွန်၊ လစ်ဗျား၊ မာလီ၊ မော်ရီတေးနီးယား၊ မိုဇမ်ဘစ်ခ်၊ နမီးဘီးယား၊ နိုင်ဂျီးရီးယား၊ ပါလက်စတိုင်း၊ ကွန်ဂိုသမ္မတနိုင်ငံ၊ ဆီနီဂေါလ်၊ ဆီယာလီယွန်၊ ဆိုမာလီ၊ တောင်ဆူဒန်၊ ဆူဒန်၊ ဆီးရီးယား၊ တူနီးရှား၊ တူရကီ၊ ယူဂန္ဓာ၊ ယီမင်နှင့် ဇင်ဘာဘွေနိုင်ငံတို့ ဖြစ်သည်။

**ကိုးကား – မီရိတ်ချ်နယူးစ်၊ ဘာသာပြန် – ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း၁၅၀ကျော်ကို သုံးစွဲခဲ့ဟု ကျူးဘားပြောကြား



**ဟာဗားနား မတ် ၁၀**

ကျူးဘားနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျော်ကို သုံးစွဲခဲ့ကြောင်း ကျူးဘားနိုင်ငံ စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး အယ်လ်ဂျန်ဒရိုဂီက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံသားတွေရဲ့ ကျန်းမာရေးပိုင်းဆိုင်ရာမှာ ထိခိုက်မှုတွေ ရှိခဲ့တဲ့အတွက် အကျိုးသက်ရောက်မှုတွေဖြစ်လာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် ငွေကြေးသုံးစွဲမှုများကို ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲတွင် ၎င်းက ပြောကြားသည်။

နိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးရေး စီမံကိန်းသည် ကုလသမဂ္ဂ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အပေါ်တွင် အခြေခံကြောင်း ၎င်းက ပြောကြားသည်။

ကျူးဘားနိုင်ငံအနေဖြင့် နိုင်ငံရပ်ခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေးကဏ္ဍအပါအဝင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ထားနိုင်ခဲ့ကြောင်း သိရသည်။

ကျူးဘားနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း စီးပွားရေးပြန်လည်ပုံမှန် နာလန်ထူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၆၀၇ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၃၅၂ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လာ

**တိုကျို မတ် ၁၀**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သောရက်အနည်းငယ်အတွင်း စစ်ဆေးတွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၄ ဒသမ ၅ ရာခိုင်နှုန်းသည် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

လွန်ခဲ့သောရက်အနည်းငယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဒေသန္တရအာဏာပိုင်များအား ညွှန်ကြားခဲ့သည်။ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၃၄ ဦး (၁၇ ရာခိုင်နှုန်း) အား ဆေးစစ်မှုများပြုလုပ်ခဲ့ရာ ယင်းတို့ အနက် ၅၆ ဦးတွင် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခြင်းခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဟွိုင်ဂိုစီရင်စုအတွင်း တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၅ ဦးအနက် ၁၆ ဦးတွင် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရသည်။ အလားတူ ကာနာဂါဝါစီရင်စုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅ ဦးအနက် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဦးနှင့် အိုဆာကာစီရင်စုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂ ဦးအနက် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ လေးဦး တွေ့ရှိခဲ့ကြောင်း သိရသည်။

သို့သော် မြို့တော်တိုကျိုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁ ဦးအား စစ်ဆေးခဲ့ရာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးမျှတွေ့ရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကို စောစီးစွာ ထိန်းချုပ်နိုင်ရန် စောင့်ကြည့်လေ့လာမှုများ အဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အီတလီနိုင်ငံတွင် ထုတ်လုပ်မည်

**မော်စကို မတ် ၁၀**

ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အီတလီနိုင်ငံတွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ကာကွယ်ဆေးထုတ်လုပ်မှုဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို ရုရှားနိုင်ငံ၏ RDIF ရန်ပုံငွေ အစီအစဉ်နှင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ဆေးဝါးကုမ္ပဏီ Adienne တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့သော် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အီတလီနိုင်ငံတွင် ထုတ်လုပ်ရန် အီတလီဆေးဘက်ဆိုင်ရာ အာဏာပိုင်များ၏ ခွင့်ပြုချက်ရရှိရန် လိုအပ်သည်။ အလားတူ စပိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများတွင် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း ရုရှားနိုင်ငံ၏ RDIF ရန်ပုံငွေ အစီအစဉ်အကြီးအကဲ ကီရီဒီမစ်ရိဗ်က ပြောကြားခဲ့သည်။

အဆိုပါ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ရောဂါခုခံကာကွယ်နိုင်စွမ်း ၉၂ ရာခိုင်နှုန်း နီးပါးရှိကြောင်း The Lancet ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည့် နောက်ဆုံးအဆင့် လက်တွေ့စမ်းသပ်မှုရလဒ်များကို ကိုးကားပြီး ဆေးဘက်ဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဟန်ဂေရီ၊ ဆလိုဗက်ကီးယားနှင့် ချက်သမ္မတနိုင်ငံများတွင် သုံးစွဲခွင့် အတည်ပြုပြီးဖြစ်သည်။ ထို့ပြင် ဘယ်လ်ဂျီယံနိုင်ငံကလည်း Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မကြာမီ ဝယ်ယူရန်ညှိနှိုင်းမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂတာဝန်ရှိသူများက ဆိုသည်။

**ကိုးကား– စီအင်န်အေ၊ ဘာသာပြန်– အောင်ကျော်ကျော်**



# လကမ္ဘာဆိုင်ရာ နိုင်ငံတကာသုတေသနစခန်း ရုရှားနှင့် တရုတ် နှစ်နိုင်ငံ ပူးပေါင်းတည်ထောင်မည်

**မော်စကို မတ် ၁၀**

ရုရှားနှင့် တရုတ်နှစ်နိုင်ငံက လကမ္ဘာဆိုင်ရာ နိုင်ငံတကာသုတေသနစခန်း တစ်ခုကို ပူးပေါင်းတည်ထောင်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာလကမ္ဘာဆိုင်ရာရှာဖွေလေ့လာရေး အစီအစဉ်ကဲ့သို့ ရုရှားနှင့် တရုတ်နှစ်နိုင်ငံက လကမ္ဘာဆိုင်ရာ နိုင်ငံတကာ သုတေသနစခန်းတစ်ခုကို ပူးပေါင်းတည်ထောင်သွားရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။



ရုရှားအာကာသအေဂျင်စီ အကြီးအကဲ ရို့စ်ကိုမို့စ်နှင့် တရုတ်အမျိုးသားအာကာသ ကွပ်ကဲရေးအကြီးအကဲတို့က လကမ္ဘာဆိုင်ရာ နိုင်ငံတကာသုတေသနစခန်းတစ်ခုတည်ထောင်ရေး နားလည်မှုစာချွန်လွှာတစ်ရပ်ကို ယမန်နေ့တွင် ကျင်းပသည့် ဗီဒီယိုကွန်ဖရင့် အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါလကမ္ဘာဆိုင်ရာ နိုင်ငံတကာသုတေသနစခန်းကို လကမ္ဘာ၏ မျက်နှာပြင်အထက်နှင့် လပတ်လမ်းကြောင်းပေါ်တွင် ထားရှိမည်ဖြစ်ပြီး လကမ္ဘာနှင့်ပတ်သက်သည့် လက်တွေ့စမ်းသပ်မှုများနှင့် သုတေသနလုပ်ငန်းများကို နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီအကြီးအကဲ ရို့စ်ကိုမို့စ်က ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် အဆိုပါ သုတေသနလုပ်ငန်းများကို လူသားများပါဝင်ခြင်းမရှိသည့် စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်အနာဂတ်တွင် လူသားများပါဝင်သည့် စီမံကိန်းများ ဆောင်ရွက်သွားမည့် အလားအလာများကို ရို့စ်ကိုမို့စ်က ရှင်းလင်းပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သည့် နာဆာအာကာသအေဂျင်စီသည် လကမ္ဘာဆိုင်ရာရှာဖွေလေ့လာရေးအစီအစဉ် Artemis ကို စတင်ဆောင်ရွက်လျက်ရှိသည်။ ဂျပန်နှင့် ဥရောပနိုင်ငံများ ပါဝင်သည့် အဆိုပါအစီအစဉ်အရ ၂၀၂၄ ခုနှစ် မတိုင်မီ လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများ ထပ်မံဆင်းသက်လေ့လာနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ပါကစ္စတန်၌ သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်

**အစ္စလာမ္မာဘတ် မတ် ၁၀**

ပါကစ္စတန်အစိုးရသည် အသက် ၆၀နှင့် အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယနေ့ စတင်လိုက်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်၏ ကျန်းမာရေးဆိုင်ရာ အထူးလက်ထောက်ဖြစ်သူ ဖိုင်ဆာလ်ဆူလ်တန်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ဒုတိယအဆင့်တွင် စတင်ဆောင်ရွက်ရန် ယခင်ကတည်းက စီစဉ်ထားပြီးဖြစ်သည့်အတွက် ယနေ့မှစ၍ ၎င်းတို့ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဆူလ်တန်က ဆင်ဟွာသတင်းဌာနသို့ ရှင်းလင်းပြောကြားသည်။



ပါကစ္စတန်အစိုးရသည် တရုတ်နိုင်ငံမှ လှူဒါန်းထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရန် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်ဆေးဝါးအာဏာပိုင်အဖွဲ့သည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအတွက် အရေးပေါ်သုံးစွဲရန် ပြီးခဲ့သည့် သီတင်းပတ်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရန် ချမှတ်ထားသည့် အသွားအလာ ကန့်သတ်မှုများကို ပြီးခဲ့သည့်လက ဖြေလျှော့ခဲ့သည်။ အသွားအလာကန့်သတ်မှုများ ဖြေလျှော့ခဲ့ပြီးနောက် နိုင်ငံအတွင်း နေ့စဉ် ရောဂါကူးစက်မှုနှုန်း မြင့်မားလာစဉ်မှာပင် သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၈၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၅၉၅၂၃၉ ဦး ရှိလာသည်။ ထို့အတူ ပါကစ္စတန်၌ ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်အတွင်း ၄၃ ဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၁၃၃၂၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဖူကူရှီးမား နျူကလီးယားမတော်တဆမှုအပြီး ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ထောက်ခံ

**တိုကျို မတ် ၁၀**

၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဖူကူရှီးမားဒိုင်အိချီနျူကလီးယားမတော်တဆမှုအပြီး နောက်ဆက်တွဲကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုအပေါ် ထောက်ခံပါကြောင်း အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)အကြီးအကဲ ရာဖေးလ်ဂရော့စီက ပြောကြားခဲ့သည်။

ဖူကူရှီးမားဒိုင်အိချီနျူကလီးယားမတော်တဆမှုဖြစ်ပွားခြင်း၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည်မတိုင်မီ ပေးပို့သည့် ရုပ်သံသတင်းစကားတွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)အကြီးအကဲ ရာဖေးလ်ဂရော့စီက ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုနှင့်စပ်လျဉ်း၍ ထောက်ခံကြောင်း မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဖူကူရှီးမားဒိုင်အိချီနျူကလီးယားမတော်တဆမှု ဖြစ်ပွားပြီးနောက် ရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့ ကျွမ်းကျင်ပညာရှင်များ စေလွှတ်ခြင်းအပါအဝင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၏ ကြိုးပမ်းမှုများနှင့်စပ်လျဉ်း၍လည်း ရာဖေးလ်ဂရော့စီက ရှင်းပြခဲ့သည်။

အိုင်အေအီးအေသည် အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာနျူကလီးယား ဘေးကင်းလုံခြုံရေးမူဘောင်အား တောင့်တင်းခိုင်မာစေရေးအတွက် ဆောင်ရွက်မှုတစ်ရပ်လုပ်ဆောင်လျက်ရှိကြောင်းလည်း ရာဖေးလ်ဂရော့စီက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**



# နီပေါနိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးခဲ့သည့် တရုတ်နိုင်ငံ၏ ဆောင်ရွက်ချက်ကို ချီးကျူးကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ခတ္တမန္ဒူ မတ် ၁၀**

နီပေါနိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးခဲ့သည့် တရုတ်နိုင်ငံ၏ ဆောင်ရွက်ချက်ကို ချီးကျူးကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီး ပရာဒီကူးမား ဂါဝါလီက ပြောကြားသည်။

တရုတ်အစိုးရအနေဖြင့် နီပေါနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တိုးမြှင့်ထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း နီပေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟိုရန်ကီက မတ် ၁ ရက်တွင် ပြောကြားသည်။ တရုတ်နိုင်ငံ ပေကျင်းဇီဝထုတ်ကုန်ပစ္စည်းကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ဖေဖော်ဝါရီ ၁၇ ရက်တွင် နီပေါနိုင်ငံဆေးဝါးလုပ်ငန်းအဖွဲ့က ခွင့်ပြုခဲ့သည်။

ကျွန်တော်တို့အနေနဲ့ တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့ပေးခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဒီဆေးဝါးတွေရရှိခဲ့တဲ့အတွက် ကပ်ရောဂါကကျော်လွှန်နိုင်မည်လို့ မျှော်လင့်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ နီပေါနိုင်ငံကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွေ အစောပိုင်းကာလမှာလည်း ထောက်ပံ့ခဲ့ပါတယ်ဟု ဂါဝါလီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးဆောင်ရွက်ချက်များဖြစ်သည့် နှာခေါင်းစည်းများ လှူဒါန်းခြင်း၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ လှူဒါန်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးသော စက်များလှူဒါန်းခြင်းတို့အပေါ် ချီးကျူးဂုဏ်ပြုကြောင်း ဂါဝါလီကပြောကြားသည်။ တရုတ်နိုင်ငံနှင့် နီပေါနိုင်ငံတို့အကြားတွင် စီးပွားရေးစင်္ကြံဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ်တွင်လည်း ၎င်းက ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့် နီပေါနိုင်ငံတို့အကြားတွင် ကားလမ်း၊ လေကြောင်းလမ်းနှင့် ရထားလမ်းအပါအဝင် ပို့ဆောင်ရေးကဏ္ဍများတွင် ချိတ်ဆက်ပြီး နှစ်နိုင်ငံစီးပွားရေးတိုးတက်မှုအတွက် ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဂရိနိုင်ငံက ကမ္ဘာလှည့်ခရီးသွားများအား မေလအတွင်း ပြည်ဝင်ခွင့်ပြုမည်

**အေသင် မတ် ၁၀**

ဂရိနိုင်ငံသည် မေလအတွင်း ကမ္ဘာလှည့်ခရီးသွားများအား ပြည်ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

သို့သော် ခရီးသွားများသည် နိုင်ငံအတွင်းသို့ ဝင်ရောက်လာပါက သီးခြားစောင့်ကြည့်မှုခံယူရမည် မဟုတ်သော်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ် သို့မဟုတ် ကိုဗစ်–၁၉ ရောဂါကူးစက်မှုမရှိကြောင်း အထောက်အထားများ ပြသရမည်ဖြစ်သည်။

ခရီးသွားလာရေးဝန်ကြီး ဟာရီသီရိုချာရစ်က ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသော ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာ ကုန်သွယ်မှုပြပွဲတစ်ခုတွင် အထက်ပါ နိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒကို ချပြခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားခရီးသွားများအား မေ ၁၄ ရက်တွင် စတင်ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံ၏ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဂရိပြည်သူများ မျှော်လင့်စောင့်စားလျက်ရှိသည်မှာ နိုင်ငံ၏ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာစေရန်ပင်ဖြစ်ကြောင်း ဝန်ကြီး ဟာရီသီရိုချာရစ်က ပြောကြားခဲ့သည်။

ဂရိနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနက် ခရီးသွားများအား စတင်ဝင်ရောက်ခွင့်ပြုမည့်ရက်ကို ကြေညာခဲ့သည့် ပထမဆုံးနိုင်ငံပင်ဖြစ်သည်။

ဂရိနိုင်ငံသည် ခရီးသွားလုပ်ငန်းအပေါ် မှီခိုနေရသည့် နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းပြန်လည်ကောင်းမွန်မှသာလျှင် နိုင်ငံ၏စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်မည်ဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသွားများအား ပြည်ဝင်ခွင့်ပြုမည့်ရက်ကို အခြားသော ဥရောပသမဂ္ဂနိုင်ငံများထက် ပိုမိုစောစီးစွာ ကြေညာခဲ့ခြင်းပင်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**





# ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဒစ္စနေလန်းဥယျာဉ်ကို ဧပြီလအတွင်း ပြန်လည်ဖွင့်လှစ်မည်

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ဗိုင်းရပ်စ်ကာကွယ်ဆေးစည်းမျဉ်းများ ဖြေလျှော့ပေးခဲ့ပြီးနောက် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဒစ္စနေလန်းအပန်းဖြေဥယျာဉ်ကို ဧပြီလမကုန်မီ ဖွင့်လှစ်သွားရန် အမေရိကန် ကစားကွင်းကုမ္ပဏီ သည်ဝေါ်ဒစ္စနေက စီစဉ်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

## ပိတ်ပင်ထားခဲ့

ဒစ္စနေလန်း အပန်းဖြေဥယျာဉ်နှင့် ဒစ္စနေ ကယ်လီဖိုးနီးယား ကစားကွင်းဥယျာဉ်တို့ကို နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါစတင်ကူးစက်ပျံ့နှံ့သည့် လွန်ခဲ့သောနှစ် မတ်လမှစပြီး ပိတ်ပင်ထားခဲ့သည်။

ဥယျာဉ်များ ပြန်လည်မဖွင့်လှစ်မီ ဝန်ထမ်း ၁၀၀၀၀ ကျော်အား ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သည်ဝေါ်ဒစ္စနေကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ သိသိသာသာ ကျဆင်းခဲ့ပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကိုလည်း ထိုးနှံပေးလျက်ရှိကြောင်း ဒေသန္တရကျန်းမာရေး တာဝန်ရှိသူများက ဆိုသည်။

ဧပြီ ၁ ရက်မှစပြီး ပန်းခြံများ၊ ဘော့စ်ဘောကစားကွင်းများကို လူဦးရေအကန့်အသတ်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်းနှင့် ပန်းခြံနှင့် ကစားကွင်းများသို့ လာရောက်ကြသူများသည် နှာခေါင်းစည်းများ ဝတ်ဆင်ထားရမည်ဖြစ်ကြောင်း ဒေသန္တရကျန်းမာရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**

# ဆွစ်ဇာလန်နိုင်ငံက ယခုလအတွင်း Moderna နှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်းရရှိရန် မျှော်လင့်လျက်ရှိ

**ဇူးရစ် မတ် ၁၀**

ဆွစ်ဇာလန်နိုင်ငံ၌ ယခုလအတွင်း Moderna နှင့် Pfizer ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အလုံးရေ တစ်သန်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူ နိုရာကရိုနစ်က မတ် ၉ ရက်တွင် ပြောကြားခဲ့သည်။

## လက်ခံရရှိ

ဆွစ်ဇာလန်နိုင်ငံ၌ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် Moderna နှင့် Pfizer ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ သန်းခန့် လက်ခံရရှိခဲ့ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ၌ နွေရာသီကာလမတိုင်မီ နိုင်ငံလူဦးရေ ၈ ဒသမ ၆ သန်းအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်းနှင့် လက်ရှိတွင် ဆွစ်ဇာလန်နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၉၀၀၀၀၀ ရှိပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၂၀၀၀၀ ရှိကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၈ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၆၇၀၀၀ ကျော်ရှိလာခဲ့ပြီး သေဆုံးသူပေါင်း ၁၀၀၇၈ အထိ ရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား–စီအင်န်အေ**
**ဘာသာပြန်–အလင်းသစ်**




# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၈၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ မတ် ၁၀**

ဖိလစ်ပိုင်နိုင်ငံတွင် ယမန်နေ့က ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၆ ဦးထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၆၀၃၃၀၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

## ဝန်ထုပ်ဝန်ပိုးဖြစ်လာမည်

နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၅၄၅ ဦးရှိလာပြီး ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၅၄၆၂၉၃ ဦးရှိကြောင်း သိရသည်။ မက်ထရိုမနီလာဒေသနှင့် အခြားဒေသများတွင် ပြီးခဲ့သောရက်များအတွင်းက ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် မြင့်တက်ခဲ့ပြီး ၎င်းကဲ့သို့ ရောဂါကူးစက်မှုများ မြင့်တက်လာမည်ဆိုပါက ဆေးရုံများအပေါ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်လာမည်ဖြစ်ကြောင်း အမျိုးသား ကိုဗစ်–၁၉ ရောဂါဆိုင်ရာလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူဖြစ်သည့် လီပေါ်ဒိုဗီဂါက ပြောကြားသည်။

ဒေသဆိုင်ရာအစိုးရအဖွဲ့များကလည်း ဒေသအလိုက် ကိုဗစ်–၁၉ ရောဂါပျံ့နှံ့မှုများကို တားဆီးရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ မက်ထရိုမနီလာဒေသတွင် ကိုဗစ်–၁၉ ရောဂါအစုလိုက်အပြုံလိုက် ကူးစက်ခံရမှုများကို တွေ့ရှိရသဖြင့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ချမှတ်ထားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၈၂၆၂၉၇၆ | ဦး |
| သေဆုံးသူ | ၂၆၂၄၃၀၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၃၉၃၂၇၄၁ | ဦး |







## ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုနှင့် ကွမ်းလုံမြို့နယ်တို့တွင် ငွေကျပ် သိန်း ၃၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းခဲများ၊ TNT ယမ်းပြင်းများနှင့် ဒီတိုနီတာများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုနှင့် ကွမ်းလုံမြို့နယ်တို့တွင် ငွေကျပ် သိန်း ၃၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းခဲများ၊ TNT ယမ်းပြင်းများနှင့် ဒီတိုနီတာများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၉ ရက် ညနေ ၄ နာရီခွဲတွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေး သွားကားလမ်း မိုင်တိုင် (၈၀/၄)အနီးတွင် သီပေါမှ ပြင်ဦးလွင်သို့ ကိုကိုလတ်(၄၅)နှစ် မောင်းနှင်ပြီး စိုင်းသီဟစိုး(၂၉)နှစ် လိုက်ပါလာသည့် ယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ် သိန်း ၃၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို စိုင်းခမ်း(၃၀)နှစ်က ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာမှ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း။


ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် ညနေ ၅ နာရီခွဲတွင် ကွမ်းလုံမြို့နယ် ရှင်လုံကျိုင်းကျေးရွာအနီး ဟိုလီ-နမ့်ကျွမ်း သွားကားလမ်းတွင် နမ့်ကျွမ်းကျေးရွာမှ ဟိုလီကျေးရွာသို့ ရန်လောက်ရှုံး(၃၅)နှစ် မောင်းနှင်ပြီး စိုင်းသန်းလူ(၃၄)နှစ် လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၃၅ ဂရမ်နှင့် TNT ယမ်းပြင်း ၁၅၃ ကီလို၊ ဒီတိုနီတာ ၁၄၈၅ ချောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**


သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

## ပင်လောင်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် နံနက် ၈ နာရီက ပင်လောင်းမြို့ ရင်းမိုးရပ်ကွက် ရင်းမိုးပူးပေါင်းစစ်ဆေးရေးဂိတ်အနီး ပင်လောင်း-ဖယ်ခုံသွားလမ်း၌ စစ်ဆေးရေးဆောင်ရွက်နေစဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှာ စစ်ဆေးရေးဂိတ်သို့မရောက်မီ ဆိုင်ကယ်အား နောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ရင်းမိုးရပ်ကွက်၌ ဆိုင်ကယ်အား ရပ်တန့်၍ ထွက်ပြေးသွားပြီး ပူးပေါင်းအဖွဲ့က စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်း ၃၂ ဒသမ ၂ ကီလိုကို လည်းကောင်း။

ထို့အတူ မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ဟွေခါးကျေးရွာအနီး၌ စစ်ဆေးရေးဆောင်ရွက်နေစဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှာ ဆိုင်ကယ်ခွကြားရှိ ကျောပိုးအိတ်တစ်လုံးအား ပစ်ချ၍ နောက်ပြန်လှည့်ကာ မောင်းနှင်ထွက်ပြေးသွားသဖြင့် ပူးပေါင်းအဖွဲ့က အဆိုပါကျောပိုးအိတ်အား သွားရောက် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ်တန် ၅၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System– CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၆ ဒသမ ၇၈၀၀ တန်၊ သစ်မာ ၆ ဒသမ ၄၉၉၉ တန်၊ အခြား ၃၆ ဒသမ ၈၄၈၃ တန် စုစုပေါင်း ၅၀ ဒသမ ၁၂၈၂ တန်၊ ပြစ်မှုကျူးလွန်သူ ၁၀ ဦး၊ ယာဉ်/ယန္တရား ၁၀ စီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဥပဒေရေးရာ သိမှတ်စရာ(၃)

## ဦးရွှေ့နေ

**သွေးမြေမကျစေဖို့ အဓိက**

ဤဆောင်းပါးများ ဘာ့ကြောင့် ရေးနေသလဲ။

“လိုရင်း၊ တိုရှင်း ဖြေကြားရပါလျှင် သွေးမြေမကျစေဖို့ အဓိကပါပဲ” ဟု ဦးရွှေ့နေ ပြောချင်ပေသည်။ ဘာဖြစ်ချင်ကြတာလဲ။ ဘယ်လမ်းကို လျှောက်ကြမှာလဲ။ တရားဥပဒေစိုးမိုးရေးက အဓိကလား။ အလုံးစုံပျက်သုဉ်းရေးက အဓိကလား။ ငြိမ်းချမ်းရေးက အဓိကလား။ ရုန်းရင်းဆန်ခတ်ဖြင့် သေကြ၊ ကျေကြ၊ သွေးမြေကျဖို့က အဓိကလား။ စဉ်းစားကြပါစို့။ အပြန်အလှန် သုံးသပ်ကြပါစို့။ ဘယ်လိုနည်းလမ်း၊ ဘယ်လိုစည်းကမ်းတွေနှင့် ဖြေရှင်းကြမှာလဲ။ တရားဥပဒေလမ်းကြောင်းမှလွဲ၍ ဖြေရှင်းစရာမရှိနိုင်ပေ။ အများဆွေးနွေးကြပါ။

**မင်းမဲ့စရိုက်**

မင်းမဲ့စရိုက် (ANARCHY) လမ်းစဉ်နှင့် သွားကြမည်လား။ ဒီမိုကရေစီ အေးချမ်းသောနည်းလမ်းနှင့် သွားကြမည်လား။ တရားဥပဒေစိုးမိုးတာ ကြိုက်သလား။ တရားဥပဒေကင်းမဲ့ပြီး လက်နက်နှင့် ဖြေရှင်းတာ လက်ခံနိုင်ကြပါ့မလား။ ညှိညှိနှိုင်းနှိုင်း မေတ္တာ၊ သစ္စာ၊ အေးချမ်းစွာဖြင့် ညီညီညာညာ ဆွေးနွေးအဖြေရှာ ဥပဒေရေးရာ သိမှတ်ကြစေချင်ပါပြီ။ စဉ်းစားကြပါ။ သုံးသပ်ကြပါ။ ဆုံးဖြတ်ကြပါ။ မြို့မိမြို့ဖတွေ ရှေ့တန်းက ထွက်ကြပါ။ လူထုမနစ်နာအောင်၊ သောကမရောက်အောင်၊ စိတ်ချမ်းသာအောင် ကြံဆောင်ပေးကြပါ။ နည်းလမ်းကောင်းရွေးကြပါစို့။

**လူငယ်တွေ**

လူငယ်တွေ ညီညာစွာဖြင့် စုဝေးတိုင်ပင်ကြပြီး တရားဥပဒေကို လိုက်နာကြဖို့ စီစဉ်ကြပါစို့။ သက်ဆိုင်ရာ အာဏာပိုင်များက လူငယ်တွေကို ဖိတ်ခေါ်ပါ။ ဆွေးနွေးပါ။ အေးချမ်းဖို့၊ တရားဥပဒေလိုက်နာဖို့ သွန်သင်ပေးကြပါ။ စည်းရုံးပေးကြပါ။ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် ဆွေးနွေးပေးပါ။ ဥပဒေစည်းကမ်းများကို ရှင်းပြကြပါ။ စည်းရုံးဟောပြောနိုင်လျှင်၊ နားလည်အောင်ပြောလျှင် လက်ခံကြမည်သာ။

**တရားဥပဒေများ**

တရားဥပဒေများ၊ လမ်းညွှန်များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပါ။ ဥပဒေပညာရှင်များ၊ ရှေ့နေများကို ရှေ့တန်းကထားပြီး ပညာပေးဆွေးနွေးစေချင်ပါသည်။ ဥပဒေကို အများသိအောင် ပြောကြပါ။ ရေးကြပါ။ ဟောပြောပေးကြပါ။ အားလုံးက ဥပဒေကို လက်ကိုင်ထားပြီး ဆောင်ရွက်ကြပါ။ ဒေါသတရားကို လက်ကိုင်မထားကြဘဲ မေတ္တာတရားဖြင့်သာ အောင်စေသတည်း။

**ရာဇသတ်ကြီး ပုဒ်မ ၁၈၈**

ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ထုတ်ပြန်ကြေညာသော အမိန့်ကို ဖီဆန်လျှင် ထောင်ဒဏ် (၆) လအထိ ချမှတ်နိုင်ပါသည်။ အကျယ်ကို ဆက်လက်ရှင်းပြပါမည်။

**ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ထုတ်ပြန်ကြေညာသောအမိန့်ကို ဖီဆန်ခြင်း**

**ပုဒ်မ ၁၈၈။** ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းမှ ရှောင်ကြဉ်ရမည်ဟုသော်လည်းကောင်း၊ မိမိ လက်ရှိပစ္စည်းနှင့် သို့မဟုတ် မိမိစီမံခန့်ခွဲရသော ပစ္စည်းနှင့် စပ်လျဉ်း၍ အမိန့်အတိုင်းတစ်ခုခု ပြုလုပ်ထားရမည်ဟုသော် လည်းကောင်း ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာရန် အာဏာရရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေညာသောအမိန့်ကို သိလျက်နှင့် မည်သူမဆို ထိုအမိန့်ကို ဖီဆန်လျှင် ထိုသူအား အကယ်၍ ထိုသို့ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ စေခိုင်းခြင်းခံရသော သူကို (က) ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ငြိုငြင်စေခြင်းသော်လည်းကောင်း၊ နစ်နာစေခြင်းသော်လည်းကောင်း ဖြစ်စေသော် သို့မဟုတ် ဖြစ်စေတတ်သော် သို့မဟုတ် (ခ) ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ငြိုငြင်စေခြင်းသော်လည်းကောင်း၊ နစ်နာစေခြင်းသော်လည်းကောင်း ဖြစ်မည့် အန္တရာယ်ကို ဖြစ်စေသော် သို့မဟုတ် ဖြစ်စေတတ်သော် တစ်လထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သောင်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*(ရာဇသတ်ကြီးကို ပြင်ဆင် သည့် ဥပဒေ အမှတ် ၆/၂၀၁၆)*

ထို့ပြင် အကယ်၍ ထိုသို့ ဖီဆန်ခြင်းသည် လူ့အသက်ကို သော်လည်းကောင်း၊ ကျန်းမာရေးကို သော်လည်းကောင်း၊ လုံခြုံရေးကိုသော်လည်းကောင်း ဘေးဖြစ်စေသော် သို့မဟုတ် ဘေးဖြစ်စေတတ်သော် သို့မဟုတ် ရုန်းရင်းဆန်ခတ်မှုကိုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော်လည်းကောင်း ဖြစ်စေသော် သို့မဟုတ် ဖြစ်စေတတ်သော် ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ *(ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ အမှတ် ၆/၂၀၁၆)*

**ရှင်းလင်းချက်။ ပြစ်မှုကျူးလွန်သူက ဘေးအန္တရာယ်ပြုရန် ကြံရွယ်ခြင်းသည် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေတန်ရာသည့် ဖီဆန်ခြင်းကို ကြံဆခြင်းသည် လိုရင်းမဟုတ်။ ပြစ်မှုကျူးလွန်သူက မိမိဖီဆန်သော အမိန့်ကိုသိ၍ ထိုသို့ဖီဆန်ခြင်းသည် ဘေးအန္တရာယ်ဖြစ်စေသည်ကိုသော်လည်းကောင်း၊ ဖြစ်စေတန်ရာသည်ကိုသော်လည်းကောင်း သိလျှင် လုံလောက်သည်။**

**ဥပမာ**

ကိုးကွယ်ရာဘာသာနှင့်ဆိုင်သော စီတန်းလှည့်လည်ခြင်းကို လမ်းတစ်လမ်းတွင် မပြုရဟု အမိန့်ထုတ်ပြန်ကြေညာရန် ဥပဒေနှင့်အညီ အာဏာရှိသော ပြည်သူ့ဝန်ထမ်းက အမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာ၏။ မောင်ဖြူသည် သိလျက်နှင့် ထိုအမိန့်ကိုဖီဆန်၏။ ထိုသို့ ဖီဆန်သဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားရန် အန္တရာယ်ဖြစ်စေ၏။ မောင်ဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသောပြစ်မှုကို ကျူးလွန်ရာရောက်သည်။

**ပုဒ်မ ၁၈၈ မှတ်စု**

**(က) ပုဒ်မ ၁၈၈ ပြင်ဆင်ချက်**

ဤပုဒ်မပါ ဒဏ်ငွေ “ကျပ်နှစ်ရာ” ကို “ကျပ်နှစ်သောင်း”ဟုလည်းကောင်း၊ “ကျပ်တစ်ထောင်”ကို “ကျပ်တစ်သိန်း” ဟုလည်းကောင်း ပြင်ဆင်ထားသည်။ (ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ အမှတ် ၆/၂၀၁၆)

**(ခ) ရာဇဝတ်ကျင့်ထုံး ဇယား-၂**

ပုဒ်မ ၁၈၈ မှာ ရဲအရေးမပိုင်။ ဦးစွာ သမ္မန်စာ ထုတ်ဆင့်ရသည်။ အာမခံပေးရမည်။ ကျေအေးခွင့်မရှိ။ မည်သည့်တရားသူကြီးကမဆို စစ်ဆေးစီရင်နိုင်သည်။ *(ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေ အမှတ် ၁၆/၂၀၁၆)*

**(ဂ) ပြည်သူ့ဝန်ထမ်း၏ တိုင်ကြားစာ**

မည်သည့်တရားရုံးကမျှ ပုဒ်မ ၁၈၈ အရ ပြစ်မှုကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ တိုင်ကြားစာ သို့မဟုတ် ၎င်းဝန်ထမ်း၏အထက် ပြည်သူ့ဝန်ထမ်း၏ တိုင်ကြားစာအရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။ *[ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (က)]*

**ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု**

**ပုဒ်မ ၃၃၃။** ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရား ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းဖြစ်သူကို မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေလျှင် သို့မဟုတ် ထိုသူကိုဖြစ်စေ၊ အခြားပြည်သူ့ဝန်ထမ်းကိုဖြစ်စေ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ တားဆီးရန် သို့မဟုတ် ဟန့်တားရန်အကြံဖြင့် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေလျှင် သို့မဟုတ် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် မိမိ၏ တာဝန်ဝတ္တရားကို ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ် ထိုသူပြုပြီးသော သို့မဟုတ် ပြုရန်အားထုတ်ပြီးသော အကြောင်းကြောင့် ထိုသူအား မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကိုပြုလျှင် ထိုသို့ နာကျင်စေမှုပြုသောသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၃၃၃ မှတ်စု**

**(က) ပုဒ်မ ၃၃၃ အနှစ်သာရ**

ဤပုဒ်မမှာ တာဝန်ဝတ္တရားဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို တားဆီးဟန့်တားရန် အကြံဖြင့် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှုဖြစ်သည်။

ဤပုဒ်မနှင့် သဘောချင်းဆင်တူသော ပုဒ်မ ၃၃၂ မှာ သာမန်နာကျင်စေမှုအတွက် ဖြစ်သည်။ ဤပုဒ်မတွင် ပြစ်ဒဏ်ကို ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်ပြီး ပုဒ်မ ၃၃၂ မှာ ၃ နှစ်ထိသာ ချမှတ်နိုင်သည်။

**(ခ) ရာဇဝတ်ကျင့်ထုံး ဇယား-၂**

ပုဒ်မ ၃၃၃ မှာ ရဲအရေးပိုင်သည်။ ဦးစွာ ဝရမ်းထုတ်ဆင့် ဖမ်းဆီးနိုင်သည်။ အာမခံမပေးနိုင်။ ကျေအေးခွင့်မရှိ။ ခရိုင်တရားရုံးက စစ်ဆေးစီရင်နိုင်သည်။

**ပြည်သူ့ဝန်ထမ်းဘက်က ကြည့်ပေးပါ**

ပြည်သူ့ဝန်ထမ်းဘက်က ကြည့်ပေးပါဟု ဘာကြောင့်ရေးရ၊ ပြောရပါသလဲ။ ပြည်သူ့ဝန်ထမ်းဆိုတာ ပြည်သူတွေ၏ ဝန်ထမ်းဖြစ်ပါသည်။ ပြည်သူ့ဝန် ထမ်းကြသူတွေပါ။ ပြည်သူသည်သာ အမိ၊ ပြည်သူသည်သာ အဖ ဖြစ်ပေသည်။ ပြည်သူကို ဒုက္ခပေးသူများ မဟုတ်ကြပါ။ ပြည်သူ့အကျိုးကို သယ်ပိုးကြသူတွေပါ။

**ပြည်သူ့ဝန်ထမ်းဘက်က ကြည့်ပေးပါဟု ဘာကြောင့်ရေးရ၊ ပြောရပါသလဲ။ ပြည်သူ့ဝန်ထမ်းဆိုတာ ပြည်သူတွေ၏ ဝန်ထမ်းဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်းကြသူတွေပါ။ ပြည်သူသည်သာအမိ၊ ပြည်သူသည်သာအဖ ဖြစ်ပေသည်။ ပြည်သူကို ဒုက္ခပေးသူများ မဟုတ်ကြပါ။ ပြည်သူ့အကျိုးကို သယ်ပိုးကြသူတွေပါ။**

မဖြစ်သင့်တာ မဖြစ်ကြရအောင်၊ မလုပ်သင့်တာ မလုပ်ဘဲနေကြရအောင် ဝိုင်းဝန်းကူညီကြပါ။ တာဝန်အရ လုပ်ရသောဝန်ထမ်းတွေကို နားလည်ပေးကြပါ။ မလွှဲမရှောင်သာ တာဝန်ထမ်းရသူသား သမီးများကို နားလည်ပေးပါ။

တာဝန်ထက်ပိုပြီး ဘယ်သူမှ မလုပ်ချင်ကြပါ။ ပိုပြီး ဆန္ဒစောပြီးလုပ်မိသူ ဝန်ထမ်း(အချို့) ရှိခဲ့ပါသော် ...။ သူ့တရားသူ စီရင်သွားပေလိမ့်မည်။ တရားဥပဒေအရ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူခံရမှာပါ။

**ဥပဒေလက်လွတ် မလုပ်ကြစေနှင့်**

ဥပဒေလက်လွတ် မလုပ်ကြပါနှင့်။ အားလုံးဝိုင်းပြီး စဉ်းစားကြပါ။ တွေးခေါ်ကြပါ။ ညှိနှိုင်းကြပါ။ အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်၊ ငြိမ်းချမ်းသော အကောင်းဆုံးနည်းလမ်းများ ရွေးချယ်ကြပါ။ ဆန္ဒပြသူများ၏ တင်ပြချက်များကို နားထောင်ပေးပါမည်။ ဆွေးနွေးပေးပါမည်။ အကောင်းဆုံးနည်းလမ်းများကို ရွေးချယ်ပေးကြပါမည်။ တရားဥပဒေဘောင်အတွင်း ညှိနှိုင်းဆွေးနွေး၊ အဖြေရှာကြပါစို့။ တင်းလွန်းလျှင် ပြတ်တတ်ပါသည်။ အေးအေးဆေးဆေး ဆွေးနွေးကြပါစို့။

**ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှု**

(၁) ဒီမိုကရေစီနိုင်ငံတိုင်းမှာ ဆန္ဒပြစမြဲပါ။
(၂) အများအသိ၊ အားလုံးအသိပါ။
(၃) ငြိမ်းချမ်းစွာ ဆန္ဒပြကြပါ။
(၄) အကြမ်းမဖက်ကြပါနှင့်။
(၅) မင်းမဲ့စရိုက် မဆန်ကြပါနှင့်။
(၆) အများပြည်သူ ဘဝလုံခြုံပါစေ။
(၇) တရားဥပဒေ စိုးမိုးပါစေ။
(၈) ရပ်ရွာအေးချမ်းပါစေ။
(၉) တရားဥပဒေ လိုက်နာကြပါ။
(၁၀) ဗုဒ္ဓဘာသာဝင် များပြားသော တိုင်းပြည်ဖြစ်ပါသည်။
(၁၁) လူအချင်းချင်း စာနာတတ်ကြပါသည်။
(၁၂) မတော်မတရား မဖြစ်ကြပါစေနှင့်။
(၁၃) မင်းမဲ့စရိုက်ဖြစ်လာလေလေ တိုင်းပြည်နစ်နာလေပါပဲ။
(၁၄) ကိုဗစ်ရောဂါဆိုးကြီးကလည်း ဖြစ်ပွားနေချိန်မှာ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို ပြည်သူတွေ သောက၊ ဒုက္ခ မရောက်ကြစေလိုပါ။
(၁၅) မနက်မိုးလင်းတိုင်း မကြည့်ရက်စရာမြင်ကွင်းတွေ၊ အပျက်အစီးတွေ၊ သောကပူဆွေးဖွယ်ရာတွေကို တွေ့နေ၊ မြင်နေရတာ စိတ်မချမ်းသာပါ။
(၁၆) အေးချမ်းကြပါစေတော့။ သည်းခံခွင့်လွှတ်ခြင်းကို ရှေ့တန်းကတင်သော မြန်မာတို့၏ စရိုက်လက္ခဏာတွေ ဘယ်ရောက်ကုန်ပြီလဲဗျာ။
(၁၇) ဒေါသတရားတွေ ပြေကြပါစေတော့။
(၁၈) ဘယ်လိုလုပ်မှ၊ ဘယ်လို လိုက်နာမှ၊ ဘယ်လိုသဘောတူမှ၊ ဘယ်လိုကျင့်ကြံမှ ဒီသောက၊ ဒီမောဟတွေ ဒီလောကတွေ ကင်းစင်ပပျောက်ပါမည်လဲ။ နည်းလမ်းရှာကြပါစို့။

**ဥပဒေရေးရာလေ့လာပါ**

(က) ဥပဒေတွေလေ့လာကြပါ။
(ခ) ဥပဒေတွေဖတ်ကြပါ။
(ဂ) ဥပဒေပညာရှင် ရှေ့နေတွေ ဟောပြောပေးကြပါ။
(ဃ) ငြိမ်းချမ်းရေး အရေးကြီးလှပါသည်။
(င) စိတ်မချမ်းသာစရာတွေ မဖြစ်ပေါ်ကြပါစို့။
(စ) တရားဥပဒေ အောင်ပါစေသတည်း။

# သွားရေးလာရေးအဆင်ပြေဖို့၊ နယ်မြေတည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်

ဦးလေးအောင်

ဆန္ဒပြပွဲတွေ ရက်ရှည်လာသည်နှင့်အမျှ ပြည်သူတွေ ပင်ပန်းဆင်းရဲလာကြပြီ။ ငွေကြေးအခက်အခဲတွေ ကြုံတွေ့လာရပြီ။ အသက်နှင့်ဘဝတွေ ထိခိုက်လာကြရပြီ။ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ ပြည်သူတွေရဲ့ ဘဝလုံခြုံမှုတွေ ထိခိုက်လာကြရသည်မှာ အားလုံး သိမြင်ခံစားနေကြရသည်။ ယင်းသို့ ဖြစ်စဉ်နှင့် ပတ်သက်၍ ထိခိုက်ခံစားရသည့် ပြည်သူအချို့၏ စကားသံများကို ဆက်သွယ်မေးမြန်းခဲ့ပါသည်။

"ကျွန်တော်တို့ မိသားစုက နိုင်ငံ့ဝန်ထမ်းမျိုးရိုး လို့ဆိုရလောက်အောင် သားစဉ်မြေးဆက် ဝန်ထမ်း အဖြစ် လုပ်ကိုင်နေကြပါတယ်။ ဝန်ထမ်းဘဝဟာ အာမခံချက်ရှိတယ်။ ဣန္ဒြေသိက္ခာလည်း ရှိတယ်။ သမ္မာအာဇီဝကျတဲ့ အလုပ်မို့ နိုင်ငံ့ဝန်ထမ်းအဖြစ် ဂုဏ်ယူစွာ လုပ်ကိုင်နေပါတယ်။ အခုချိန်မှာ နိုင်ငံရေး ဖြစ်စဉ်ပြောင်းလဲလို့ CDM လှုပ်ရှားမှုတွေ၊ ဆန္ဒပြမှု တွေ ဖြစ်လာခဲ့တယ်။ ရုံးဌာနမှာ လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေတွေက CDM မှာ ပါဝင်ဖို့၊ အလုပ်မဆင်းဖို့ ပြောကြတယ်။ ကျွန်တော်တို့မိသားစုက အေးအေး ချမ်းချမ်းပဲ နေတတ်လို့ CDM လှုပ်ရှားမှုမှာ မပါဝင် ခဲ့ပါဘူး။ အဲဒီလို CDM မလုပ်လို့ တချို့က အပြစ်တင် စကားဆိုသူဆို၊ လူမှုကွန်ရက်မှ မထိတထိ စောင်း မြောင်းပြောဆို ပြစ်တင်လာတယ်။ ရပ်ကွက်ထဲ ရောက်ပြန်တော့လည်း လက်သုံးချောင်းမထောင်၊ ဆန္ဒပြသူတွေကို လက်ခုပ်တီးအားမပေး၊ သံပုံးလည်း မတီးတော့ လမ်းသူလမ်းသားတချို့က အမြင်စောင်း လာကြတယ်။ ရုံးသွားတဲ့အခါမှာလည်း လမ်းတွေ ပိတ်ထားလို့ မဝံ့မရဲ အထိတ်တလန့်နဲ့ သွားနေရ တယ်။ ဒါကြောင့်မို့ သွားရေးလာရေးအဆင်ပြေဖို့၊ နယ်မြေတည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်"ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးလေးအောင်က ပြောသည်။

"ကျွန်မက နှလုံးရောဂါခံစားနေရသူပါ။ လတ်တလော ညစဉ် သံပုံးတီးသံတွေ၊ အော်ဟစ် သံတွေကြောင့် သက်ကြီးအရွယ်နဲ့ ကလေးသူငယ်တွေ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်နေကြသလို ကျန်းမာရေးချူချာတဲ့ ကျွန်မလည်း ထိတ်လန့် တုန်လှုပ်ကာ ဝေဒနာတိုးလို့လာပါတယ်။ အသက်ရှူ ကျပ်လို့ အောက်ဆီဂျင်ရှူရင်း ညစဉ် ကျော်ဖြတ်နေ ရပါတယ်။ ပြည်သူ့ဆေးရုံသွားဖို့ကလည်း ဆရာဝန် တွေမရှိလို့ ဆေးကုဖို့အဆင်မပြေဘူး။ ကျန်းမာရေး ဝန်ထမ်းတွေ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကို ပြည့်ဝစွာ မထမ်းဆောင်ဘဲ လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်နေကြတာကြောင့် ပြည်သူတွေရဲ့ ကိုဗစ်-၁၉ ရောဂါအပါအဝင် အခြားကျန်းမာရေး လိုအပ်ချက်တွေအတွက် တပ်မတော်ဆေးရုံတွေက ကုသစောင့်ရှောက်ပေးနေတာ ကြားသိမြင်တွေ့နေရ ပါတယ်။ ဆေးကုသပေးနေတဲ့ တပ်မတော်ဆေးရုံ ကို သွားဖို့ကလည်း လမ်းတွေကို အတားအဆီးတွေ နဲ့ ပိတ်ထားလို့ သွားမရဖြစ်ခဲ့ရတယ်။ ဒါကြောင့် ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း မြန်မာပြည်ကြီး အမြန်ငြိမ်းချမ်းပါစေလို့သာ ဆုတောင်းနေရပါ တယ်"ဟု နှလုံးရောဂါဝေဒနာရှင် မထားက ပြော သည်။

"အခုတလောဆန္ဒပြပွဲတွေ အားကောင်းအောင်၊ အရှိန်မြင့်အောင် သွေးထိုးလှုံ့ဆော်မှုတွေ ဖန်တီးလာ ကြတယ်။ ပြည်သူတွေသွေးမြေကျမှ သွေးဆူမယ်၊ သွေးဆူမှ အရှိန်တက်လာကာ ပေါက်ကွဲအား ပိုပြင်း လာမယ်ဆိုပြီး သွေးထိုးမြှောက်ပင့်နေတာတွေကို မြင်တွေ့လာရတယ်။ ဒီလိုသွေးထိုးလှုံ့ဆော်နေတာ တွေက အပြုသဘောထက် အပျက်သဘောကို ဦးတည်လာနေကြတယ်။ လူမှုကွန်ရက်မှာ နေ့စဉ် မြင်တွေ့နေရတဲ့ သတင်းတွေထဲမှာ အတုအယောင် သတင်းမျိုးစုံဟာလည်း လူထုစိုးရိမ်မှုကို ပိုမိုမြင့်တက် လာစေတယ်။ လူငယ်တွေကို အဆုံးအထိ တိုက်ကြဖို့ ဆိုပြီး မြှောက်ပင့်ပေးသူတွေက လမ်းပေါ်ထွက်မလာ ကြပါဘူး။ သေနတ်နဲ့ပစ်တဲ့အခါ ရှေ့ကမားမား မတ်မတ် ကာကွယ်ပေးတာ မဟုတ်ပါဘူး။ တကယ် တော့ CDM လှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်ပွဲတွေမှာ တွေ့ရတာက လူငယ်တွေ၊ နိုင်ငံရေးရာ ဘာမှ မသိသေးတဲ့ ကျောင်းသားအရွယ် ကလေးတွေသာ များနေတာတွေ့ရတယ်။ ဒါတွေဟာ တကယ့်ကို မဖြစ်သင့်ဘူး။ အချို့လှုပ်ရှားမှုမှာ ပါဝင်နေတဲ့ လူငယ် တွေဆို CDM ဟာ ဘာမှန်းတောင် မသိကြပါဘူး။ ဒါ့ကြောင့် CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့လူငယ်တွေ အသိတရားနဲ့ယှဉ်ကာ ဆင်ခြင်ကြပါ"ဟု အငြိမ်းစား ဝန်ထမ်း ဦးဘခင်က ပြောသည်။

"အရင် ကိုဗစ်ကာလတုန်းက ပင်စင်ထုတ်ရတာ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်တွေ ရှိပေမယ့် စနစ်တကျနဲ့ ထုတ်ပေးတာဆိုတော့ အဆင်ပြေ တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဇန်နဝါရီလအတွက် ပင်စင် လစာကို ဖေဖော်ဝါရီလမှာ သွားထုတ်ရပါတယ်။ ဖေဖော်ဝါရီ ၂၃ ရက်ကပါ။ အဲဒီအခါကျတော့ မြန်မာ့ စီးပွားရေးဘဏ်မှာ တိုကင်စနစ်နဲ့ စောင့်ပြီး ထုတ်ရ တယ်။ အတော်လေးကို စောင့်ရတာပါ။ အရင် ထုတ်နေကျလို အနေအထားမဟုတ်တော့ဘူး။ မနက် ၈ နာရီလောက်ကတည်းက စောင့်လိုက်တာ နေ့လယ်ကျမှရတယ်။ အဲဒါနဲ့ ဘာကြောင့်လဲပေါ့ ဆိုပြီး ဘေးလူတွေ မေးကြည့်တော့ ဘဏ်မှာ CDM လုပ်တဲ့ဝန်ထမ်းတွေများတော့ ရှိတဲ့ဝန်ထမ်းအင်အား နဲ့ ဆောင်ရွက်ပေးနေရလို့ ကြာနေတာလို့ သိရတယ်။ အဘွားတို့လည်း တစ်ချိန်က ဝန်ထမ်းလုပ်ခဲ့ကြတာ ပါ။ ကိုယ့်တာဝန်ကိုယ်ကျေအောင် လုပ်ခဲ့တယ်။ ပြည်သူတွေအတွက် အတတ်နိုင်ဆုံးဝန်ဆောင်မှု ပေးခဲ့တယ်။ အသက်အရွယ်ရလာတဲ့အခါ ပင်စင် ယူပြီး ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းနေတာ ပါ။ ပင်စင်လစာထုတ်ဖို့အတွက် လာရင် ကျန်းမာရေး သိပ်မကောင်းတော့လို့ မြေးနှစ်ယောက်ကို အဖော် ခေါ်လာရတယ်။ အသက်ကြီးပြီဖြစ်လို့ အခုလို အချိန် အကြာကြီးစောင့်ရတာ သိပ်ပြီးအဆင်မပြေလှဘူး။ ဒါ့ကြောင့် အဘွားတို့လို ပင်စင်စားတွေဘက်ကို ငဲ့တဲ့အနေနဲ့ CDM လုပ်နေတဲ့ ဝန်ထမ်းတွေ ရုံးပြန်တက်ကြရင်ကောင်းမယ်လို့ ဆန္ဒပြုမိပါတယ်။ အဲဒါဆိုရင် အဘွားနဲ့ဘဝတူ အခြားသော ပင်စင်စား တွေကလည်း ကျေးဇူးတင် အသိအမှတ်ပြုမှာပါ"ဟု အသက် ၇၈ နှစ်အရွယ်ရှိ ပင်စင်စားတစ်ဦးဖြစ်သူ အဘွား ဒေါ်အုံးခင်က ပြောသည်။

"ကျွန်တော်က ရုံးစာရေးတစ်ယောက်ပါ။ CDM နဲ့ပတ်သက်ပြီး ပြောရရင် သိပ်တော့ သဘော မတွေ့ဘူး။ CDM လုပ်တာ၊ မလုပ်တာကို မပြောပါ ဘူး။ အခုဟာက CDM မှာ မပါလို့ဆိုပြီး သူရဲဘော ကြောင်တဲ့ ကောင်လို့၊ သစ္စာဖောက်ကောင်လို့ စတဲ့ အသုံးအနှုန်းတွေနဲ့ ဝေဖန်တိုက်ခိုက်လာကြတယ်။ အဲဒီလို ပြောတဲ့သူတွေက သူစိမ်းတစ်ရံဆိုရင် မပြော လိုပါဘူး။ မသိချင်ယောင်ဆောင်နေလိုက်မှာပါ။ ဒါပေမယ့် အခုဟာက ကိုယ်နဲ့ တစ်ဌာနတည်း၊ တစ်ရုံးတည်း လုပ်ခဲ့တဲ့သူတွေပါ။ လူဆိုတာက ကိုယ့်ခံယူချက်နဲ့ ကိုယ်ရှိပါတယ်။ လက်ချောင်းတွေ တောင် အတိုအရှည် မညီကြတာပဲလေ။ အဲဒီတော့ သူတို့ဘာသာ သူတို့ CDM လုပ်ကြမယ်ဆိုပြီးလုပ်တော့ ကျွန်တော် မကန့်ကွက်ခဲ့ဘူး။ ကောင်းတယ်၊ ဆိုးတယ်လည်း မဝေဖန်ခဲ့ဘူး။ ဒါပေမယ့် သူတို့ကျ တော့ မှန်တယ်၊ CDM မလုပ်တဲ့ ကျွန်တော့်ကျတော့ မှားတယ်ဆိုတာမျိုးက လက်ခံနိုင်စရာ မရှိဘူးလေ။ နောက်ပြီး သူတို့က ရုံးရှေ့မှာ လူစုပြီး လာအော်ကြ တယ်။ ဆန္ဒပြကြတယ်။ ရုံးတက်တဲ့သူတွေကို လည်း ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်ပေါ်မှာ ဖွကြတယ်။ အမျိုးမျိုး စတေးတပ်တွေတင်ပြီးတော့ ဖိအားပေး တာတွေ လုပ်လာကြတယ်။ တချို့ ဘလော့သွား တယ်၊ တချို့ unfriend လုပ်သွားကြတာတွေထိ ဖြစ်လာတယ်။ အဲဒီအတွက်တော့ စိတ်မကောင်း ဖြစ်ရတာပေါ့။ ဒါပေမယ့်ဝန်ထမ်းတစ်ယောက်အနေနဲ့ ကိုယ့်ဟာကိုယ် ကိုယ့်အလုပ်ပဲ တာဝန်ကျေအောင် လုပ်နေပါတယ်။ ဘယ်သူ ဘာပြောပြော စိတ်မဝင် စားပါဘူး"ဟု အသက် ၃၀ အရွယ် အငယ်တန်းစာရေး ကိုမောင်မြင့်က ပြောသည်။

မင်းခန့်သော်

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## နိုင်ငံတော်တည်ငြိမ်ရေးကို အနှောင့်အယှက်ပေးနေသည့် နိုင်ငံရေးသမားများကို ထိရောက်စွာ အရေးယူပေးပါ

အယ်ဒီတာခင်ဗျာ–

နေ့စဉ်နှင့်အမျှ စိတ်မချမ်းမြေ့စရာ အဖြစ်အပျက်အချို့ ရင်နာစွာ တွေ့မြင်ကြားသိနေရသည်ကို တာဝန်ရှိသူများ ဖြေရှင်းပေးနိုင်ရန် အတွက် ရေးသားတင်ပြလိုက်ရပါသည်ခင်ဗျာ။ ကျွန်တော်နေထိုင်သော ရန်ကုန်မြို့သည် ယခင်က အနယ်နယ်အရပ်ရပ်မှ စီးပွားရေး လာရောက်လုပ်ကိုင်နေသူများ၊ ကျောင်း၊ သင်တန်းတက်ရောက် နေသူများ အစရှိသဖြင့် ကိုယ်ယုံကြည်ရာ ရည်မှန်းချက်အမျိုးမျိုး ဖြင့် ရှင်သန်လှုပ်ရှား စည်ကားသာယာလှပနေသည့် မြို့ဖြစ်ပါသည် ခင်ဗျာ။

ယခုအခါ နိုင်ငံတော်ကို ပုန်ကန်လိုသည့် နိုင်ငံရေးသမားတချို့က နိုင်ငံရေးအတွေ့အကြုံမရှိသည့်လူငယ်များကို အသုံးချကာ ဆန္ဒပြပွဲ များ ပြုလုပ်၍ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ပြီး အထိတ်တလန့်ဖြစ်စေရန် နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေသည်ကို စိတ်မချမ်း မြေ့စွာ ကြုံတွေ့နေရပါသည်။ ယင်းဆန္ဒပြပွဲများအား လုံခြုံရေးတပ်ဖွဲ့ ဝင်များက ညင်သာစွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေမှုကို အခွင့် အရေးယူ၍ တုတ်၊ ဓား၊ လက်နက်များဖြင့် အကြမ်းဖက်သည့်လုပ်ရပ် တချို့ ဆောင်ရွက်လာသည်ကို တွေ့မြင်နေရပါသည်။ ရင်နာစရာ ကောင်းသည်မှာ ဘဝအောင်မြင်ရေးအတွက် ကြိုးစားနေရမည့် လူငယ် များသည် ယခုအခါ ဆန္ဒပြပွဲများတွင် လိုက်ပါဆောင်ရွက်နေကြပြီး နိုင်ငံရေးသမားတချို့၏ အသုံးချခံဖြစ်နေသည့် အချက်ပင်ဖြစ်ပါ သည်။ အကြမ်းဖက်ဆန္ဒပြသည့် လုပ်ရပ်များအပြင် ရပ်ကွက်အတွင်း လှည့်လည်၍ နေ့၊ ည မပြတ် အော်ဟစ်ဆဲဆိုခြင်း၊ လူပုဂ္ဂိုလ် တချို့၏ပုံများ ကိုင်ဆောင်ပြီး လူ့အခွင့်အရေးချိုးဖောက်ကာ အရှက် ခွဲခြင်း စသည့် အကျင့်စာရိတ္တပျက်ယွင်းသည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိလာပါသည်။ ယင်းသို့ ဆောင်ရွက်နေသည့် လူငယ်များ၏ မိဘများသည်လည်း နေ့စဉ်နှင့်အမျှ စိတ်ညစ်နေကြသလို အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများသည်လည်း စိုးရိမ်စိတ်ကြီးစွာဖြင့် စိတ်မအေးနိုင်ဖြစ်နေကြရပါသည်။

ဒါကြောင့် နိုင်ငံတော်တည်ငြိမ်ရေးကို အနှောင့်အယှက်ပေးနေသည့် နိုင်ငံရေးသမားများကို ထိရောက်စွာ အရေးယူပေးပါရန်နှင့် ၎င်းတို့၏ အသုံးချခံဖြစ်နေသည့် ရိုးသားသည့် လူငယ်၊ လူရွယ်များနှင့် ပြည်သူ တချို့ ရုန်းထွက်နိုင်ရေးအတွက် နိုင်ငံတော်မှတာဝန်ရှိသူများက နည်း လမ်းများရှာကြံပြီး ကူညီဆောင်ရွက်ပေးပါရန် ရေးသားတင်ပြလိုက်ရ ပါသည်ခင်ဗျာ။

ဦးသတိုး

(တည်ငြိမ်အေးချမ်းစွာနေလိုသည့် ပြည်သူတစ်ဦး)

### အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာ နှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာ အတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူ များအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။**

**၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။**

**၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။**

**၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။**

**၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ် ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၀၉၂၀၈ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၄၀၈၅ ဦးဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၃၈၀၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၀၁ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၃၃၁၄ ဦးဖြစ်သည်။

၃။ မဲစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချမ်းမြသာစည်မြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဲရုံပေါင်း ၈၄ ရုံ | ၂၀၉၂၀၈ | ၂၁၄၀၈၅ | ၁၃၈၀၆ | ၈၀၁ | ၁၃၃၁၄ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် မဲရုံပေါင်း ၈၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၂၂၀၅၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၉၃၄၃ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၇၀၇ ၊ မြေပြင်လက်ကျန် ၇၀၇၂၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို / အလိုများ တွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၉၄၇၄ ဖြစ်ပြီး အပိုမဲလက်မှတ် အရေအတွက်မှာ ၇၄၉၃ ရွက်ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ချမ်းမြသာစည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၁၅၃၅၀ | ၁၄၈၇၆၉ | ၆၆၅၈၁ | ၆၀၄၇၆ | ၉၄၇၄ | ၃၃၆၉ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၆၀၀ | ၅၇၄ | ၂၆ | ၅၀ | - | ၂၄ |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၆၁၀၀ | - | ၆၁၀၀ | ၁၀၂၀၀ | - | ၄၁၀၀ |
| စုစုပေါင်း | | ၂၂၂၀၅၀ | ၁၄၉၃၄၃ | ၇၂၇၀၇ | ၇၀၇၂၆ | ၉၄၇၄ | ၇၄၉၃ |

၆။ ချမ်းမြသာစည်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၂၁၅၃၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၄၈၇၆၉ ဖြစ်သည်။ လက်ကျန် ၆၆၅၈၁ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၆၀၄၇၆ ဖြစ်သည်။ မဲလက်မှတ် ၉၄၇၄ ပျောက်ဆုံးနေပြီး အချို့မဲရုံများတွင် အပို ၃၃၆၉ ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရသည်။

၇။ ချမ်းမြသာစည်မြို့နယ်တွင် မဲစာရင်းများစစ်ဆေးနေသည့် ၅-၃-၂၀၂၁ ရက်နေ့တွင် ကျွန်းလုံးဥသျှောင်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဖုန်းမြင့်သိန်းက ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၉ အုပ်အားလည်းကောင်း၊ တမ္ပဝတီရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးဇော်ထွန်းက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၁၁ အုပ်စီအားလည်းကောင်း၊ အောင်ပင်လယ်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်ကျော်က ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၄ အုပ် အားလည်းကောင်း အသစ်အတိုင်း ပြန်လည်အပ်နှံခဲ့ပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ၈၂ အုပ် (ရွက်ရေ ၄၁၀၀) တို့ကို သီးခြားထပ်မံတွေ့ရှိရပါသည်။

၈။ ချမ်းမြသာစည်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံ ၈၄ ရုံတွင် ဆန္ဒမဲလက်မှတ်များ စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | မဲရုံ ပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | အပို |
| ၁ | သံလျက်မော်တင် ရပ်ကွက် | ၆ | ၁၇၃၅၀ | ၁၁၂၇၈ | ၆၀၇၂ | ၅၆၄၆ | ၈၂၆ | ၄၀၀ |
| ၂ | ကျွန်းလုံးဥသျှောင် ရပ်ကွက် | ၅ | ၁၂၀၅၀ | ၈၇၁၅ | ၃၃၃၅ | ၃၀၃၅ | ၉၀၀ | ၆၀၀ |
| ၃ | တမ္ပဝတီရပ်ကွက် | ၆ | ၁၅၄၅၀ | ၁၁၃၇၅ | ၄၀၇၅ | ၄၀၇၅ | ၅၅၀ | ၅၅၀ |
| ၄ | ချမ်းမြသာစည် တောင်ရပ်ကွက် | ၉ | ၂၃၄၅၀ | ၁၇၀၇၃ | ၆၃၇၇ | ၅၂၈၆ | ၁၆၀၀ | ၅၀၉ |
| ၅ | မြို့သစ်အမှတ်(၁) ရပ်ကွက် | ၄ | ၁၀၃၅၀ | ၆၇၀၇ | ၃၆၄၃ | ၃၃၉၃ | ၂၅၀ | - |
| ၆ | မြို့သစ်အမှတ်(၂) ရပ်ကွက် | ၄ | ၁၁၀၀၀ | ၇၁၅၂ | ၃၈၄၈ | ၃၂၉၈ | ၅၅၀ | - |
| ၇ | မြို့သစ်အမှတ်(၃) ရပ်ကွက် | ၄ | ၇၈၅၀ | ၄၉၂၂ | ၂၉၂၈ | ၂၉၇၈ | ၅၀ | ၁၀၀ |
| ၈ | မြို့သစ်အမှတ်(၄) ရပ်ကွက် | ၄ | ၁၁၅၀၀ | ၇၇၀၀ | ၃၈၀၀ | ၃၅၅၀ | ၂၅၀ | - |
| ၉ | မြို့သစ်အမှတ်(၅) ရပ်ကွက် | ၄ | ၈၉၅၀ | ၆၀၁၄ | ၂၉၃၆ | ၂၉၈၆ | ၁၀၀ | ၁၅၀ |
| ၁၀ | ကန်သာယာ ရပ်ကွက် | ၉ | ၂၂၃၀၀ | ၁၅၆၇၂ | ၆၆၂၈ | ၆၃၃၈ | ၅၀၀ | ၂၁၀ |
| ၁၁ | အောင်ပင်လယ် ရပ်ကွက် | ၇ | ၁၇၄၀၀ | ၁၁၇၅၃ | ၅၆၄၇ | ၄၂၉၇ | ၁၆၅၀ | ၃၀၀ |
| ၁၂ | ထွန်တုံးရပ်ကွက် | ၉ | ၂၂၁၅၀ | ၁၅၈၀၃ | ၆၃၄၇ | ၅၄၉၉ | ၈၄၈ | - |
| ၁၃ | မြရည်နန္ဒာ ရပ်ကွက် | ၇ | ၂၀၂၅၀ | ၁၃၄၆၈ | ၆၇၈၂ | ၆၂၈၂ | ၉၅၀ | ၄၅၀ |
| ၁၄ | အောင်သာယာ ရပ်ကွက် | ၆ | ၁၅၃၀၀ | ၁၁၁၃၇ | ၄၁၆၃ | ၃၈၁၃ | ၄၅၀ | ၁၀၀ |
| စုစုပေါင်း | | ၈၄ | ၂၁၅၃၅၀ | ၁၄၈၇၆၉ | ၆၆၅၈၁ | ၆၀၄၇၆ | ၉၄၇၄ | ၃၃၆၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသဟောင်း)များနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) ဦးဆောင်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၁၀**

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသဟောင်း)များနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) ဦးဆောင်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ယင်းမှာ ၂၀၂၁ ခုနှစ် မတ် ၃ ရက်နေ့လယ်ပိုင်းတွင် ကျော်ကိုကို၊ လင်းထက်နိုင်(ခ)ဂျိမ်း(စ်)တို့ ဦးဆောင်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသဟောင်း)များသည် လက်ရှိဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) ကျောင်းသားအုပ်စုများ၊ ရန်ကုန်ရှိ အခြားကျောင်းသားသမဂ္ဂများ၊ Generation Wave (GW)နှင့် Future Nation Alliances(FNA)အုပ်စုတို့ ဦးဆောင်သည့် CSO များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(ALD)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS)တို့နှင့် ပူးပေါင်းကာ အင်အား ၁၀၀၀ ကျော်ဖြင့် တာမွေမြို့နယ် ရဲစခန်းရှေ့ရှိ ဗညားဒလလမ်းတွင် CDM နိုင်ငံရေးအန်တုလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။




အဆိုပါCDM ဆန္ဒပြသပိတ်အင်အားစုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးပိတ်ဆို့၍ အသံဗုံးများ၊ မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခြင်းပြုလုပ်၍ ကျား ၁၈၈ ဦး၊ မ ၂၀၀၊ သံဃာတစ်ပါးတို့ကို ဖမ်းဆီးခေါ်ဆောင်ကာ တာမွေမြို့နယ် ကျိုက္ကဆံကွင်းသို့ပို့ဆောင်ထိန်းသိမ်းခဲ့သည်။ အဆိုပါ ဖမ်းဆီးထိန်းသိမ်းခံရသူ ၃၈၉ ဦးထဲတွင် ဗကသ ဦးဆောင်သူ ခုနစ်ဦးဖြစ်သည့် ဝေယံဖြိုးမိုး(ဗကသ၊ ဒုဥက္ကဋ္ဌ)၊ လေပြေစိုးမိုး(ဗကသ)၊ ဇော်ထက်နိုင်(ဗကသ)၊ အောင်ဖုန်းမော်(ဗကသ)၊ ဘုန်းထက်နောင်(ဗကသ)၊ သုတစိုး (ရန်ကင်းပညာရေး ကောလိပ်ကျောင်းသားသမဂ္ဂ)၊ အေးအောင်(၉၆ ခုနှစ် ကျောင်းသားဟောင်း)တို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။

CDM သပိတ်စစ်ကြောင်းတွင် ဦးဆောင်ပါဝင်ခဲ့သည့် ဗကသဟောင်း ကျော်ကိုကို (ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေး တပ်ဦးခေါင်းဆောင်)သည် ဖမ်းဆီးခံခဲ့ရသည့် လူအုပ်ကြားထဲတွင် ပါဝင်ခဲ့သော်လည်း ဆေးရုံသို့လွှဲပြောင်းပေးမည့် ဆန္ဒပြကိုယ်ဝန်သည် အမျိုးသမီးတစ်ဦးနှင့်အတူ နှလုံးရောဂါသည်အဖြစ် ဟန်ဆောင်လိမ်ညာ၍ နှလုံးအရမ်းဖောက်နေကြောင်း၊ မောနေကြောင်း လိမ်လည်ပြောဆိုကာ ဆန်းထွန်းအောင်အမည်ဖြင့် Ambulance ကားဖြင့် လိုက်ပါကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖမ်းဆီးရမိခဲ့သည့် တရားခံ ဝေယံဖြိုးမိုး(ဗကသ၊ ဒုဥက္ကဋ္ဌ)နှင့် ဗကသကျောင်းသားများ၏ ဝန်ခံထွက်ဆိုချက်အရ CDM သပိတ်စစ်ကြောင်းတွင် အဓိက ဦးဆောင်ပါဝင်ခဲ့ကြသူများကို အောက်ပါအတိုင်း ဖော်ထုတ်တွေ့ရှိရသည်-

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသဟောင်း)အုပ်စုမှ ကျော်ကိုကို၊ လင်းထက်နိုင်(ခ)ဂျိမ်း(စ်)၊ မိုးထက်နေ၊ အေးအောင်(ဖမ်းဆီးရမိ)၊ လက်ရှိ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) အုပ်စုမှ သန့်ညီညီဝင်း(ဥက္ကဋ္ဌ)နှင့် ဝေယံဖြိုးမိုး(ဒုဥက္ကဋ္ဌ၊ ဖမ်းဆီးရမိ)၊ ဒဂုံတက္ကသိုလ်ကျောင်းသားများ သမဂ္ဂမှ နိုင်ငံတော်အလံဖြုတ်ချရာ၌ ပါဝင်ခဲ့ဖူးသူ မင်းဟန်ထက်(ဥက္ကဋ္ဌ)နှင့် သုတကျော်(အတွင်းရေးမှူး)၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ(ရတကသ)မှ ညီဇော်(ဥက္ကဋ္ဌ)၊ အောင်ကောင်းဆက် (ပြန်ကြားရေး)၊ ဟေမာန်စိုးညွန့်(အတွင်းရေးမှူး)၊ လေပြေစိုးမိုး (ကျောင်းသားထုအခွင့်အရေးတာဝန်ခံ၊ ဖမ်းဆီးရမိ)၊ ဘုန်းထက်နောင်(ပညာရေးတာဝန်ခံ၊ ဖမ်းဆီးရမိ)၊ အောင်ဖုန်းမော် (သုတေသနတာဝန်ခံ၊ ဖမ်းဆီးရမိ)၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (YUFL)မှ နွေးနွေးစံ(အတွင်းရေးမှူး)၊ သမဝါယမတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (သန်လျင်)မှ ထူးအေးလင်း(ဥက္ကဋ္ဌ)၊ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂမှ ဇော်ထက်နိုင်(ဒုဥက္ကဋ္ဌ၊ ဖမ်းဆီးရမိ)၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းသားများ သမဂ္ဂမှ ပြည့်ဖြိုးဇော်(ဥက္ကဋ္ဌ)နှင့် ကျော်ကျော်လင်း(အတွင်းရေးမှူး)၊ CDM ဆန္ဒပြလှုပ်ရှားမှုတွင် CSO လိုင်းတစ်ခုအနေဖြင့် ဦးဆောင်လှုပ်ရှားနေသည့် Generation Wave(GW) မှ မိုးဃ်းသွေး၊ Future Nation Alliances (FNA)မှ သက်ဆွေဝင်း၊ နိုင်ငံရေးပါတီများဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)မှ ဖိုးဆောင်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(ALD)မှ မျိုးကျော်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS)မှ အောင်မိုးဇော်နှင့် နှင်းနှင်းမွှေး၊ အိသဥ္ဇာမောင်၊ အလုပ်သမားသမဂ္ဂမှ ကျော်နီနှင့် ဖိုးကျော်တို့ဖြစ်သည်။

အဆိုပါ ဆက်စပ်တရားခံ ကျော်ကိုကို အပါအဝင် ၂၃ ဦးတို့အား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကမာရွတ်၊ တာမွေနှင့် မရမ်းကုန်း ရဲစခန်းအသီးသီးတို့တွင် အမှုဖွင့် ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၂၃ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

# မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းမီးရထားဘူတာဝင်းအတွင်း အတားအဆီးများဖြင့် ပိတ်ဆို့ထားမှုအား သွေးထွက်သံယိုမရှိ ရှင်းလင်းဖယ်ရှား

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသောအုပ်စုများက ဖေဖော်ဝါရီ ၄ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းများကို CDM လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းကာ အစိုးရရုံးလုပ်ငန်းယန္တရားပျက်ပြားစေရန် အရှိန်မြှင့်တင်ဆောင်ရွက်လာမှုတစ်ခုအဖြစ် လမ်းပန်းဆက်သွယ်ရေးရပ်တန့်စေရန် အဓိကကျသော ပစ်မှတ်အဖြစ် မီးရထားအတွက် အဓိကကျသည့် မလွှကုန်းမီးရထားဝင်းတစ်ခုလုံး ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လာခဲ့သည်။ မလွှကုန်းမီးရထားဝင်းသည် ဝန်ထမ်းများသာမက အရပ်သားများ ခန့်မှန်းစုစုပေါင်း ၅၀၀ ကျော်ခန့်နေထိုင်သည့် အိမ်ထောင်သည်လိုင်းအဆောက်အအုံများရှိပြီး ၎င်းအနက်မှ CDM ဦးဆောင်သူများက အဓမ္မအကျပ်ကိုင်ဖိအားပေးမှုကြောင့် မီးရထားဝင်းတစ်ခုလုံးရှိ ဝန်ထမ်းများ၊ အရပ်သားများသည် CDM တွင် ပါဝင်ခဲ့ရပြီး မီးရထားစက်ခေါင်းများနှင့် လူစီး/ကုန်တင်တွဲများ ဝင်းပြင်ပသို့ထွက်ခွာ၍ မရအောင် နည်းမျိုးစုံဖြင့် ဖိအားပေးတားဆီးခဲ့သည်။

ထို့ပြင် CDM Supporting လုပ်သူများ၏ နည်းအမျိုးမျိုးဖြင့် စည်းရုံးခြင်း၊ ထောက်ပံ့ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများကြောင့် ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏သဘောဆန္ဒမပါဝင်သော်လည်း CDM ဆက်လက်ဆောင်ရွက်ခဲ့ရမှုအပေါ် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက CDM လုပ်ဆောင်ခြင်းရပ်တန့်၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရေးကို ဖေဖော်ဝါရီ ၄ ရက်မှ မတ် ၈ ရက်အထိ အမျိုးမျိုးဖျောင်းဖျပြောဆိုခြင်း၊ မေတ္တာရပ်ခံခြင်းတို့ ဆောင်ရွက်ခဲ့သည်။




သို့သော် အကြမ်းဖက်ရန်လိုသူအုပ်စု၏ သွေးထိုးလှုံ့ဆော်မှု၊ အကျပ်ကိုင် ဖိအားပေးမှုများကြောင့် CDM ဆက်လက်လုပ်ဆောင်လာ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ လိုအပ်သလို အရေးယူပေးနိုင်ရေး တင်ပြခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များဖြင့် ယနေ့ နံနက် ၅ နာရီမှစတင်၍ ဝင်/ထွက်သွားနိုင်သည့် လမ်းကြောင်းများအား အဆင့်ဆင့်ရှင်းလင်းရေးဆောင်ရွက်ခဲ့ရာ မိသားစုပေါင်း ၅၀၀ ကျော်ခန့်ရှိသည့် မလွှကုန်းမီးရထားဝင်းတစ်ခုလုံးအား နံနက် ၉ နာရီတွင် တစ်စုံတစ်ရာ အဓိကရုဏ်း သွေးထွက်သံယိုလုံးဝမရှိဘဲ အေးချမ်းစွာထိန်းသိမ်းနိုင်ခဲ့သည်။


ယခုဖြစ်စဉ်တွင် CDM ပြုလုပ်သူအင်အားများပြားကြသော်လည်း ၎င်းတို့၏ အမှားလုပ်ရပ်ကို သိရှိနားလည်သဘောပေါက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် နားလည်စာနာမှုဖြင့် ထိပ်တိုက်တွေ့ဆုံခြင်းမရှိခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်မှုကြောင့် CDM တွင် မပါမဖြစ် ပါဝင်ရ၍လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အပြည့်အဝပူးပေါင်းခဲ့ခြင်းတို့ကြောင့် သွေးထွက်သံယိုမှုမရှိဘဲ CDM ဆန္ဒပြမှုကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်ပြီး မီးရထားဝင်း ဆေးပေးခန်းအတွင်းမှ CDM ပြုလုပ်သူများအတွက် ထောက်ပံ့ရန်စီစဉ်ထားသော ငွေကျပ်သိန်း ၃၀ ခန့်တန်ဖိုးရှိသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်၊ ဟင်းချိုမှုန့် စသည့် စားသောက်ကုန်မျိုးစုံကို သိမ်းဆည်းရမိကာ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်နိုင်ရန် အမျိုးသား ခုနစ်ဦးအား ခေတ္တထိန်းသိမ်းထားကြောင်း သိရသည်။

လူမှုကွန်ရက်များနှင့် ၎င်းမီဒီယာများပေါ်မှ သတင်းမှားများလုပ်ကြံဖန်တီးမှုများကြောင့် အကြမ်းဖက်ဆူပူဆန္ဒပြသူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားကို အလွန်အကျွံ သုံးစွဲဖြေရှင်းကြောင်း ဝေဖန်စွပ်စွဲမှုများရှိနေသော်လည်း လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဆူပူအကြမ်းဖက်မှုများဖြေရှင်းရာတွင် အကြမ်းဖက်လူအုပ်စု၏ လုပ်ဆောင်ချက်အပေါ်မူတည်၍ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရှုန်းရင်းဆန်ခတ်မှုလက်စွဲနှင့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းရှိ CDM လှုပ်ရှားမှုများအတွက် မလေးရှားနှင့် ကိုရီးယားနိုင်ငံရှိ အဖွဲ့အစည်း/လူပုဂ္ဂိုလ်များက တရားမဝင်ငွေကြေးထောက်ပံ့ပေး






နေပြည်တော် မတ် ၁၀

၉-၃-၂၀၂၁ ရက်တွင် နာရေးကူညီမှုအသင်း(ရန်ကုန်) အနေဖြင့် မတ်လ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိခဲ့သော ၎င်းတို့အဖွဲ့၏ ငွေကြေးဆိုင်ရာ စာရင်းဇယားများနှင့်ပတ်သက်၍ အဆိုပါငွေစာရင်းများမှာ စာရင်းသေအပ်ငွေကျပ် နှစ်ဘီလီယံဖြစ်ပြီး လွန်ခဲ့သောလေးနှစ်ခန့်မှစတင်ကာ သက်ဆိုင်ရာဘဏ်များ၏ လုပ်ထုံးလုပ်နည်းအတိုင်း စနစ်တကျ အပ်နှံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ကြေညာခဲ့ကြောင်း တွေ့ရှိရပါသည်။

အဆိုပါငွေကြေးများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ တရားမဝင်ငွေကြေးလည်ပတ်စီးဆင်းမှုများအား စုံစမ်းစစ်ဆေးခဲ့ရာ မြန်မာနိုင်ငံတွင် Civil Disobedience Movement (CDM) ပြုလုပ်နေသည့် ဝန်ထမ်းများအား အလှူငွေများထောက်ပံ့နိုင်ရန်အတွက် ပြည်တွင်းအလှူရှင်များအပြင် ပြည်ပနိုင်ငံများမှလည်း အဆိုပါအဖွဲ့ထံသို့ တရားမဝင်ငွေကြေးလွှဲပြောင်းပေးပို့မှုများရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။

ထိုသို့ပေးပို့မှုများအနက် မလေးရှားနိုင်ငံရှိ အောက်ပါပုဂ္ဂိုလ်များကဦးစီး၍ အလှူငွေကောက်ခံမှုများအား ဆောင်ရွက်ကာ မြန်မာနိုင်ငံသို့ တရားမဝင်ငွေကြေးလွှဲပြောင်းမှုများဖြင့် ထောက်ပံ့ပေးပို့နေကြောင်း သိရှိရပါသည်-

- ဂျိုဟိုးပြည်နယ်၊ စီနိုင်းမြို့ရှိ အသောကကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့မှ ကောက်ခံရရှိထားသည့် ငွေများအား ဦးကျော်သူ၏ဇနီး ဒေါ်မြင့်မြင့်ခင်ဖေ(ခေါ်) ရွှေဇီးကွက် အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ရှိ ဒယ်အိုးဆရာတော် ဥူးသုမင်္ဂလဦးဆောင်သော ခိုင်မြဲသောလက်များ အဖွဲ့ထံသို့လည်းကောင်း။
- ဆီလင်ဂေါပြည်နယ်၊ ပီတလင်ဂျာယာမြို့ရှိ ရတနာရာမဘုန်းကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ဦးဇာဂရဗုဒ္ဓိ အနေဖြင့် CDM အတွက် အလှူငွေကောက်ခံရန် “သောကကင်းဝေးနေနိုင်ရေး CDM ကို ဒို့အားပေးအလှူရှင်” ခေါင်းစဉ်ဖြင့် ကောက်ခံလျက်ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ CDM ပြုလုပ်သော ဝန်ထမ်းများထံသို့ လည်းကောင်း။
- ကွာလာလမ်ပူမြို့ရှိ ကိုသက်(ခ)သက်ခိုင်စိုး (နှလုံးလှုပရဟိတလူငယ်များ သွေးလှူရှင်)အဖွဲ့မှလည်း CDM အတွက် အလှူငွေများကောက်ခံလျက်ရှိပြီး ၂၆-၂-၂၀၂၁ ရက်တွင် ရွှေပြည်သာမြို့နယ်၌ CDM ပြုလုပ်နေသည့် ဝန်ထမ်း ၂၀ ဦးနှင့် ဆန္ဒပြဖြစ်စဉ်တွင် သေဆုံးခဲ့သူများအတွက် အလှူငွေများအား လွှဲပြောင်းပေးပို့ခဲ့ရာ ရွှေပြည်သာမြို့နယ် NLD ပါတီဝင်ဦးအောင်ဇော်ထွေးက လက်ခံရယူခဲ့ကြောင်း၊ ၂၇-၂-၂၀၂၁ ရက်တွင်လည်း သမိုင်းဘူတာနှင့် ကံဘဲ့ဘူတာရှိ မီးရထားဝင်းမှ CDM ဆောင်ရွက်နေသည့် ဝန်ထမ်း ၈၅ ဦးအတွက် ငွေလွှဲပြောင်းထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ဆီလင်ဂေါပြည်နယ်၊ စကင်ချမ်းမြို့ရှိ ကိုမျိုး(ခ)အောင်မျိုးနိုင် (ရွှေမြန်မာ ပရဟိတလူမှုကူညီရေးအသင်း)၊ ဂျိုဟိုးပြည်နယ်၊ နီလိုင်းမြို့ရှိ We Love Motherland-MM Malaysia လူမှုကွန်ရက် အကောင့်ပိုင်ရှင် အောင်သန်းညွန့်(ခ)နီလိုင်းဦးအောင် (NLD အမာခံ)၊ ကွာလာလမ်ပူဖက်ဒရယ်နယ်မြေ၊ ကပုန်းမြို့ရှိ ဒါတွတ် ဇော်မင်းသန်း (ကပုန်းနာရေးကူညီမှုအသင်းဒုဥက္ကဋ္ဌ)တို့ကလည်း CDM အတွက် အလှူငွေများကောက်ခံ၍ တရားမဝင်ငွေကြေးလွှဲပြောင်းပေးမှုများ ပြုလျက်ရှိကြောင်း သိရှိရပါသည်။

မလေးရှားနိုင်ငံရှိအဆိုပါအဖွဲ့အစည်း/လူပုဂ္ဂိုလ်များအနေဖြင့် မြန်မာနိုင်ငံရှိ CDM ဆောင်ရွက်နေသော ဝန်ထမ်းများအတွက် မလေးရှား ရင်းဂစ် ၅၄၉၄၉ ဒသမ ၈၉ (မြန်မာကျပ်ငွေ ၁၈၈ သိန်းခန့်)အား Wave Money အပြင် တရားမဝင်ငွေလွှဲလုပ်ငန်းများမှတစ်ဆင့် ပေးပို့မှုများပြုလုပ်ခဲ့ပြီး ထိုသို့ပေးပို့ရာတွင် ငွေကြေးလွှဲပြောင်းပေးပို့မှု အများစုအား နာရေးကူညီမှုအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူနှင့် ၎င်း၏ဇနီး ဒေါ်မြင့်မြင့်ခင်ဖေ (ခေါ်) ဒေါ်ရွှေဇီးကွက် ထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ မလေးရှားနိုင်ငံမှ ကောက်ခံထားသော ငွေများအား မြန်မာနိုင်ငံသို့ တရားမဝင် လွှဲပြောင်းပေးပို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ဒါတွတ် ဇော်မင်းသန်း၏နေအိမ် တာမွေမြို့နယ် ရွှေကမ္ဘာ(ဖိနပ်ဆိုင်)၊ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် ဘီ(၁၁)လမ်း၊ တိုက်(၂၂)၊ အခန်း(၁၀၄)ရှိ ရွှေနှင်းဆီ (လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) ဆိုင်များထံသို့ တရားမဝင်ငွေကြေးလွှဲပြောင်းပေးမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အလားတူ ကိုရီးယားနိုင်ငံ (NLD စည်းရုံးရေးကော်မတီ-ကိုရီးယားဌာနခွဲ)ဥက္ကဋ္ဌ ရန်နိုင်ထွန်းက ဦးဆောင်၍ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဖြင့် ဖေဖော်ဝါရီလ ၇ ရက်တွင် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးကော်မတီ(ကိုရီးယား)အား ဖွဲ့စည်းခဲ့ပြီး ဒုတိယခေါင်းဆောင်အဖြစ် စိုးမိုးသူတို့က မြန်မာနိုင်ငံရှိ CDM ပြုလုပ်သော ဝန်ထမ်းများအား ထောက်ပံ့ပေးနိုင်ရန်အတွက် ရန်နိုင်ထွန်းအမည်ဖြင့် Nonghyup Bank တွင် အကောင့်အမှတ် 312-0031-6030-71 ဖြင့် ငွေကြေးကောက်ခံခဲ့ပြီး ဖေဖော်ဝါရီလ ၁၉၊ ၂၃၊ ၂၄၊ ၂၇ ရက်နှင့် မတ်လ ၃ ရက်တို့တွင် ကိုရီးယားဝမ် ၁၆၈၅ သိန်း(မြန်မာကျပ်ငွေ ၂၀၈၆ သိန်း)အား ကိုရီးယားနိုင်ငံရှိ ငွေလွှဲပြောင်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများမှလည်းကောင်း၊ ကိုရီးယားနိုင်ငံမှ ထိုင်းနိုင်ငံသို့ ဘဏ်လုပ်ငန်းများမှတစ်ဆင့် ငွေလွှဲပြောင်းပေးပို့ပြီး ထိုင်းနိုင်ငံရှိ ကြားခံအေးဂျင့်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ငွေကြေးလုပ်ငန်းများဖြင့် လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တရားမဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ဆိုင်များနှင့် ဆက်စပ်တရားခံများအား ပြည်သူများအနေဖြင့် ဝိုင်းဝန်းဖမ်းဆီးပေးနိုင်ပါရန်နှင့် သတင်းရရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ သေဆုံးနေသည့် အမျိုးသားအလောင်း တစ်လောင်း တွေ့ရှိ

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို မလိုလားသူများအနေဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိပြီး ဆူပူအုံကြွမှုများဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်မှုများကို ပြုလုပ်လျက်ရှိပြီး အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင်လည်း အတားအဆီးများဖြင့် ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ လမ်းများတွင် ကွန်ကရစ်တုံးများ၊ သစ်ချောင်းများ၊ အခြားအတားအဆီးများဖြင့် ပိတ်ဆို့တားဆီးထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ ဆောင်ရွက်စဉ် ချမ်းမြသာစည်မြို့နယ် ၁၀၉ လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြားတွင် ဆူပူအကြမ်းဖက်သူအင်အား ၆၀၀ ခန့်က လမ်းများပိတ်ဆို့၍ ဆူပူဆန္ဒပြလျက်ရှိသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအုံကြွမှုများမဖြစ်စေရေး လူစုခွဲကြရန် သွားရောက်မေတ္တာရပ်ခံခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း လူစုခွဲခြင်းမရှိသဖြင့် အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြသူ အမျိုးသား ခြောက်ဦးကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် ထိန်းသိမ်းခဲ့ရသည်။

ထို့နောက် ၎င်းတို့ တားဆီးပိတ်ဆို့ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းလျက်ရှိစဉ် Hilux အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ပေါ်မှ ဆူပူအကြမ်းဖက်သူများက လေးဂွများ၊ ဂျင်ကလိများ၊ လေသေနတ်များဖြင့် ပစ်ခတ်၍ အရှိန်ပြင်းစွာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ယင်းသို့ ပစ်ခတ်ထွက်ပြေးသွားခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာ ချမ်းမြသာစည်မြို့နယ် ၁၀၇ လမ်းအနီးရှိ ချုံပုတ်အနီးတွင် အဆိုပါမော်တော်ယာဉ်အား တွေ့ရှိရပြီး မော်တော်ယာဉ်အနီး၌ ထိုးသွင်းဒဏ်ရာဖြင့်သေဆုံးပြီဟု ယူဆရသည့် စိစစ်ဆဲအမျိုးသားအလောင်းတစ်လောင်းကို လေးဂွတစ်လက်၊ ကုန်းသီးများ၊ ဖန်ဂေါ်လီများ၊ အလံများ၊ ဒိုင်းများ၊ အခြားပစ္စည်းများနှင့်အတူ တွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် သေဆုံးသူအား သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ချမ်းမြသာစည်မြို့နယ်၌ လူစုလူဝေးဖြစ်ပွားမှုအား ရှင်းလင်းစဉ် ဖမ်းဆီးရမိသည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။

# လူငယ်ထုသည် အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေမည်ကို ဂရုမပြုဘဲ ဝါဒမှိုင်းတိုက်ခံဆောင်ရွက်နေကြ

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်အတွင်း ဆူပူဆန္ဒပြသူလူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားဆောင်ရွက်နေမှုအခြေအနေပေါ် မူတည်၍ လူစုလူဝေးဖြင့်ဆန္ဒပြခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူး၍ လူမှုကွန်ရက်ပေါ်တွင် အမြန်ဖော်ပြခြင်း၊ ချက်ချင်းလူထုဖြန့်ခွဲခြင်းပုံစံများသို့ အသွင်ပြောင်းခြင်း၊ လူမှုကွန်ရက်မှတစ်ဆင့် ဦးဆောင်လှုံ့ဆော်သတင်းချိတ်ဆက်မှုများအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိသည်။

ဆူပူဆန္ဒပြလူအုပ်စုများအတွင်းတွင်လည်း လူငယ်ထုအနေဖြင့် မိမိကိုယ်ကိုထင်ပေါ်စေလိုသည့် ပုံသဏ္ဌာန်ဖြင့် အများက ဂရုပြုစေမည့် ပုံစံဝတ်စားဆင်ယင်ခြင်း၊ (ခါတော်မီ) ကြီးပွားရေးသမားများအနေဖြင့်လည်း ဦးထုပ်များ၊ (ဒေါင်း)အလံများ၊ နဖူးစည်းများ၊ ပုံစံအမျိုးမျိုး ရိုက်နှိပ်ထားရှိသည့် တီရှပ်များ၊ ဒေသန္တရလုပ်ဒိုင်းကာများ တပ်ဆင်သုံးစွဲ၍ ဆန္ဒပြနေခြင်းသည် ၎င်းတို့၏ စီးပွားရေးအကျိုးဖြစ်ထွန်းမှုဖြစ်စေသဖြင့် နေ့စဉ်နှင့်အမျှ ဆူပူဆန္ဒပြရေးအတွက် တွန်းအားပေးခြင်း၊ ဖိအားပေးခြင်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မိမိသဘော မိမိဆောင်ကာ နေရာဒေသအလိုက် ဆူပူဆန္ဒပြနေသူအုပ်စုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြိုခွဲထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် နေရာဒေသအများအပြား၌ ဆူပူဆန္ဒပြသူများမရှိကြသော်လည်း အချို့မြို့နယ်များတွင် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်သုံးစွဲ၍ ဖြိုခွဲထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ရကာ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၃၇ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆူပူဆန္ဒပြသူလူစုလူဝေးများအတွင်း လူငယ်ထုအများအပြားအား တွေ့ရှိရပြီး ၎င်းတို့အနေဖြင့် နောက်ကွယ်၏ သွေးထိုးလှုံ့ဆော်စေခိုင်းမှုများအရ ရှေ့တန်းကျကျနေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံလာရမှုအခြေအနေများသည် လူငယ်ထု၏ အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေမည်ကို ဂရုမပြုကြဘဲ ဝါဒမှိုင်းတိုက်ခံဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# မရမ်းကုန်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် တားဆီးနှောင့်ယှက်သူများအား လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

မရမ်းကုန်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် တားဆီးနှောင့်ယှက်သူများအား လက်လုပ်မိုင်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ မတ် ၉ ရက် ည ၁၀ နာရီ ၅၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်အတွင်း၌ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်စဉ် မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက်နေ ခိုင်ဇော်ဦး (၃၁)နှစ်၊ အောင်ကိုဦး(၄၁)နှစ်၊ ဟိန်းဇော်အောင်(၁၉)နှစ်တို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်မှု မရှိစေရေးအတွက် လေးခွ၊ ကျောက်စရစ်ခဲများဖြင့် ပစ်ပေါက်ဟန့်တားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေးဟန့်တားခဲ့သော်လည်း ခိုင်ဇော်ဦးက ထပ်မံ၍ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်စဉ် အဆိုပါလက်လုပ်မိုင်းသည် ၎င်း၏လက်အတွင်း ပေါက်ကွဲခဲ့သဖြင့် ၎င်း၏ ယာလက်စုပ်ပြဲဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း။

ယင်းဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားထမ်းဆောင်မှုအား တားဆီးဟန့်တား နှောင့်ယှက်ခဲ့သော ခိုင်ဇော်ဦး၊ အောင်ကျော်ဦးနှင့် ဟိန်းဇော်အောင်တို့ကို လေးခွ၊ ကျောက်စရစ်ခဲ၊ လက်လုပ်မိုင်းတစ်လုံး၊ NLD ပါတီအလံတံဆိပ်ပါလွယ်အိတ်တစ်လုံး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဥက္ကလာပနှင့် အင်းစိန်မြို့နယ်အတွင်းရှိ လမ်းမကြီးများအား ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားစဉ် လက်လုပ်မိုင်းဟုယူဆရသော ပစ္စည်းများသိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၀**

မြောက်ဥက္ကလာပနှင့် အင်းစိန်မြို့နယ်အတွင်းရှိ လမ်းမကြီးများအား ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားစဉ် လက်လုပ်မိုင်းဟုယူဆရသော ပစ္စည်းများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေ့/ညမပြတ် လှည့်ကင်းတာဝန်များ ဆောင်ရွက်ခြင်း၊ ဆူပူဆန္ဒပြသူလူအုပ်စုများအား ဖြိုခွဲထိန်းသိမ်းခြင်း၊ အများပြည်သူ သွားလာအသုံးပြုသည့် လမ်းမကြီးများအား အသုံးပြု၍မရအောင် ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများအား လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ရှင်းလင်းဖယ်ရှားခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် နွယ်နီလမ်းဆုံတို့၌ ဆူပူဆန္ဒပြသူလူအုပ်စုက အများပြည်သူ သွားလာအသုံးပြုသည့် လမ်းမကြီးအား ပိတ်ဆို့ထားခဲ့သည့် အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၉ ရက် မွန်းလွဲပိုင်းမှ ၁ နာရီ ၄၅ မိနစ်အထိ ဖယ်ရှားရှင်းလင်းစဉ် ပိတ်ဆို့ထားသော အတားအဆီးများအတွင်းမှ အလျား ခုနစ်လက်မ၊ လုံးပတ်နှစ်လက်မခန့်ရှိ ကော်ပိုက်နှစ်ခုဖြင့် ပြုလုပ်ထားသော စနက်တံတပ်ဆင်ထားသည့် လက်လုပ်မိုင်း နှစ်လုံးကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အဝင်လမ်းနှင့် စိုက်ပျိုးရေး(၄)လမ်းထိပ်တို့၌ ဆူပူဆန္ဒပြသူလူအုပ်စုမှ အများပြည်သူ သွားလာအသုံးပြုသည့် လမ်းမကြီးအား ပိတ်ဆို့ထားသည့် အတားအဆီးခုနစ်ခုကို ဖယ်ရှားရှင်းလင်းစဉ် ဆူပူဆန္ဒပြသူအင်အား ၁၅၀ ခန့်က အုတ်ခဲ၊ လေးဂွများဖြင့် ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်နှင့်အညီ ပစ်ခတ်ထိန်းသိမ်းလူစုခွဲခဲ့ရာ အိုက်ပန်(၃၅)နှစ်၊ တောင်သူကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူပါ အမျိုးသား(၄)ဦးကို ဖမ်းဆီးရမိခဲ့ပြီး အတားအဆီးများအတွင်းမှ ကျွဲရိုင်းအချိုရည်ဘူးခွံဖြင့် ပြုလုပ်ထားပြီး (ယမ်းဟုယူဆရသော) အဖြူရောင်အမှုန့်များ ထည့်သွင်းထားသည့် လက်လုပ်မိုင်းဟုယူဆရသော ဘူး ၁၃ ခုကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် အထက်ပါဖြစ်စဉ်နှစ်ခုမှ လက်လုပ်မိုင်းပြုလုပ်သူများကို ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း။

ယခုအခါတွင် ဆူပူလိုသူလူအုပ်စုအနေဖြင့် အေးချမ်းစွာဆန္ဒပြသည့် အခြေအနေမှ အကြမ်းဖက်သည့်ပုံသဏ္ဌာန်သို့ ပြောင်းလဲကျင့်သုံးလာကာ ပေါက်ကွဲစေတတ်သော ခဲယမ်းများကို အသုံးပြုလာသည့်အခြေအနေကို နေရာဒေသအချို့၌ တွေ့ရှိလာရသဖြင့် ပြည်သူလူထုအနေဖြင့် မလိုအားအပ်သော ထိခိုက်ဒဏ်ရာရရှိမှုများ မဖြစ်ပေါ်စေရေးအတွက် လူစုလူဝေးများကို ရှောင်ရှားသင့်ကြောင်းနှင့် မသင်္ကာဖွယ်အရာဝတ္ထုများ မိမိတို့၏ ပတ်ဝန်းကျင်၌ တွေ့ရှိပါက သက်ဆိုင်ရာသို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေးအပ်ပါကြောင်း ဖော်ပြပါရှိသည်။

သတင်းစဉ်

# နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး


စစ်တွေမြို့
တင်ထွန်း(ပြန်/ဆက်)


ဟိုပုံးမြို့နယ်
ဟိုပုံး(ပြန်/ဆက်)


ကျောက်ဆည်မြို့နယ်
သက်မောင်(ကျောက်ဆည်)


ဘုတ်ပြင်းမြို့နယ်
သန်းထွန်းဦး(ပြန်/ဆက်)


စဉ့်ကိုင်မြို့နယ်
ဝင်းဝင်းသန်း(စဉ့်ကိုင်)


ကျိုင်းတုံမြို့
အောင်ဇင်မြင့်(ပြန်/ဆက်)


တောင်ကြီးမြို့
ပြည်နယ်(ပြန်/ဆက်)


လွိုင်လင်မြို့
ခရိုင်(ပြန်/ဆက်)



## မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆွေးနွေး

**မကွေး မတ် ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ဘဏ်ခွဲ ၂၄ ခုတို့ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မတ် ၈ ရက်နှင့် ၉ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိပုဂ္ဂလိကဘဏ်ခွဲများနှင့် တွေ့ဆုံဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မကွေးမြို့နယ်အတွင်း ဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် အကူအညီများပေးနိုင်ရေး ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် ဘဏ်ခွဲများက တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုများအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအား အဆင့်ဆင့်သိရှိနိုင်ရေး၊ လိုအပ်သောငွေကြေးဖြည့်တင်းနိုင်ရေး၊ ငွေထုတ်ကန့်သတ်ချက် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး လိုအပ်လျက်ရှိကြောင်းနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် စီးပွားရေးနှင့် ငွေကြေးလည်ပတ်စီးဆင်းမှုအတွက် နိုင်ငံတော်ဘဏ်ခွဲနှစ်ခုနှင့် ပုဂ္ဂလိကပိုင်ဘဏ်ခွဲ ၂၂ ခု စုစုပေါင်း ဘဏ်ခွဲ ၂၄ ခုဖြင့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကာကွယ်ဆေးထိုးနှံပေးရေး ဆွေးနွေး

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကာကွယ်ဆေးထိုးနှံပေးရေး ဆွေးနွေးခြင်းကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အဖွဲ့လိုက်ဖွဲ့စည်းထားရှိ

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားရှိမှုများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်/မြို့နယ်အလိုက် ကာကွယ်ဆေးထိုးနှံပေးမည့် ကျန်းမာရေးဝန်ထမ်း အဖွဲ့လိုက်ဖွဲ့စည်းထားရှိမှုများ၊ ပထမဦးစားပေးဆေးထိုးမည့် ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၆၅ နှစ်အထက်ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ စာရင်းကောက်ယူထားရှိမှုများ၊ တိုင်းဒေသကြီး သာသနာရေးမှူးက မဟာဘွဲ့နှင်းသဘင်အခမ်းအနား၊ ၄၇ ပါးစုံညီ သံဃာအစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲများ၊ တိပိဋကစာမေးပွဲများ၊ ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲဖြေဆိုကြမည့် ဆရာတော်၊ သံဃာတော်ကြီးများကို ကာကွယ်ဆေးထိုးနှံပေးရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ ကာကွယ်ဆေးထိုးနှံမည့် စုရပ်များသို့ ဆရာတော်ကြီးများအား ပင့်ဆောင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပေါင်းစပ်ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

### အလှည့်ကျထိုးနှံပေး

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မတ်လအတွင်း ဒုတိယအဆင့် ကာကွယ်ဆေးထိုးနှံပေးရမည့်ကိစ္စရပ်များ၊ ကျန်းမာရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ယခင်ထုတ်ပေးထားသော ပထမအဆင့် ကာကွယ်ဆေးထိုးနှံနေမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ပေးပြီး ဆရာတော်၊ သံဃာတော်များ ကာကွယ်ဆေးထိုးနှံနိုင်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများကို အလှည့်ကျထိုးနှံပေးရေး စီစဉ်ထားရှိသည့်အစီအစဉ်များကို ပြောကြားသည်။

### တာဝန်ယူဖြေရှင်း

ဆက်လက်၍ ရောဂါပိုးကူးစက်ခံရသည့်ပြည်သူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကိုဗစ်-၁၉ ကုသရေးစင်တာတွင် ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအတွက် တပ်မတော်ဆေးတပ်ဖွဲ့မှ တာဝန်ယူပြီး ကူညီထောက်ပံ့ပေးမှုများ၊ စနစ်တကျဆောင်ရွက်ပေးနေသည့်အခြေအနေများနှင့် ဌာနဆိုင်ရာများအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် အခက်အခဲများကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



## ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများတွေ့ဆုံ

**စစ်တွေ မတ် ၁၀**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများတွေ့ဆုံပွဲကို မတ် ၉ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက မိမိတို့ပြည်နယ်တွင် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းသည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထောက်ပံ့မှုများစွာရရှိကာ ထိုးနှံပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းခြင်းသည် ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ကူညီဆောင်ရွက်ပေးမှု၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အတတ်နိုင်ဆုံး မလိုအပ်ဘဲ ခရီးမထွက်ကြရန်နှင့် မိမိတို့လုပ်ငန်းတာဝန်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းသန်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## မိုးနဲ၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**မိုးနဲ မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံတွင် ယနေ့နံနက် ၁၀ နာရီက ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးပေးရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ သာသနာရေးကျောင်းများနှင့် အဖွဲ့အစည်းများ၊ အသက် ၆၅ နှစ်အထက်ပြည်သူများ၊ တည်းခိုရေးနှင့် အစားအသောက်လုပ်ငန်းများမှ ပြည်သူများအား မတ် ၁၀ ရက်မှ ၁၉ ရက်အထိ သက်ဆိုင်ရာစုရပ်တွင် နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သား ဆရာဝန်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောက်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မိုးနဲမြို့နယ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဘာသာရေးကျောင်းများ စုပေါင်း ကာကွယ်ဆေးထိုးနှံရမည့်သူများနှင့် အဖွဲ့အစည်းများရှိ လူဦးရေ စုစုပေါင်း ၁၉၆၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ပုံတောင်ဒေသရှိ ကျေးရွာချင်းဆက် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**ပုလဲ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပုံတောင်ဒေသရှိ လယ်ဓမ္မ–ထန်းခင်းကြီး–ရေကျော–ပေပင်ကျေးရွာချင်းဆက် ဂျင်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက် နံနက် ၉ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်နန်းခိုင်သဉ္ဇာတို့က လုပ်ငန်းအရည်အသွေး ပြည့်မီစေရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

ပုလဲမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) က " ပုံတောင် ဒေသရှိ လယ်ဓမ္မ–ထန်းခင်းကြီး – ရေကျော –ပေပင် ကျေးရွာချင်းဆက် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းအနေနဲ့ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေတာကို တွေ့ရပါတယ်" ဟု ပြောကြားသည်။

အဆိုပါ ပုလဲမြို့နယ် ပုံတောင်ဒေသရှိ လယ်ဓမ္မ–ထန်းခင်းကြီး–ရေကျော –ပေပင်ကျေးရွာချင်းဆက် ဂျင်းလမ်းသည် အရှည် သုံးမိုင်၊ လမ်းအကျယ် ၁၈ပေ၊ ဒု ရှစ်လက်မရှိသော ဂျင်းလမ်းအမျိုးအစားဖြစ်ပြီး လုပ်ငန်းများပြီးစီးပါက ကျေးရွာနေ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## စဥ့်ကူးမြို့ ကျေးရွာ ၁၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်

**စဥ့်ကူး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ကို ကျေးရွာ ၁၅ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်း၏ ရည်ရွယ်ချက်များမှာ ကျေးလက်နေ ပြည်သူများ ကိုယ်တိုင် ကျေးရွာ၏ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက် ရေးဆွဲ ဖော် ထုတ် နိုင်ရန်၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် ကျေးရွာမှ ထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများအား မြို့နယ်အဆင့် ဦးစီးဌာန အသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန် ဖြစ်သည်။

စီမံကိန်း၏ ရည်ရွယ်ချက်၊ အကောင်အထည် ဖော်သည့် နည်းလမ်း စသည်တို့ကို ရှင်းလင်းစွာ သိရှိနားလည်စေရန်နှင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရန် ရည်ရွယ်၍ စဥ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မတ် ၉ ရက် နံနက်တွင် သင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသို့ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ၁၅ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ



**ဖာပွန် မတ် ၁၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၉ ရက် ညနေ ၃နာရီခွဲက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်း၌ ပြုလုပ်သည်။

မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလင်းထက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့်အုပ်၍ မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ(ပြန်/ဆက်)**

## တောင်ကြီးမြို့နယ်တွင်းရှိ ကျေးရွာများ၏ ရေအရင်းအမြစ်စစ်တမ်းများ ကွင်းဆင်းကောက်ယူ

**တောင်ကြီး မတ် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကျေးရွာခုနစ်ရွာ၏ ရေအရင်းအမြစ်စစ်တမ်းများကို မတ် ၉ ရက် နံနက် ၉ နာရီက ကွင်းဆင်းကောက်ယူခဲ့သည်။

တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ဝါဝါကျော်စိုးနှင့် တာဝန်ရှိသူများက ရေရရှိရေးဆိုင်ရာ အချက်အလက်များ စစ်တမ်းကောက်ယူရာ၌ အသုံးပြုသည့် Rural Water Supply Management Information System– RWSMIS Application ဖြင့် ပင်တွန်ရွာကြီး၊ ပင်တွန်ကျောင်းနား၊ လုံးတိုင် (တောင်+ မြောက်)၊ နောင်ဟိုင်းကြီး(တောင်+မြောက်)၊ နောင်ဟိုင်းရှေ့ စသည့် ကျေးရွာ ခုနစ်ရွာ၏ လက်ရှိရေသုံးစွဲနေမှုအခြေအနေများ၊ ကျေးရွာဆိုင်ရာ အချက်အလက်များ၊ ရေအရင်းအမြစ်စစ်တမ်းများကို ကောက်ယူခဲ့သည်။

တောင်ကြီးမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၇၃ ရွာရှိပြီး အဆိုပါကျေးရွာများမှ ရေရရှိရေးဆိုင်ရာ အချက်အလက်များကို ဝန်ထမ်းများ အဖွဲ့ခွဲ၍ ကောက်ယူခဲ့ကြောင်း၊ ကွင်းဆင်းကောက်ယူမှုအနေဖြင့် လက်ရှိအချိန်တွင် ကျေးရွာအားလုံး ကောက်ယူပြီးစီးသွားပြီဖြစ်ကြောင်း၊ ယခုလို အချက်အလက်များ ကောက်ယူနိုင်မှုကြောင့် ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပါက အလှူရှင်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနများမှသော်လည်းကောင်း ရေရရှိရေး ဆောင်ရွက်ပေးရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်က ပြောကြားသည်။

**ကျော်ဦး**

## ချင်းပြည်နယ်၌ ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်းများစတင်နိုင်ရန် ပြင်ဆင်

**ဟားခါး မတ် ၁၀**

ချင်းပြည်နယ်တွင် ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်းများစတင်နိုင်ရန်ပြင်ဆင်လျက်ရှိကြောင်း ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကိုဗစ်အလွန်ကာလတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုးစားလျက်ရှိရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရန်အတွက် ရန်ကုန်– ပုဂံ– ကန်ပက်လက်–မင်းတပ်–မတူပီ– ဟားခါး– ထန်တလန်– တီးတိန်– ရိခေါ်ဒါရ်မြို့–ရိဒ်ရေကန်–ကလေး– ပုဂံစသည်ဖြင့် ခရီးစဉ်ဆွဲထားပြီး မိမိဒေသပြည်နယ်နှင့် မြို့နယ်အတွင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်တွင်းခရီးသွားများကိုမျှော်လင့်၍ ပြင်ဆင်နေခြင်းဖြစ်သည်။

" ကျွန်တော်တို့ ချင်းပြည်နယ်အတွင်း ခရီးစဉ်အနေနဲ့ ဖလမ်းမြို့နယ် ကလောမွန်ကျေးရွာမှာရှိတဲ့ ထန်းသင်လျန် ချင်းစော်ဘွားအိမ်၊ ဟားခါးမြို့နယ် ဆူရ်ခွါးမြို့မှာရှိတဲ့ ဗန်ကီယို ချင်းစော်ဘွားအိမ်၊မတူပီမြို့နယ်အတွင်းမှာရှိတဲ့ (၉) မိုင်စခန်း၊ အမ်ဆွေး၊ မားဒူ၊ ဝေလူးကျေးရွာ၊ ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ ထိန်းခေါင်၊ လုံတူကျေးရွာ၊ ချိုင်စနူး၊ ကန်ပက်လက်မြို့နယ်အတွင်းမှာရှိတဲ့ မကြာအိမ်နူးမြို့၊ လည်မျိုနဲ့ ပီချောင်းချောင်းဆုံ၊ ခါနန်းကျေးရွာ၊ ကျင်ဒွေးမြို့၊ မောချောင်း၊ ကန်ပက်လက်မြို့၊ မင်းတပ်မြို့နယ် ဘောင်ကျေးရွာ၊ထီးလင်းမြို့မှာရှိတဲ့ ချင်း– ဗမာ ချစ်ကြည်ရေးကျောက်တိုင်၊ တီးတိန်မြို့နယ် ပိန်းပိကျေးရွာ၊ ခိုင်ကမ်းဆင်စခန်း၊ ကနေဒီတောင်၊ လေသာတောင်၊ ထုတ်လိုင် ကျေးရွာနဲ့အတူ လေထန်ကုန်းနဲ့ သမိုင်းဝင်ရှာလ်လုမ်းခံတပ်တို့ကို သွားရောက်ပြီး ခရီးစဉ်ဒေသသစ်တွေရှာဖွေဖော် ထုတ်နိုင်ဖို့၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းတွေ ဖော်ဆောင်နိုင်ဖို့အတွက် ကွင်းဆင်းကြည့်ရှုခြင်းတွေကို ဆောင် ရွက်ခဲ့ကြပါတယ် " ဟု ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ချင်းပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့် ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပြည်တွင်း ၄၄၀၄ ဦးနှင့် ပြည်ပ ၇၉၃ ဦး၊ ဖေဖော်ဝါရီလတွင် ပြည်တွင်း ၃၅၂၀နှင့် ပြည်ပ ၅၆၀၊ မတ်လတွင် ပြည်တွင်း ၁၉၁၁ ဦးနှင့် ပြည်ပ ၁၈၆ ဦးရှိကြောင်း ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန စာရင်းများအရ သိရသည်။ **ချင်းတွင်းသား**

# တီးတိန်မြို့နယ် ဒေါလ်လွင်ဒေသထွက်လက်ဖက်ခြောက် ကလေးမြို့ဈေးကွက်သို့ တင်ပို့ရောင်းချ



တီးတိန်မြို့နယ် ဆွောင်းဒွေ့ါကျေးရွာရှိ လက်ဖက်စိုက်ခင်း

**တီးတိန် မတ် ၁၀**

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ အထက်တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ချင်းတောင်လက်ဖက်ခြောက်ဟု ခေါ်သည့် တီးတိန်မြို့နယ် ဒေါလ်လွင်ကျေးရွာအုပ်စုတွင်စိုက်ပျိုးသည့် လက်ဖက်ခင်းများမှ လက်ဖက်ခြောက်များ ယခုနှစ်ဆန်းပိုင်းမှစတင်၍ လှိုင်လှိုင်ထွက်ရှိပြီး ကလေးမြို့ဈေးကွက်သို့ လက်ဖက်ခြောက်ပိဿာချိန် များစွာ တင်ပို့ရောင်းချလျက်ရှိကြောင်း ကလေးမြို့ ချင်းတောင်လက်ဖက်ခြောက် ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။

ချင်းပြည်နယ် မှတ်တမ်းများအရ တီးတိန်မြို့နယ် ဒေါလ်လွင်ကျေးရွာအုပ်စုတွင်လက်ဖက်စိုက်ခင်းဧက ၁၀၀၀ ကျော်ရှိပြီး ဖလမ်းခရိုင်တွင် လက်ဖက်စိုက်ပျိုးသည့်ဧက ၁၃၆၃၈ ဧက၊ မင်းတပ်ခရိုင်တွင် လက်ဖက်စိုက်ပျိုးသည့်ဧက ၆၇၆၂ ဧက စိုက်ပျိုးမှုရှိကြောင်း၊ ဒေါလ်လွင်ဒေသတွင် လက်ဖက်စိုက်ပျိုးရေး အောင်မြင်မှုရှိသော်လည်း လက်ဖက်စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေး နည်းပညာလိုအပ်နေခြင်း၊ လက်ဖက်စိုက်တောင်သူများအတွက် ကူညီပံ့ပိုးမှုများ အားနည်းနေကြောင်း သိရသည်။

"ကျွန်မတို့ ဒေါလ်လွင်ဒေသမှာ အရင်က လက်ဖက်စိုက်ခင်းဧက သောင်းချီရှိခဲ့ပါတယ်။ ဒါပေမယ့် အခက်အခဲအမျိုးမျိုးကြောင့်အခုတော့ဧကထောင်ချီလောက်ပဲ ရှိပါတော့တယ်။ ဖလမ်း၊ ဟားခါး၊ မင်းတပ်ဒေသတွေမှာလည်း လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုရှိတော့ရှိတယ်။ လက်ဖက်စိုက်ခင်းတွေရှိပေမယ့်လည်း ဈေးကွက်တင်ပို့ရောင်းချနိုင်တဲ့ အနေအထားမရှိပါဘူး။ တီးတိန်နယ်လောက်တော့ မများဘူး။ နှစ်တိုင်းလည်း လက်ဖက်အကြမ်းခြောက် ထွက်ရှိပါတယ်။ လက်ဖက်အချိုခြောက်လုပ်ငန်းနဲ့ လက်ဖက်အစိုလုပ်ငန်းကတော့ နည်းပညာလိုအပ်ချက်အရ ထုတ်လုပ်ရောင်းချနိုင်မှု နည်းပါးပါသေးတယ်။ လက်ဖက်ကို မတ် ၁၀ ရက်နဲ့ ဧပြီ ၁၀ ရက်အတွင်း ခူးရင် အကောင်းဆုံးဖြစ်ပါတယ်"ဟု ဆွောင်းဒွေ့ါကျေးရွာ လက်ဖက်စိုက်ခင်းပိုင်ရှင် ဒေါ်ကျိန်ခေါဒိမ်းက ပြောကြားသည်။

ချင်းတောင်လက်ဖက်ခြောက်ကိုတီးတိန်မြို့နယ် မွာလ်ဇန်၊ ထန်စန်၊ တွီးဗျားလ်၊ ဒေါလ်လွင်၊ ဆွောင်းဒွေ့ါ ကျေးရွာများတွင် လက်ဖက်ပင်စိုက်ပျိုးမှုများပြားကြောင်း၊ နှစ်စဉ် ကလေးဒေသသို့ လက်ဖက်ခြောက်ပိဿာချိန် ထောင်ချီတင်ပို့ရောင်းချမှုရှိကြောင်း၊ ကလေးမြို့နယ် ရှားဖို၊ ကျောက်ပြုတ်၊ တင်သား၊ ကံပုလဲ၊ ကျောင်းတိုက်၊ ဆည်တော်ဦးကျေးရွာတို့မှာ ကလေးဈေးကွက်မှတစ်ဆင့် ပခုက္ကူ၊ မုံရွာနှင့် ဂန့်ဂေါနယ် နှမ်းခါး၊ မွေ့လယ်ကျေးရွာများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုရက်ပိုင်း ချင်းတောင်ထွက် လက်ဖက်ခြောက်တစ်ပိဿာလျှင် ကျပ်၅၅၀၀၊ လက်ဖက်အဖန်လှော်ခြောက် ကျပ် ၁၀၀၀၀၊ လက်ဖက်အချိုခြောက် ကျပ် ၆၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ချင်းပြည်နယ်(မြောက်ပိုင်း) ဖလမ်းမြို့နယ်နှင့် တီးတိန်မြို့နယ်တို့တွင် ယခင်ဘိုးဘွားစဉ်ဆက်ကတည်းကပင် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြရာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလက လက်ဖက်စိုက်ဧက သောင်းချီဖြစ်လာစေရန်နှင့် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး စီမံကိန်းတစ်ရပ်အဖြစ် တွန်းအားပေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များ၊ လက်ဖက်ခြံပြုပြင်ရေးနှင့် ထွက်ရှိလာသည့် လက်ဖက်ရောင်းချရေးအခက်အခဲများ၊ ငွေပင်ငွေရင်းလိုအပ်မှုများနှင့် ဈေးကွက်လိုအပ်ချက်များကြောင့်လက်ဖက်စိုက်တောင်သူတို့မှာ အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ပြီး တီးတိန်မြို့နယ်၌သာ လက်ဖက်ခြောက်အများဆုံး အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

# ညောင်ဦးမြို့နယ်၌ ပြောင်းဖူးဈေးနှုန်းများ ထက်ဝက်ကျဆင်းသော်လည်း ဝယ်ယူသူနည်းပါးနေ

**ညောင်ဦး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ထွက် ပြောင်းဖူးများ ဈေးနှုန်းထက်ဝက်ခန့်ကျဆင်းနေသော်လည်း ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူမှုနည်းပါးနေကြောင်း လက်ပံခြေပေါ်အုပ်စု ရွာသစ်ကုန်းကျေးရွာ ပြောင်းဖူးစိုက်တောင်သူ ဦးဝင်းတင့်ထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် မြေအောက်ရေဖြင့် ရေသွင်းစိုက်ပျိုးသည့် ပြောင်းဖူးစိုက်ပျိုးတောင်သူများပြားနေပြီး တစ်နှစ်လျှင် ပြောင်းဖူးလေးသီးစိုက်ပျိုးခြင်းဖြင့် မြန်မာပြည်အရပ်ရပ်သို့ ပြောင်းဖူးတင်ပို့ရောင်းချနေခဲ့ရာ မတ်လပထမပတ်မှစတင်၍ ပြောင်းဖူးတစ်ဖူးကျပ် ၆၀ ဈေးအထိ ကျဆင်းလာခဲ့ကြောင်း၊ တစ်နှစ်ပတ်လုံး ပြောင်းဖူးဈေးကျပ် ၁၀၀ ထက်သာရောင်းချခဲ့ရာမှ ယခုအခါ ပြောင်းဖူးဈေးထက်ဝက်ခန့်အထိကျဆင်းခဲ့သော်လည်း ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူမှု မရှိသလောက်ရှိနေကြောင်းလည်း သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုရှိကျေးရွာများ၊ သစ်ထောင့်အုပ်စုကျေးရွာများ၊ သူကောင်းတည်အုပ်စုကျေးရွာများသည် ပြောင်းဖူးစိုက်ပျိုးခြင်းကို တစ်နှစ်လျှင် လေးကြိမ်အထိစိုက်ပျိုးရောင်းချကြကြောင်းသိရကာ စိုက်ပျိုးချိန် နှစ်လခွဲကျော်ဖြင့် ရောင်းချရခြင်းကြောင့် ငွေအမြန်ပေါ်ပြီး မိသားစုစီးပွားရေး တွက်ခြေကိုက်နေကြကြောင်း၊ နွေပြောင်းဖူးစိုက်ပျိုးခြင်းသည် အချိန်တစ်လခွဲခန့်ဖြင့် ပေါ်ပြီး မျိုးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြကြောင်းလည်း သိရသည်။

ယခင်က မန္တလေး၊ ရန်ကုန်၊ မြင်းခြံ၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပုဂံမြို့များသို့ ပြောင်းဖူးပွဲစားများက ပြောင်းဖူးစိုက်ခင်းအထိ လာရောက်ဝယ်ယူကြရာ ၁၀ ဖူးဈေး ကျပ် ၁၂၀၀ ဖြင့် ရောင်းချခဲ့ရာမှ ယခုအခါ ၁၀ ဖူးဈေး ကျပ် ၆၀၀ သာ ရောင်းချနေရကြောင်း သိရသည်။ **ကိုထိန် (KPD)**



# မိုင်းယုဒေသထွက်ရွှေဖရုံသီးများ ဈေးကောင်းရ



**မိုင်းယု မတ် ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်ဒေသ မိုင်းယုမြို့တွင် ဒေသခံတောင်သူများ စိုက်ပျိုးလျက်ရှိသည့် ကြက်သွန်၊ ငရုတ်၊ အာလူး၊ ခရမ်း၊ ခရမ်းချဉ်၊ ပဲအမျိုးမျိုးတို့အနက်မှ ရွှေဖရုံသီးများ လှိုင်လှိုင်ထွက်ရှိကာ ဈေးကွက်တွင်ရောင်းချသူများ ဈေးကောင်းရလျက်ရှိသည်။

ရွှေဖရုံကို ဒွန်းနွဲ့ကျေးရွာအုပ်စုနှင့် မိုင်းလွေကျေးရွာအုပ်စုတို့၌ စိုက်ပျိုးမြေနေရာများတွင် အများဆုံးစိုက်ပျိုးထားသည့်ကိုတွေ့ရှိရပြီး မိုးဦးဖြစ်သည့် မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးလျက်ရှိပြီး ဆောင်းရာသီတွင် အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်ဆောင်းရာသီတွင်ရွှေဖရုံများကိုသာ တောင်သူများ အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ရွှေဖရုံကိုစိုက်ပြီး အပင်သက်ရက် ၁၀၀၊ ၁၂၀ ကြာလျှင် ဖရုံသီးများရင့်မှည့်၍ စတင်ခူးနိုင်ကာ ရွှေဖရုံသီးများကို ကောင်းစွာရင့်မှည့်မှ ခူးဆွတ်ရန်လိုအပ်ကြောင်း၊ ရွှေဖရုံသီးကို အညာဖြင့်ထားပါက ပိုမိုကြာရှည်စွာထားနိုင်ကြောင်း၊ တစ်ဧကလျှင် ရွှေဖရုံသီး အလုံးရေ ၁၅၀၀၊ ၂၀၀၀ အထိ ထွက်ရှိကြောင်းနှင့် ရွှေဖရုံသီး တစ်ကီလိုလျှင် လက်ရှိဒေသပေါက်ဈေးမှာ ကျပ် ၂၀၀ ရှိကြောင်း ရွှေဖရုံစိုက်တောင်သူများထံမှ သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# အမြတ်များများရသည့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးသင့်

**မင်းဘူး မတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာတွင် ဖီးကြမ်းငှက်ပျောများ စိုက်ပျိုးရာ အရင်းအနှီးများများစိုက်ထုတ်ရသော်လည်း အမြတ်များများကျန်ကြောင်း ကျောက်တန်းကျေးရွာ ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။

ဖီးကြမ်းငှက်ပျောကို ငှက်ပျောဆို့ (ခေါ်) ငှက်ပျောပင်ပေါက်ကလေးများကိုတူး၍ တစ်ပင်နှင့်တစ်ပင် လေးပေခြားကာစိုက်ပျိုးရပြီး ကိုးလ၊ ၁၀ လအကြာတွင် ငှက်ပျောဖူးများထွက်ရှိ၍ ငှက်ပျောဖူးထွက်ပြီး သုံးလပြည့်လျှင် ရောင်းတန်းဝင်ငှက်ပျောခိုင်တစ်ခိုင်ကိုရရှိကာ တစ်ဖီးလျှင် ပျမ်းမျှ ကျပ် ၈၀၀ ဈေးရှိကြောင်း သိရသည်။

ငှက်ပျောပင်များသည် စိုက်ပျိုးပြီး တစ်နှစ်နီးပါး အချိန်ကြာကြာစောင့်ရသော်လည်း စိုက်ပျိုးပြီး ရောင်းတန်းဝင်အပင်များဖြစ်လာပါက ငှက်ပျောခိုင်၊ အရွက်၊ ပင်စည်ထဲမှ ငှက်ပျောအူ အကုန်ရောင်းရလေသည်။ ငှက်ပျောခိုင်မှာ အဖီးကျသလောက် ငွေရရှိပြီး ငှက်ပျောလက်တစ်ရွက်ကျပ် ၅၀၊ ငှက်ပျောအူပါ ပင်စည်တစ်ပင် ကျပ် ၄၀၀၊ ၅၀၀ ရောင်းရသည်။

"ကျွန်တော့်ငှက်ပျောခြံက လေးဧကကျယ်ပြီး တစ်နှစ်သားရှိတဲ့ ဖီးကြမ်းပင်တစ်ပင်ကို ကျပ် ၁၀၀၀၀ နီးပါးရရှိနေတဲ့အတွက် ဖီးကြမ်းငှက်ပျောကို စိုက်ပျိုးသင့်ပါတယ်" ဟု ဖီးကြမ်းငှက်ပျောစိုက်ပျိုးသူ ဦးသိန်းထွန်းက ပြောကြားသည်။

**ဇေယျာထက် (မင်းဘူး)**

# ကျိုင်းတုံမြို့၌ တည်ထားကိုးကွယ်သည့် မဟာမြတ်မုနိဘုရား

## ရဲထက်ဦး(ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် တည်ထားကိုးကွယ်သည့် မဟာမြတ်မုနိဘုရားသည် ကောဇာသက္ကရာဇ် ၁၂၆၉ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၀၈ ခုနှစ်)တွင် ဘုရားဒါယကာကြီး ကျိုင်းတုံစော်ဘွားကြီး စောကွန်ကျောက်အင်းထရိုင်က ဗုဒ္ဓသာသနာတည်တံ့စေရန်လည်းကောင်း၊ သာသနာတော်နေလအလား ထွန်းကားစေလိုသောဆန္ဒဖြင့်လည်းကောင်း စေတနာသုံးဖြာ ထက်သန်စွာဖြင့် ဂံုဂိုဏ်းချုပ်ဆရာတော် အပ်ရားထမ်း(ကျိုင်းငမ်းကျောင်းဆရာတော်)နှင့် သံဃာတော်များ၊ မြို့ပေါ်ရှိ ဘုရားဒါယကာများကို ခေါ်ယူတိုင်ပင်၍ သာသနာတော် နှစ်ငါးထောင်တိုင်အောင် တာရှည်တည်တံ့နိုင်စေရန် ရည်သန်ကာ ကျိုင်းတုံမြို့၌ မဟာမြတ်မုနိဘုရားတစ်ဆူ တည်ထားကိုးကွယ်ရန် စိတ်အားထက်သန်လာကြကြောင်း သိရသည်။



မဟာမြတ်မုနိဘုရား ရုပ်ပွားတော်တစ်ဆူ ပဉ္စလောဟ သွန်းလောင်းရန် ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၂၁ ခုနှစ်)တွင် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စောကွန်ကျောက်အင်းထရိုင်သည် ငှင်းရုံးတော်မှ အထက်တန်းအရာရှိဖြစ်ကြသော ဦးဖိုးမိန်နှင့် ဦးဗညားဖရားတို့အား မန္တလေးမြို့သို့ စေလွှတ်ကာ ဘုရားရုပ်ပွားတော်တစ်ဆူသွန်းလောင်းနိုင်ရန် မိန့်မှာကြားလိုက်ရာ ကောဇာသက္ကရာဇ် ၁၂၈၃ ခုနှစ်တွင် မန္တလေးမြို့ဟောင်း ဘူတာရုံအနောက်ဘက် လေးအိမ်တန်းရပ်နေ ပန်းပုပညာရှင် ဆရာကြီး ဦးသစ်နှင့် တပည့်သားများက တာဝန်ယူလက်ခံပြီး မန္တလေးမြို့ရှိ မဟာမုနိဘုရားပုံတော်အတိုင်း သွန်းလောင်းခဲ့သည်။ ရုပ်ပွားတော်၏ လည်ပင်းတော်မှ မုနိခေါင်းတော်ကျစ်လျစ်မွန်းချွန်အထိ ရွှေသားအစစ် အလေးချိန်တစ်ပိဿာနှင့် ခုနစ်ဆယ်ကျပ်သားဖြင့်လည်းကောင်း၊ ငွေသားအချိန် ၁၇ ပိဿာဖြင့်လည်းကောင်း ပါဝင်စေ၍ ကြေးနီ၊ ကြေးဝါ တန်ဖိုးနှင့် လက်ခတို့အတွက် ငွေဒင်္ဂါးဟောင်း ကျပ်တစ်သောင်းငါးထောင်ဖြင့် ပေးချေသွန်းလောင်းခဲ့ကြရာ သီပေါနယ်ရှင် စော်ဘွားကြီး ဆာစောချယ်က ငွေဒင်္ဂါးဟောင်း ကျပ်တစ်သောင်းငါးထောင်အနက် ထက်ဝက်ကူညီ ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရုပ်ပွားတော်အား ကျိုင်းတုံမြို့သို့ ပင့်ဆောင်ရာတွင် ရုပ်ပွားတော်ကို အပိုင်းပိုင်းဖြင့်ဖွဲ့ယူကာ ပင့်ဆောင်လာခဲ့ပြီး သီပေါမြို့၌ တစ်ထောက်ရပ်နားခဲ့ကြသည်။ ထိုစဉ်အခါက သီပေါမြို့မှ ကျိုင်းတုံမြို့သို့ မော်တော်ကားလမ်း ပေါက်ရောက်ခြင်း မရှိသေး၍ သီပေါနယ်ရှင်စော်ဘွားကြီး ဆာစောချယ်က တာဝန်ယူပြီး လူအင်အား နွားလှည်းများဖြင့် တင်ဆောင်ကာ သံလွင်မြစ်အနောက်ဘက်ကမ်း တာကော်ကူးတို့အထိ ပို့ဆောင်ပေးခဲ့ပါသည်။ ထို့နောက် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စောကွန်ကျောက်အင်းထရိုင်က ကမကထပြု၍ ရပ်သူရွာသားများကိုစုစည်းကာ လူအင်အား၊ ကျွဲလှည်းအင်အားများဖြင့် တာကော်သို့ ခရီးလမ်းပန်း အခက်အခဲပေါင်းများစွာဖြတ်ကျော်ပြီး စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် သွားရောက်ပင့်ဆောင်လာခဲ့ရာ တာကော်သံလွင်မြစ်မှ ကျိုင်းတုံမြို့သို့မဝင်မီ မြို့လုံးကျွတ်ပြည်သူလူထုက မြို့၏အနောက်ဘက်ရှိ နမ့်ခွန်ရေချောင်းသံတံတားတည်ရှိရာနေရာတွင် မဏ္ဍပ်ထိုးကာ အိုးစည်ဗုံမောင်းဖြင့် တစ်ခဲနက် ဝမ်းပန်းတသာ ခရီးဦးကြိုဆိုကြပါသည်။ ထိုမှတစ်ဆင့် လူထုစီတန်းပြီး စည်ကားသိုက်မြိုက်စွာ မြို့တွင်းသို့ ပင့်ဆောင်လှည့်လည်ခဲ့ကြပြီး မြို့လယ်ကောင်၌ တည်ရှိသော ခံကွိုင်းစွန်း(ယခုမြို့မဘောလုံးအားကစားကွင်း) နေရာတွင် ယာယီစံကျောင်းတော်အဖြစ် သက်ငယ်မိုးဝါးကပ်ထရံဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်၌ တစ်ဝါဆိုထားပြီး ဖူးမြော်ကြည်ညိုခံခဲ့ကြောင်း သိရသည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၂၈၈ ခုနှစ် (ဗုဒ္ဓသာသနာတော် ၂၄၇၀ ပြည့်နှစ်)တွင် ဝိဟာရကျောင်းတော်တည်ဆောက်ကာ ယာယီ စံကျောင်းမှ ဝိဟာရကျောင်းတော်အတွင်း ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်တော်မူခဲ့သည်။ ဘုရားဒါယကာကြီး နယ်ရှင် စော်ဘွားကြီး စောကွန်ကျောက်အင်းထရိုင်က ဦးဆောင်၍ ၁၂၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် မဟာမြတ်မုနိဘုရားအား ရွှေသင်္ကန်းလှူဒါန်းရန် မသိုးသင်္ကန်းအလှူပွဲအတွက် မသိုးသင်္ကန်းရက်ယူခဲ့ရာ တန်ဆောင်မုန်းလပြည့် မွန်းတည့် ၁၂ နာရီအချိန်တွင် အပြီးအစီးရက်လုပ်ပြီး ပင့်ဆောင်သံဃာတော်များအား အလှူဒါနပြု၍ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် ကျောင်းတော်အား အလှူရှင် ဒါယကာ၊ ဒါယိကာမများက အဆင့်ဆင့် မွမ်းမံပြင်ဆင်ခဲ့ကြပြီး ဒါနပြုအလှူရှင်များ၏ အမည်နာမများကို ကမ္ပည်းရေးထိုးထားပါသည်။

ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်(ခရစ်သက္ကရာဇ် ၁၉၅၀ ပြည့်နှစ်) တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စောစိုင်းလုံ ခေမာဓိပတိနှင့် ဆွေမျိုးတော်များ၊ ဘုရားဒါယကာနှင့် ဒါယိကာမအပေါင်းတို့က ဘုရားကျောင်း၏မုခ်ဦးလေးဘက်၌ ထီးတော်လေးဆူတွင် ပွဲအလှူဒါနပြုလုပ်ကာ ဆွမ်းတော်ကြီးကပ်လှူသည်။ နံနက် ၆ နာရီတွင် သံဃာတော် ၈၅ ပါးကို ပင့်ဆောင်တော်မူပြီး ဆွမ်းကြီးလောင်းလှူ ပွဲပြုကြ၍ ရေစက်သွန်းချအမျှပေးဝေသာဓုခေါ်ဆိုခဲ့ကြသည်။ ထိုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်နေ့ကို မဟာမြတ်မုနိဘုရားပွဲဟူ၍ သတ်မှတ်ကာ အစဉ်အလာမပျက် ထိန်းသိမ်းလာခဲ့ကြရာမှ ယနေ့အထိ ကျင်းပလျက်ရှိပါသည်။ ။

**မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရား ပုံတော်အတိုင်း သွန်းလောင်းခဲ့သည်။ ရုပ်ပွားတော်၏ လည်ပင်းတော်မှ မုနိခေါင်းတော်ကျစ်လျစ်မွန်းချွန်အထိ ရွှေသားအစစ် အလေးချိန်တစ်ပိဿာနှင့် ခုနစ်ဆယ်ကျပ်သားဖြင့် လည်းကောင်း၊ ငွေသားအချိန် ၁၇ ပိဿာဖြင့် လည်းကောင်း ပါဝင်စေ၍ ကြေးနီ၊ ကြေးဝါ တန်ဖိုးနှင့် လက်ခတို့အတွက် ငွေဒင်္ဂါးဟောင်း ကျပ်တစ်သောင်းငါးထောင်ဖြင့် ပေးချေသွန်းလောင်းခဲ့၊**



# မျိုးသန့်စပါးထုတ်လုပ်၍ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့်တောင်သူများအား စိုက်ချိန်အမီ ဖြန့်ဖြူး

**နေပြည်တော် မတ် ၁၀**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)သည် ဒေသနှင့်ကိုက်ညီပြီး အထွက်ကောင်း၊ အရည်အသွေးကောင်း ပိုးမွှားရောဂါဒဏ်ခံနိုင်သော သီးနှံမျိုးသစ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို စူးစမ်းရှာဖွေကာ သုတေသနလုပ်ငန်းများ ဆောင်ရွက်၍ ကူညီဖြေရှင်းပေးရန်၊ စပါးမျိုးသန့်များ ပွားများထုတ်လုပ်ဖြန့်ဖြူးပေးရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အဓိကစိုက်ပျိုးလျက်ရှိသည့် စပါးသီးနှံအပါအဝင် ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံသုတေသနများကို သုတေသနစီမံချက်များ ချမှတ်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ (၂၀၂၀- ၂၀၂၁) ခုနှစ်အနေဖြင့် မိုးရာသီတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် သင့်တော်သည့် မိုးရေသောက်စပါး၊ အရည်အသွေးကောင်းစပါး၊ ရေကြီးကွင်းဒေသများအတွက် ရေမြုပ်ခံနိုင်သည့် စပါး၊ နွေရာသီတွင် မြစ်ရေတင်စပါး၊ ဆားငန်ရေဝင်ဒေသများအတွက် ဆားငန်ဒဏ်ခံ စပါးသုတေသနများ၊ မိုးကြိုရာသီတွင် ဂုန်လျှော်၊ ချည်ပေါင်လျှော်သုတေသနလုပ်ငန်းများကို စမ်းသပ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသအတွင်း မျိုးသန့်ထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများအတွက် မျိုးသန့်မျိုးပွားမျိုးစေ့ (Registered seed) ထုတ်လုပ်ခြင်းများကို ဒေသသုတေသနဗဟိုဌာန (မြောင်းမြ) တာဝန်ခံ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန် ၂၀၂၀ ပြည့်နှစ် မိုးရာသီ၌ စိုက်ပျိုးထုတ်လုပ်ခဲ့သော မျိုးသန့်မျိုးပွားမျိုးစေ့များဖြစ်သည့် နှံကား၊ ပေါ်ဆန်းရင်၊ ဆင်းသုခ၊ မြောင်းမြမေ၊ ရေမြုပ်ခံ-၁၊ သီးထပ်ရင် စသည့်စပါးမျိုးများအား မျိုးသန့်စင်ခြင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်သည့်အပြင် လာမည့်မိုးရာသီတွင် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified seed) ထုတ်လုပ်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများသို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်ရှိသည့်အနက် အိမ်မဲ၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်၊ ဝါးခယ်မနှင့် မြောင်းမြမြို့နယ်တို့တွင် တောင်သူအခြေပြု သုတေသနစခန်းများ ထူထောင်နိုင်ခဲ့ပြီး ကျန်မြို့နယ်များတွင်လည်း ဆက်လက်တည်ထောင်သွားမည်ဖြစ်သည်။ ၎င်းစခန်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သုတေသနလုပ်ငန်းများနှင့် မျိုးသန့်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ဒေသတွင်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ-စိုက်ပျိုးရေး**

# မိုင်းရှူးမြို့နယ်ရှိ ကျေးရွာလေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းရှူး မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်အတွင်းရှိ ခိုစုံကျေးရွာနှင့် ဖာယ၊ လွိုင်တန့်၊ လွိုင်ခမ်းကျေးရွာတို့တွင် သောက်သုံးရေဖူလုံစေရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခိုစုံကျေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် အရှည်ပေ ၄၀၀၀ ရှိ စိမ့်စမ်းရေပိုက်လိုင်း (အမြင့်တင်)သွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဖာယကျေးရွာတွင် အနက်ပေ ၄၀၀ ရှိ အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အရှည်ပေ ၆၀၀၀ ရှိရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၁၄ သန်းဖြင့် တင်ဒါအောင်မြင်သော M.T.D.H ကုမ္ပဏီကလည်းကောင်း၊ လွိုင်တန့်၊ လွိုင်ခမ်းကျေးရွာနှစ်ရွာတွင် အရှည် ၁ မိုင် ၄ ဖာလုံရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၁၄၃ သန်းဖြင့် တင်ဒါအောင်မြင်သော ဧကတော်ဝင် ကုမ္ပဏီကလည်းကောင်း ယခုနှစ်ဇန်နဝါရီလအတွင်းမှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၂၂၇ မှ လူဦးရေ ၁၂၄၄ ဦးတို့၏ သောက်သုံးရေဖူလုံစေရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးထံမှ သိရသည်။

အဆိုပါကျေးရွာလေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးသီဟန်လင်း၊ လွိုင်လင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးဇေယျာမင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ လိုက်လံရှင်းလင်းပြသခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ငြိမ်းသူ**



# မိုးနှောင်းချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ပျိုး

**ဆော မတ် ၁၀**

ဂန့်ဂေါခရိုင် ဆောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး စမ်းသပ်စိုက်ကွက်ကို ဆောမြို့နယ် မင်းလယ်ကျေးရွာ တောင်သူ ဦးတင်လှိုင်၏ မြေကွက်တစ်ဧကတွင် စမ်းသပ်စိုက်ပျိုးထားသည်။

စမ်းသပ်ကွက်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ "ပြောင်းလဲလာတဲ့ ရာသီဥတုအရ ချည်မျှင်ရှည်ဝါတွေကို စမ်းသပ်စိုက်ပျိုးထားတာပါ။ တောင်သူယုံကြည်မှုရှိဖို့အတွက်ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်မှာ စတင်စိုက်ပျိုးတာဖြစ်ပါတယ်။ မကြာမီကာလမှာ ဝါသီးကွဲပြီး ဆွတ်ခူးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ကြည်က ပြောသည်။

ဆောမြို့နယ် ၄က်ချောင်၊ ပဆုပ်၊ ကျောက်လိပ်၊ လက်ပန်းကျေးရွာများတွင် ယမန်နှစ်က စမ်းသပ်စိုက်ကွင်းများကို ၄၈ ဧက ပြုလုပ်ခဲ့ကြောင်း၊ တစ်ဧကပိဿာ ၅၀၀ ခန့်ထွက်ရှိ၍ တစ်ပိဿာလျှင် ၁၄၀၀ ကျပ်အထိ ရောင်းချခဲ့ရသဖြင့် တောင်သူများ ဝင်ငွေကောင်းခဲ့ကြောင်း သိရသည်။

ဆောမြို့နယ် အနောက်ဘက်နှင့် တောင်ဘက်တို့သည် ချင်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိရာ နယ်စပ်ဒေသများတွင် ရာသီဥတုပြောင်းလဲမှုများရှိ၍ လာမည့်နှစ်တွင် တစ်လခန့်စောကာ စမ်းသပ်စိုက်ပျိုးရန် စီစဉ်ထားကြောင်းနှင့် စမ်းသပ်ကွင်းတွင် ငွေချည် (၉)၊ ငွေချည် (၁၁)၊ ရွှေတောင် (၈)၊ စပ်မျိုးချည်မျှင်ရှည်ဝါမျိုးများကို စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

■

# ချန်ပီယံလိဂ် ၁၄ ပွဲမှာ ချန်ပီယံလိဂ်သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်း စံချိန်သစ်တစ်ရပ်တင်ခဲ့



ဒေါ့မွန်အသင်းမှ နော်ဝေတိုက်စစ်မှူး ဟာလန်းဟာ ဒေါ့မွန်အသင်းနဲ့ ဆီဗီလာအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် လက်ရှိမှာ ချန်ပီယံလိဂ်သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ သူ့ရဲ့ကစားသမားဘဝ ချန်ပီယံလိဂ်ပွဲစဉ် ၁၄ ပွဲကစားအပြီးမှာ ချန်ပီယံလိဂ်သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ဥရောပရဲ့ အခြားသောတိုက်စစ်မှူးတွေထက် ချန်ပီယံလိဂ်ပွဲစဉ်အနည်းငယ်နဲ့ သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့တဲ့ စံချိန်သစ်တစ်ရပ်တင်ခဲ့တာ ဖြစ်ပါတယ်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲသမိုင်းမှာ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ချန်ပီယံလိဂ် ၂၄ ပွဲမှာ သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့တာကြောင့် စံချိန်သစ်တစ်ရပ်တင်ခဲ့တာဖြစ်ပြီး လက်ရှိမှာ တိုက်စစ်မှူး ဟာလန်းက ဟယ်ရီကိန်းရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ကစားသမားတွေရဲ့ ချန်ပီယံလိဂ်ပွဲစဉ် နည်းနည်းနဲ့ သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့တဲ့ ကစားသမားတွေကိုကြည့်မယ်ဆိုရင် တိုက်စစ်မှူး ပီယာလိုက ချန်ပီယံလိဂ်ပွဲစဉ် ၂၆ ပွဲကစားအပြီးမှာ သွင်းဂိုး ၂၀၊ တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ချန်ပီယံလိဂ်ပွဲစဉ် ၂၇ ပွဲကစားအပြီးမှာ သွင်းဂိုး ၂၀၊ တိုက်စစ်မှူးအင်ဇာဂီက ချန်ပီယံလိဂ်ပွဲစဉ် ၂၈ ပွဲ ကစားအပြီးမှာ သွင်းဂိုး ၂၀ အသီးသီး သွင်းယူနိုင်ခဲ့ကြတာဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ တိုက်စစ်မှူး လီယွန်နယ် မက်ဆီတို့ကတော့ ချန်ပီယံလိဂ်ပွဲစဉ် နည်းနည်းနဲ့ ချန်ပီယံလိဂ်သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ချန်ပီယံလိဂ်ပွဲစဉ် ၅၆ ပွဲကစားပြီးမှ ချန်ပီယံလိဂ်သွင်းဂိုး ၂၀ ပြည့်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး မက်ဆီကလည်း ချန်ပီယံလိဂ်ပွဲစဉ် ၄၀ ကစားပြီးမှ ဂိုး ၂၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးဟာလည်း ချန်ပီယံလိဂ်ပွဲစဉ် ၃၆ ပွဲကစားပြီးမှ သွင်းဂိုး ၂၀ ပြည့်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ချန်ပီယံလိဂ်ပွဲစဉ် ၁၄ ပွဲကစားအပြီးမှာ သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့တဲ့ အပြင် အဲဒီသွင်းဂိုးတွေထဲမှာ ဟက်ထရစ်သွင်းဂိုး တစ်ကြိမ်လည်း ပါဝင်ခဲ့ပြီး ဆဲလ်ဘတ်အသင်းမှာ ရှိနေစဉ် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းက ဂျန့်အသင်းကို ဆဲလ်ဘတ်အသင်းက ခြောက်ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

*** ဆီဗီလာအသင်းမှ**

ဒေါ့မွန်အသင်းနဲ့ ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဒေါ့မွန်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို တိုက်စစ်မှူးဟာလန်းက ပွဲကစားချိန် ၃၅ မိနစ်နဲ့ ၅၄ မိနစ်(ပင်နယ်တီ)တို့မှာ သွင်းယူပေးခဲ့တာဖြစ်ပြီး ဆီဗီလာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ အန်နီဆရီက ပွဲကစားချိန် ၆၈ မိနစ်(ပင်နယ်တီ)နဲ့ ၉၆ မိနစ်တို့မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ ဆီဗီလာအသင်းကို အနိုင်ရရှိပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့ခြင်းဟာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို ပထမဆုံးတက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရဲ့ အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂျူဗင်တပ်အသင်းနဲ့ ပေါ်တိုအသင်းတို့ ယနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲစဉ်မှာ ဂျူဗင်တပ်အသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ပထမအကျော့မှာ ပေါ်တိုအသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး- လေးဂိုး ဖြစ်ခဲ့ပေမယ့် ပေါ်တိုအသင်းက အဝေးဂိုးစည်းမျဉ်းအရ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

# ယူရိုပြိုင်ပွဲပြီးပါက ဂျာမနီအသင်းနည်းပြအဖြစ်မှ ဂျိုအာချင်လို ထွက်ခွာမည်

ဂျာမနီနိုင်ငံ လက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လိုဟာ ယခုနှစ် နွေရာသီကာလအတွင်း ကျင်းပမယ့် ဥရောပချန်ပီယံရှစ်(ယူရိုပြိုင်ပွဲ)ပြီးဆုံးပါက ဂျာမနီအသင်းနည်းပြအဖြစ်ကနေ ထွက်ခွာတော့မယ်လို့ သိရပါတယ်။

အသက် ၆၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျိုအာချင်လိုဟာ ၂၀၀၆ ခုနှစ်အတွင်းက ဂျာဂန်ကလင်းစမန်းရဲ့ ဂျာမနီအသင်းနည်းပြရာထူးတာဝန်ကို အစားထိုးထမ်းဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ နည်းပြ ဂျိုအာချင်လိုရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ဆက်ရှိနေရမှာဖြစ်ပေမယ့် နည်းပြဘဝကို စာချုပ်သက်တမ်းထက်စောပြီး အဆုံးသတ်ဖို့အတွက် ဂျာမနီဘောလုံးအဖွဲ့ချုပ်ကိုလည်း ချဉ်းကပ်မှုတွေ ပြုလုပ်ထားတယ်လို့ ဆိုပါတယ်။

ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုဟာ ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂျာမနီအသင်းကို ကမ္ဘာ့ဖလားချန်ပီယံဆုဖလားဆွတ်ခူးရယူနိုင်ရေး စွမ်းဆောင်ပေးခဲ့တာဖြစ်ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ အုပ်စုအဆင့်နဲ့ပဲ ပြိုင်ပွဲကနေ ဂျာမနီအသင်းထွက်ခဲ့ရတာ ဖြစ်ပါတယ်။ ယခုနွေရာသီကာလအတွင်းမှာ ကျင်းပမယ့် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲမှာ ဂျာမနီအသင်းဟာ အုပ်စု(F) မှာ ပြင်သစ်အသင်း၊ ဟန်ဂေရီအသင်း၊ ပေါ်တူဂီအသင်းတို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေပြီး ကိုဗစ်-၁၉ ရောဂါကြောင့် တစ်နှစ်ကြာ ရွှေ့ဆိုင်းခဲ့ရတဲ့ အဆိုပါ ယူရို ၂၀၂၀ ပြိုင်ပွဲကို ယခုနှစ် ဇွန် ၁၁ ရက်ကနေ ဇူလိုင် ၁၁ ရက်အထိ ကျင်းပသွားဖို့ ရှိနေတာ ဖြစ်ပါတယ်။



နည်းပြ ဂျိုအာချင်လိုရဲ့ ဂျာမနီအသင်းဟာ ဥရောပ ချန်ပီယံရှစ် ပြိုင်ပွဲရဲ့ အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၅ ရက်မှာ ပြင်သစ်အသင်းနဲ့ စတင်ကစားရမှာ ဖြစ်ပြီး မြူးနစ်မြို့ရှိအလိုင်းရင့်ခ်အရီနာကွင်းထဲမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

# အင်တာမီလန်ညာနောက်ခံလူ ဟာကီမီအား ပေါင်သန်း ၄၀ နဲ့ခေါ်ယူရန် အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ အပြိုင်ကြိုးပမ်းနေ



ပရီမီယာလိဂ်ပြိုင်ဘက်အသင်းနှစ်သင်းဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းရဲ့ ညာနောက်ခံကစားသမား ဟာကီမီအား ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ နဲ့ ခေါ်ယူရန်အတွက် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဟာကီမီဟာ ယခုနှစ်ဘောလုံးရာသီမှာ အင်တာမီလန်အသင်းအတွက် အဓိက အားထားရတဲ့ နောက်တန်းကစားသမားတစ်ဦးဖြစ်ပြီး အီတလီစီးရီးအေ ၂၅ ပွဲပါဝင်ကစားပေးခဲ့ရာမှာ ခြောက်ဂိုးသွင်းယူပေးထားကာ ဂိုးဖန်တီးမှုငါးကြိမ်အထိ ပြုလုပ်ပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် အင်တာမီလန်အသင်းမှာ ဘဏ္ဍာရေးအခက်အခဲဖြစ်ပေါ်ခဲ့တာကြောင့် အင်တာမီလန်အသင်းက နောက်ခံလူ ဟာကီမီကို ရောင်းချဖို့စီစဉ်လျက်ရှိတယ်လို့ တယ်လီဂရက်သတင်းဌာနက ဖော်ပြထားပါတယ်။ဒါကြောင့် အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့က နောက်တန်းကစားသမား ဟာကီမီကိုခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပြီး အာဆင်နယ်အသင်းကတော့ ညာနောက်ခံကစားသမား ဟက်တာဘယ်လာရင်ဟာ ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့ကစားဖို့ရှိနေတာကြောင့် အရန်သင့်အစားထိုးနိုင်ဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

# ဘိုင်ယန်နောက်ခံလူ ဒေးဗစ်အလာဘာကို ခေါ်ယူရန် ဘာစီလိုနာသဘောတူညီချက်ရရှိ

ဘာစီလိုနာအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ နောက်တန်းကစားသမား ဒေးဗစ်အလာဘာကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ရာ လက်ရှိမှာ ဘာစီလိုနာအသင်းနဲ့ ဒေးဗစ်အလာဘာတို့အကြား နှုတ်အားဖြင့် သဘောတူညီချက်ရရှိခဲ့တယ်လို့ သိရပါတယ်။

ဩစတြီးယားကြယ်ပွင့် ဒေးဗစ်အလာဘာဟာ ယခုနှစ်ဘောလုံးရာသီကုန်မှာ ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းကနေ ထွက်ခွာမယ်လို့လည်း ယခုနှစ်အစောပိုင်းက အတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။

ဒေးဗစ်အလာဘာကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေပေမယ့် ဒေးဗစ်အလာဘာရဲ့ ကိုယ်စားလှယ်ဖြစ်သူ ပီနီဇာဟာဗီကတော့ နောက်ခံလူဒေးဗစ်အလာဘာဟာ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ နှုတ်အားဖြင့် သဘောတူညီထားတယ်လို့ ပြောကြားခဲ့ပါတယ်။

ဒေးဗစ်အလာဘာဟာ ဘယ်နောက်ခံနေရာအပြင် ဗဟိုခံစစ်နေရာရော ကွင်းလယ်ပိုင်းမှာပါ ကစားနိုင်စွမ်းရှိတာကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

ဒေးဗစ်အလာဘာဟာ ၂၀၀၈ ခုနှစ်အတွင်းက ဘိုင်ယန်မြူးနစ်အသင်းဆီ ရောက်ရှိလာခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါဖလားကိုးကြိမ်၊ ဂျာမန်ပိုကယ်ဖလားခြောက်ကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ဒေးဗစ်အလာဘာဟာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်စုစုပေါင်း ၄၀၀ ကျော် ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၃၃ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။

ဇွေကြယ်- ရေးသားသည်

# မတ် ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၉-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၆,၈၂၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၇၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၀၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၈၀၁၅၀၆ | ၂၀၅၄၉၆၇၈ | ၅၄၀၅၇၄ |
| ၂။ | အိန္ဒိယ | ၁၁၂၆၂၇၀၇ | ၁၀၉၂၀၀၄၆ | ၁၅၈၀၇၉ |
| ၃။ | ဘရာဇီး | ၁၁၁၂၅၀၁၇ | ၉၈၄၃၂၁၈ | ၂၆၈၅၆၈ |
| ၄။ | ရုရှား | ၄၃၅၁၅၅၃ | ၃၉၄၅၅၂၇ | ၉၀၂၇၅ |
| ၅။ | ဗြိတိန် | ၄၂၂၈၉၉၈ | ၃၃၁၅၉၃၄ | ၁၂၄၇၉၇ |
| ၆။ | ပြင်သစ် | ၃၉၃၂၈၆၂ | ၂၆၇၅၃၉ | ၈၉၃၀၁ |
| ၇။ | စပိန် | ၃၁၆၄၉၈၃ | ၂၈၂၄၃၃ | ၇၁၇၂၇ |
| ၈။ | အီတလီ | ၃၁၀၁၀၉၃ | ၂၅၂၀၇၃၁ | ၁၀၀၄၇၉ |
| ၉။ | တူရကီ | ၂၈၀၇၃၈၇ | ၂၆၄၀၆၆၉ | ၂၉၁၆၀ |
| ၁၀။ | ဂျာမနီ | ၂၅၂၀၆၀၉ | ၂၃၂၈၇၀၀ | ၇၂၉၈၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၉၈၅၇၈ | ၁၂၁၆၄၃၃ | ၃၇၉၃၂ |
| ၂။ | ဖိလစ်ပိုင် | ၆၀၃၃၀၈ | ၅၄၆၂၉၃ | ၁၂၅၄၅ |
| ၃။ | မလေးရှား | ၃၁၇၇၁၇ | ၂၉၈၅၁၆ | ၁၁၉၁ |
| ၄။ | မြန်မာ | ၁၄၂၀၇၃ | ၁၃၁၇၀၇ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၆၀၀၆၂ | ၅၉၉၀၅ | ၂၉ |
| ၆။ | ထိုင်း | ၂၆၅၄၀ | ၂၅၉၄၆ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၅၂၉ | ၂၀၀၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၂၄ | ၅၄၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၉၁ | ၁၈၃ | ၃ |
| ၁၀။ | လာအို | ၄၇ | ၄၂ | ၀ |

# ရေသုံးစွဲသူပြည်သူများ ရေပြတ်တောက်မှုမရှိစေရေး ရန်ကုန်မြို့တော်စည်ပင် ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့သည် ရေသုံးစွဲသူပြည်သူများအတွက် ရေပေးဝေရေးဝန်ဆောင်မှုပေးနေသည့်အဖွဲ့ဖြစ်သည်။ ရေသုံးစွဲသူပြည်သူများ ရေပြတ်တောက်မှုမရှိစေရေးအတွက် ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရန်ကုန်မြို့ ရေပေးဝေရေးစနစ်ဟန်ချက်ညီညီ လည်ပတ်နိုင်ရေးအတွက် ရေအရင်းအမြစ်ကဏ္ဍ၊ ရန်ကုန်မြို့သို့ ရေပို့ပိုက်လိုင်းကြီးများဖြင့် ရေပေးပို့မှုကဏ္ဍ၊ ရန်ကုန်မြို့တွင်းသို့ ရောက်ရှိလာသည့်ရေကို သုံးစွဲသူပြည်သူများထံ ရေဖြန့်ဖြူးပေးဝေသည့် ကဏ္ဍစသည့် ကဏ္ဍသုံးရပ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများသည် အချိန်နှင့်တစ်ပြေးညီ အချိတ်အဆက်မိမိ အချိန်ပြည့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ရေအရင်းအမြစ်များဖြစ်သည့် ရေလှောင်ကန်ကြီးများနှင့် ရေသန့်စင်စက်ရုံများသည် ရန်ကုန်မြို့ပြင်ဝေးရာအရပ်တွင် တည်ရှိသည်။ ဂျိုးဖြူရေပိုက်လိုင်းသည် ၄၃ မိုင်ရှည်လျားသည်။ ဂျိုးဖြူရေသည် ရန်ကုန်မြို့သို့ ရောက်ရှိရန် ၄၃ မိုင်ခရီးကို ဖြတ်သန်းရသည့်လမ်းခရီးတွင် အနှောင့်အယှက်ကင်းစွာ ရေဆုံးရှုံးမှုမရှိဘဲ ရန်ကုန်မြို့သို့ ရောက်ရှိရန် ဝန်ထမ်းများက မိမိတို့တာဝန်ကျရာနေရာအသီးသီး၌ အချိန်ပြည့်တာဝန်များ ထမ်းဆောင်ကြရသည်။

ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် ရေဖြန့်ဖြူးရာတွင် ရေဗားများ အဖွင့်အပိတ်ပြုလုပ်ခြင်း၊ ထပ်ဆင့် ရေတွန်းစက်များ ဟန်ချက်ညီမောင်းနှင်၍ ရေဖိအားများ ထိန်းညှိရသည်။ ရေပိုက်ပေါက်ခြင်း၊ ရေတွန်းစက်များ ပျက်ယွင်းခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်းများကို ချက်ချင်းပြင်ဆင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသည်။ ဝန်ထမ်းများက အလှည့်ကျ အသင့်အနေအထားဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် တန်ဖိုးရှိရေ ပြုန်းတီးမှုမရှိစေရန်နှင့် ရေသုံးစွဲသူပြည်သူများ အကျိုးရှိစွာ သုံးစွဲရမည်ဖြစ်သည်။ ထို့ပြင် ရေပေးဝေရေးစနစ်များ လုံခြုံမှုကိုစောင့်ရှောက်ပေးရန် ဝန်ထမ်းများက လိုလားကြသည်။

မတ် ၅ ရက် ညနေ ၅ နာရီခွဲခန့်တွင် သာကေတမြို့နယ် ကွေ့မအနီး သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်းမြို့နယ်များသို့ လဂွန်းပြင်မှ ရေပေးပို့သည့် ရေပို့ပိုက်လိုင်းတွင် တပ်ဆင်ထားသည့် Air Valve Chamber မှ ရေများ လျှံထွက်နေသဖြင့် စစ်ဆေးရာ Air Valve နှင့် Gate Valve တို့ကို သံဖြတ်လွှဖြင့် ဖြတ်ယူထားသည်ကို စစ်ဆေးတွေ့ရှိရပြီး ရေများ လေလွင့်ဆုံးရှုံးကာ ရေပေးပို့နိုင်ခြင်းမရှိခြင်းကြောင့် ရေပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ရေပေးဝေမှု မပြတ်တောက်စေရေးအတွက် ရေပေးဝေရေး အဆောက်အအုံများကို ရေသုံးစွဲသူ ပြည်သူများက ကာကွယ်ထိန်းသိမ်းစောင့်ရှောက်စေလိုကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိ တိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် -

တယ်လီဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄/၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/၀၉-၈၈၂၅၅၇၉၉၃

Email - office@e-mohs.gov.mm

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဆောင်းဟေကို ဇာတ်လမ်းတွဲသစ် လက်ခံရိုက်ကူး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦး ဖြစ်သူ ဆောင်းဟေကိုကို မကြာမီမှာ ရုပ်သံ ဇာတ်လမ်းတွဲသစ်နဲ့အတူ တွေ့မြင်ရတော့မှာပါ။ အဆိုပါ ဇာတ်လမ်းတွဲဟာ အချစ်ဇာတ်လမ်း အမျိုးအစားဖြစ်ပြီး ဆောင်းဟေကိုနဲ့အတူ ကန်ဂျီယွန်း၊ ချွိုင်ဟီးစိုးနဲ့ ကင်ဂျုံဟွန်းတို့လည်း တွဲဖက်ပါဝင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Now, We Are Breaking Up လို့ ယာယီအမည်ပေးထားတဲ့ အဆိုပါ ဇာတ်လမ်းတွဲမှာ ပါဝင်ဖို့ရာ ဆောင်းဟေကိုကို ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းက ကမ်းလှမ်းထားခဲ့တာပါ။ ဒါပေမယ့် မတ် ၁၀ ရက်မှာ ဆောင်းဟေကိုအနေနဲ့ အဆိုပါ ဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးဖို့ရာ သဘောတူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီး ဇာတ်လမ်းတွဲမှာ ပါဝင်မယ့် အခြားသော ဇာတ်ကောင်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။



အဆိုပါ ဇာတ်လမ်းတွဲမှာ ဆောင်းဟေကိုဟာ ကျော်ကြားတဲ့ ဖက်ရှင်ဒီဇိုင်းပညာရှင်တစ်ဦးအဖြစ် ပါဝင်တားတာပါ။

ဆောင်းဟေကိုနဲ့အပြိုင် မင်းသား ကန်ဂျီယွန်းက အဓိကအမျိုးသား ဇာတ်ဆောင်အဖြစ် ပါဝင်ထားပြီး သူပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ ချမ်းသားတဲ့ အလွတ်တမ်းဓာတ်ပုံဆရာတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့် ဒီဇာတ်လမ်းတွဲမှာတော့ ဖက်ရှင်ဒီဇိုင်နာတစ်ဦးနဲ့ ဓာတ်ပုံဆရာတစ်ဦး အကြားက အချစ်ဇာတ်လမ်းကို ခံစားကြရမှာပါ။

အဆိုပါ ဇာတ်လမ်းတွဲကို လာမယ့်ဧပြီလအတွင်း စတင်ရိုက်ကူးဖို့ရာ စီစဉ်ထားပြီး SBS ရုပ်သံလိုင်းကနေ ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

# တစ်ကိုယ်တော် တေးသံရှင်အဖြစ် တွေ့မြင်ရတော့မယ့် ဝင်ဒီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Red Velvet ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဝင်ဒီဟာ တစ်ကိုယ်တော် တေးအယ်လ်ဘမ် ထုတ်လွှင့်ဖို့ရာ ပြင်ဆင်နေတာကြောင့် မကြာမီမှာ တစ်ကိုယ်တော် တေးသံရှင် တစ်ဦးအဖြစ် တွေ့မြင်ရတော့မှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေရ သိရပါတယ်။

မတ် ၁၀ ရက်မှာ ထွက်ပေါ်လာတဲ့ သတင်းတွေအရ ဝင်ဒီရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို လာမယ့်ဧပြီလအတွင်း စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်ကလည်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

ဝင်ဒီဟာ ၂၀၁၉ ခုနှစ်အတွင်း ဖျော်ဖြေရင်း ထိခိုက်ဒဏ်ရာရခဲ့ပြီးနောက်ပိုင်း တေးဂီတလှုပ်ရှားမှုတွေ ရပ်နားထားတာ ဖြစ်ပါတယ်။ လတ်တလောမှာမှ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ပြန်လည်လှုပ်ရှားဖို့ စီစဉ်ခဲ့တာဖြစ်ပြီး သူဟာ Red Velvet အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော် တေးအယ်လ်ဘမ်ထုတ်လွှင့်တဲ့ ပထမဆုံးသော အဖွဲ့ဝင်ဖြစ်လာမှာလည်း ဖြစ်ပါတယ်။



# တေးဂီတလောကကနေ အနားယူဖို့စဉ်းစားနေတဲ့ ဆယ်လီနာဂိုးမက်ဇ်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုးမက်ဇ်ဟာ တေးဂီတလောကကနေ အနားယူဖို့ရာ စဉ်းစားနေကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဆယ်လီနာဂိုးမက်ဇ်က သူ့အနေနဲ့ တေးဂီတလုပ်ငန်းနဲ့ပတ်သက်ပြီး အနားမယူမီ နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားကြည့်ချင်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဆယ်လီနာက သူ့အနေနဲ့ တေးဂီတလောကကို အပြီးနှုတ်ဆက်ချင်တာဖြစ်ပြီး လူအများက သူ့ရဲ့ ထုတ်လုပ်မှုတွေအပေါ် အလေးအနက်မရှိသလို ဂရုတစိုက်တုံ့ပြန်တာမျိုးမရှိဘူးလို့လည်း ဆယ်လီနာဂိုးမက်ဇ်က ယုံကြည်နေပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုးမက်ဇ်က လတ်တလောမှာ Vogue မဂ္ဂဇင်းနဲ့ ပြုလုပ်တဲ့ အင်တာဗျူးမှာ သူ့ရဲ့ ခံစားချက်တွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားထားတာပါ။ ပေါ့ပ်ကြယ်ပွင့်က လူတွေအနေနဲ့ သူ့ကို လိုလိုချင်ချင် အရေးတယူလုပ်တာတွေ မရှိတော့တဲ့အချိန်မှာ တေးသီချင်းသစ်တွေကို ဆက်လက်မဖန်တီးလိုတော့ကြောင်းနဲ့ အဲဒီလို ဆက်လုပ်ဖို့ရာ အကြောင်းပြချက်လည်း စဉ်းစားမရဖြစ်နေကြောင်းလည်း ဆိုပါတယ်။

ဒါ့အပြင် ဆယ်လီနာဂိုးမက်ဇ်က "Lose You to Love Me တေးသီချင်းဟာ ကျွန်မထုတ်လွှင့်ခဲ့ပြီးတဲ့ တေးသီချင်းတွေအနက် အကောင်းဆုံးလို့ ခံစားရပါတယ်။ ဒါပေမယ့် အဆိုပါတေးသီချင်းဟာလည်း လူတွေအတွက် လုံလောက်အောင်မကောင်းခဲ့ပါဘူး။ ကျွန်မရဲ့ တေးသီချင်းတွေကို ကြိုက်နှစ်သက်ခဲ့ကြတဲ့ ပရိသတ်တွေလည်း ရှိပါတယ်။ သူတို့ကိုတော့ ကျေးဇူးတင်ပါတယ်။ သူတို့အတွက် ကျွန်မတေးသီချင်းသစ်တွေ ထပ်မံလုပ်ဖြစ်နေတာပါ။ ဒါပေမယ့် နောက်တစ်ကြိမ်မှာ တေးအယ်လ်ဘမ်ထုတ်လွှင့်မယ်ဆိုရင်တော့ နည်းနည်းကွဲပြားမှု ရှိနိုင်ပါတယ်။ ကျွန်မ နောက်ဆုံးအနေနဲ့ ကြိုးစားကြည့်ချင်ပါတယ်။ ကျွန်မ တေးဂီတလုပ်ငန်းတွေကနေ အနားမယူမီပေ့ါ" လို့လည်း ပြောကြားခဲ့ပါတယ်။

ဆယ်လီနာဂိုးမက်ဇ်က တေးဂီတလုပ်ငန်းတွေကနေ အနားယူမယ်ဆိုရင်တော့ သူ့အနေနဲ့ ရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်းတွေဘက်မှာ ပိုမိုအချိန်ပေးဖြစ်မှာဖြစ်ပြီး သူ့အနေနဲ့ ကင်မရာရှေ့မှာရော ကင်မရာနောက်ကွယ်မှာပါ အနုပညာလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့်**
**ရေးသားသည်**

# ယန်ဟို ကိုဗစ်–၁၉ စည်းမျဉ်းများ ဖောက်ဖျက်မှုအတွက် စုံစမ်းခံနေရ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ TVXQ ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယန်ဟိုဟာ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ချမှတ်ထားတဲ့ စည်းမျဉ်းအချို့ကို ဖောက်ဖျက်ခဲ့တယ်လို့ စွပ်စွဲခံခဲ့ရပြီး လတ်တလောမှာ စုံစမ်းစစ်ဆေးခံခဲ့ရပါတယ်။ ဒီအဖြစ်အပျက်အပေါ် တောင်းပန်ကြောင်းလည်း ပေါ့ပ်ကြယ်ပွင့်က ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၀၀ ပြည့်နှစ်ကာလတွေအတွင်း ဒေသတွင်း တေးဂီတဇယားတွေကို လွှမ်းမိုးနိုင်ခဲ့တဲ့ TVXQ ရဲ့ အဖွဲ့ဝင် ယန်ဟိုဟာ လတ်တလောမှာ ညသန်းခေါင်ရောက်သည်အထိ အပြင်ထွက်ခဲ့ကြောင်း စွပ်စွဲခံရကာ စစ်ဆေးခံနေရပါတယ်။ ယန်ဟိုဟာ ဖေဖော်ဝါရီ လကုန်ပိုင်းက ဂန်းနမ်းက စားသောက်ဆိုင်တစ်ခုမှာ ည ၁၂ နာရီကျော်သည်အထိ သူငယ်ချင်းတွေနဲ့အတူရှိခဲ့တာပါ။ ဒါဟာ တောင်ကိုရီးယားမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် စားသောက်ဆိုင်တွေကို ည ၁၀ အထိသာ ဖွင့်ခွင့်ပြုထားတဲ့ စည်းမျဉ်းကို ဖောက်ဖျက်ရာလည်း ကျပါတယ်။

ယန်ဟိုအနေနဲ့ စည်းကမ်းဖောက်ဖျက်မှုအတွက် စုံစမ်းစစ်ဆေးခံနေရကြောင်း သတင်းတွေ မတ် ၉ ရက်မှာ စတင်ပေါ်ထွက်ခဲ့တာပါ။ ဒီလိုသတင်းတွေထွက်လာခဲ့ပြီးနောက်မှာတော့ ယန်ဟိုက သူ့အနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို တောင်းပန်ကြောင်း သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ယန်ဟိုက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ခက်ခဲနေတဲ့ ဒီလိုအချိန်မှာ သူ့ရဲ့အပြုအမူအတွက် တောင်းပန်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်မှုတွေကို ရှေ့တန်းက လုပ်ဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက်လည်း စိတ်မကောင်းဖြစ်ရကြောင်း၊ သူ့ရဲ့အနုပညာ လှုပ်ရှားမှုအချိန်တွေကို ထိန်းညှိနိုင်ခြင်းမရှိတာကြောင့် ညဥ့်နက်ချိန်မှ သူငယ်ချင်းတွေနဲ့ တွေ့ဆုံဖို့ရာ အချိန်ရတာဖြစ်ပြီး အဲဒီအတွက် ကိုယ့်ကိုယ်ကိုလည်း ဒေါသဖြစ်မိကြောင်းနဲ့ သူ့ရဲ့မလျော်ကန်တဲ့ အပြုအမူအတွက် အခြားသူတွေကို ဒေါသဖြစ်စေခဲ့ပါက တောင်းပန်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

TVXQ ဟာ အဖွဲ့ရဲ့ အနုပညာသက်တမ်း ၁၀ နှစ်ကျော်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၁၀ သန်းကျော် ရောင်းချခဲ့ရကာ သူ့ရဲ့ခေတ်မှာ အောင်မြင်တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

# COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း-၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဖဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကုန်စည်နှင့်မော်တော်ယာဉ်များ သွားလာမှုအဆင်ပြေချောမွေ့စေရေး ကားကူးဇက်ရေယာဉ်နှစ်စင်းဖြင့် ပြေးဆွဲပို့ဆောင်



**ရန်ကုန် မတ် ၁၀**

ရန်ကုန် ဝါးတန်းနှင့် ဒလကားကူးဇက်(ယာဉ်ကူးတို့) ခရီးလမ်း၌ ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်များ ကူးသန်းသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ကားကူးဇက်ရေယာဉ်နှစ်စင်းဖြင့် အလှည့်ကျ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ပြန်လည်ပြေးဆွဲပေး**

"ပြီးခဲ့တဲ့ရက်တွေက တစ်ရက် ပျမ်းမျှအနေနဲ့ အသွား၊ အပြန် ရှစ်ခေါက် နဲ့ ၁၀ ခေါက်ပဲရတယ်။ ယာဉ်အစီးရေ ၁၈၀ ကျော်နဲ့ ၂၀၀ ကျော်ကြား ကူးသန်းသွားလာကြတယ်။ မတ် ၉ ရက်က ၁၂ ခေါက် ပြေးဆွဲပေးနိုင်ခဲ့ပြီး ကားအစီးရေ ၂၆၅ စီး ပို့ဆောင်နိုင်ခဲ့တယ်။ ရန်ကုန်ဝါးတန်းဘက်ကမ်းနဲ့ ဒလဘက်ကမ်းတွေမှာ မော်တော်ယာဉ်စုပြုံမှုတွေ မဖြစ်ပေါ်စေရေးနဲ့ ခရီးသည်တွေ အဆင်ပြေချောမွေ့စေဖို့အတွက် ကားကူးဇက်ရေယာဉ်နှစ်စင်းနဲ့ အတတ်နိုင်ဆုံး ပြေးဆွဲပေးသွားမှာပါ။ ပိတ်ရက်တွေဆိုရင်တော့ ခေါက်ရေလျော့သွားတယ်။ လတ်တလောအခြေအနေမှာ အသွား၊ အပြန် ၁၂ ခေါက် ပြန်လည်ပြေးဆွဲပေးလျက်ရှိပါတယ်။ နှင်းပိတ်တဲ့ရက်တွေဆို ရာသီဥတုအခြေအနေအရ အဆင်ပြေအောင် ပြေးဆွဲပို့ဆောင်ပေးသွားမှာပါ"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) လက်ထောက် အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

# တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှ လွှဲပြောင်းလာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၉၉ ဦးအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပို့ဆောင်



**ချင်းရွှေဟော် မတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှလွှဲပြောင်းလာသော မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၉၉ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ယနေ့မွန်းလွဲ ၃ နာရီက လားရှိုးမြို့သို့ ဆက်လက်လွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ ဖတ်စရာ


အချင်းချင်းမညီညွတ်တဲ့အခါ...

ဆောင်းပါး စာမျက်နှာ » ၆

အပြုံးမပျက် ရုံးပြန်တက်ပါ သူငယ်ချင်းရယ်

ဆောင်းပါး စာမျက်နှာ » ၁၀

လက်မှတ်ဆိုင်ရာ နိုင်ငံတကာသုတေသနစခန်း ရုရှားနှင့်တရုတ် နှစ်နိုင်ငံ ပူးပေါင်းတည်ထောင်မည်

စာမျက်နှာ » ၁၂

ဂရိနိုင်ငံက ကာကွယ်ဆေးထိုးနှံပြီးသူ ခရီးသွားများအား မေလအတွင်း ပြည်ဝင်ခွင့်ပြုမည်

စာမျက်နှာ » ၁၃


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂/ ၂၀၂၁)ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂/၂၀၂၁)ကို မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ MITV တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ဆီဗီလာအသင်းကို အနိုင်ရပြီး ဒေါ့မွန်အသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ် တက်လှမ်း

ဒေါ့မွန်အသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ် ၁၀ ရက် နံနက်ပိုင်းက ဆီဗီလာအသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပထမအကျော့ပွဲစဉ်မှာ ဒေါ့မွန်အသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ✳

